# ကြေးမုံ

The Mirror Daily

၁၉၅၇ ခု မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 17 November 2020 ၁၀၁၉၉


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ကျွန်မတို့ ပြည်သူလူထုအားလုံး ကျန်းမာဖို့ အတွက် ထပ်ပြီးတော့ ဆော်သြရမှာဖြစ်ပါတယ်။ ဒါက ကိုဗစ်-၁၉ ကော်မတီရဲ့ တာဝန်ဖြစ်ပါတယ်။ နောက်ပြီး ကျွန်မတို့ နိုင်ငံတော် အစိုးရအနေနဲ့လည်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့၊ ပြည်သူတွေ ကျန်းမာရေးအရရော၊ စီးပွားရေးအရရော လုံခြုံဖို့ အတတ်နိုင်ဆုံးလုပ်ဖို့ တာဝန်ရှိပါတယ်။ အခုအချိန်မှာဆိုရင် အားလုံးသိတဲ့ အတိုင်းပဲ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ရင် တက်လိုက်ကျလိုက်နဲ့ ပျမ်းမျှတစ်နေ့ကို တစ်ထောင်လောက်ကတော့ တန့်နေတဲ့ သဘောရှိပါတယ်။ အဲဒီကနေ အောက်ကျလာအောင် ကျွန်မတို့ ကြိုးစားရမယ်။ ဒီအချိန်မှာ ကျွန်မတို့အနေနဲ့ သတိထားရမှာကတော့ ရွေးကောက်ပွဲနောက်ပိုင်းကာလမှာ လူစုလူဝေးတွေဖြစ်ခဲ့တယ်ဆိုတာ ပြည်သူတွေ အသိဆုံးပါပဲ။ အဲဒီတော့ ဒီလိုလူစုလူဝေး ဖြစ်တယ်ဆိုရင် ဒီရောဂါပြန့်ပွားနှုန်းဟာ အလားအလာများပါတယ်။ အခုအချိန်မှာဆိုရင် ကျွန်မတို့လေ့လာလိုက်တဲ့အခါ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာလည်း ရောဂါပြန့်ပွားမှုတွေရှိလာပါတယ်။ အားလုံးသိပြီးသားပါ။ ရန်ကုန်ကတော့ အများဆုံးပေါ့။ ဒါ့အပြင် ဒီတိုင်းဒေသကြီး(၃)ခုမှာလည်း ရောဂါပြန့်ပွားမှုဟာ နည်းနည်းတက်လာတဲ့ သဘောရှိပါတယ်။ အဲဒါကြောင့် သတိထားစေချင်ပါတယ်။ သတိဆိုတာတော့ လွန်ကဲတယ်လို့မရှိဘူးဆိုတာလည်း ထပ်ပြီးတော့ ပြောချင်ပါတယ်။

ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ရာသီဥတု အေးလာပြီဆိုတဲ့အတွက် ပိုပြီးတော့ သတိထားဖို့လိုပါတယ်။ ပညာရှင်တွေရဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**ပြည်သူ တွေဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မယ်။ ကိုယ့်ကို မကူးအောင် လုပ်မယ်။ ကိုယ်ကနေ တခြားလူတွေကို မကူးအောင် လုပ်မယ်ဆိုရင် နိုင်ငံတော်ရဲ့ ဝန်က တစ်ဝက်မက ပေါ့သွားမှာပါ။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဒါတွေကတော့ နိုင်ငံတော် အစိုးရရဲ့တာဝန်ဖြစ်တဲ့ အလျောက် ကျွန်မတို့ အနေနဲ့ အတတ်နိုင်ဆုံး လုပ်သွားပါမယ်။**

ကြေးမုံ ယနေ့ ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၅

ရန်ကုန်တက္ကသိုလ်ကစခဲ့သော သစ်တောပညာရပ်ဖွံ့ဖြိုးမှုအဆင့်ဆင့်

စာမျက်နှာ » ၈


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အနာဂတ်စီးပွားရေး ဦးမော့အောင်ကြိုးပမ်း

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသည့် (၄) ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု RCEP သဘောတူစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ရာ ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ပါဝင်လုပ်ကိုင်ခွင့်ရလာတော့မည် ဖြစ်သည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) ဆိုသည်မှာ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ သြစတြေးလျနှင့် နယူးဇီလန် ဆွေးနွေးဖက် ငါးနိုင်ငံတို့ ပါဝင်စေ့စပ်ညှိနှိုင်းခဲ့သည့် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများအကြား ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသောကြောင့် မြန်မာ့စီးပွားရေးသည် နိုင်ငံတကာဈေးကွက်တွင် ပိုမိုဝင်ဆံ့လာနိုင်တော့မည် ဖြစ်သည်။

RCEP တွင် လက်ရှိပါဝင်သည့် နိုင်ငံ ၁၅ နိုင်ငံသည် လူဦးရေအားဖြင့် ၂ ဒသမ ၂ ဘီလီယံရှိသဖြင့် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိပြီး ကုန်ထုတ်လုပ်မှု တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂ ထရီလီယံရှိသဖြင့် ကမ္ဘာ့ ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့် ရှိသည်။ ထို့အပြင် အဖွဲ့ဝင် နိုင်ငံများ၏ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ စုစုပေါင်း ၂၈ ရာခိုင်နှုန်းပါဝင်နေသဖြင့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေး စာချုပ် တစ်ခုအဖြစ် တင်စားခေါ်ဆိုထိုက်ပေသည်။

RCEP သဘောတူညီချက်ကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ညှိနှိုင်းခဲ့ရာ အချိန် ရှစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီး အမေရိကန်အစိုးရက နိုင်ငံပေါင်း ၁၂ နိုင်ငံ ပါဝင်သည့် ပစိဖိတ်ရပ်ဝန်း နိုင်ငံများအကြား ကုန်သွယ်ရေးသဘောတူညီချက် အဖွဲ့ဝင်အဖြစ်မှ ၂၀၁၇ ခုနှစ်တွင် နုတ်ထွက်သွားပြီးနောက် အာရှ–ပစိဖိတ် နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်မည့် အကျိုးဆက်ဖြစ်သည်။ RCEP သဘောတူညီချက် တွင် အာဆီယံအဖွဲ့ဝင် ကမ္ဘောဒီးယား၊ လာအိုနှင့်အတူ မြန်မာနိုင်ငံအား အခြားစာချုပ်ဝင်နိုင်ငံများထက် အခွန်ကင်းလွတ်ခွင့်ကဲ့သို့ အထူးအခွင့်အရေး များ ပိုမိုထည့်သွင်းပေးထားသည်။

မြန်မာနိုင်ငံအတွက် ထူးခြားသောအခွင့်အလမ်းများကို စာချုပ်တွင် ဖန်တီးပေးထားသည်။ အနာဂတ်တွင် ပြောင်းလဲတိုးတက်လာမည့် အခြေ အနေများကိုမျှော်မှန်း၍ သဘောတူစာချုပ်တွင် ထည့်သွင်းထားသည့် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးအခန်း၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အခန်းနှင့် ယှဉ်ပြိုင်မှုအခန်းတို့တွင်ပါဝင်သော ကတိကဝတ်များကို အကောင် အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွက် အသွင်ကူးပြောင်းရေးကာလကို ကဏ္ဍအလိုက် အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်အထိလည်းကောင်း၊ ဝန်ဆောင်မှု ကုန်သွယ်ရေးအခန်းတွင် အသွင်ကူးပြောင်းရေးကာလကို ၁၅ နှစ်အထိလည်းကောင်း အချိန်ယူညှိနှိုင်းပေးထားသည်။

ယနေ့အချိန်အခါတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ တစ်ဝန်း စီးပွားရေးဖွံ့ဖြိုးမှု သိသိသာသာကျဆင်းနေပြီး တစ်ဖက်တွင် အင်အားကြီးနိုင်ငံကြီးများအကြား ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများ ကျင့်သုံးမှုကြောင့် ကုန်သွယ်ရေးတင်းမာမှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် ကမ္ဘာ့ကုန်သွယ်မှုစနစ်အတွက် စိန်ခေါ်မှုများရှိနေချိန် ဖြစ်သည်။ ယင်းသို့သောကာလတွင် RCEP သဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ် ရေးထိုးချုပ်ဆိုနိုင်ခြင်းသည် နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ပြန်လည်အသက်ဝင် စေပြီး ဒေသတစ်ခုလုံးအတွက်သာမက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်နိုင်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း RCEP အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် အနာဂတ်တွင် ကုန်သွယ်စီးပွားကဏ္ဍ၌ နိုင်ငံတကာတွင် ထိုးဖောက်ဝင်ရောက် အောင် ဆောင်ရွက်နိုင်မည့်အခွင့်အရေးများလည်း ရရှိထားပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံဖြစ်ပြီး ရေးဆွဲထားသော စီးပွားရေးမဟာဗျူဟာများသည် နည်းပညာ မြင့်မားသောကြောင့် နည်းပညာကဏ္ဍတွင် နိုင်ငံတကာကုန်သွယ် စီးပွားရေး ကဏ္ဍများအားလိုက်မီအောင် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးသောနိုင်ငံများ ကုန်သွယ်စီးပွားဆက်ဆံမှု အတွက် ပြင်ဆင်ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ဘက်စုံစီးပွားရေးဆောင်ရွက်မှု RCEP စာချုပ်တွင်ပါဝင်သည့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်အတူယှဉ်တွဲ၍ ကိုဗစ် အလွန်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာ့ပို့ကုန်ဈေးကွက်၊ ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုကဏ္ဍတို့အတွက် ပိုမိုကျယ်ပြန့်သည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌွေးဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# (၁၇)ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် (၁၇)ကြိမ်မြောက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

(၁၇)ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲ (The 17th China–ASEAN Expo) နှင့် (၁၇) ကြိမ်မြောက် တရုတ်–အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (The 17th China–ASEAN Business and Investment Summit) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ Online ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ Online CAEXPO ၌ B2B အစီအစဉ်များတွင် one–on–one match meeting ပွဲနှင့် Business Matching များ၊ Online Business Talks များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကုန်စည်ပြပွဲတွင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် မြန်မာလုပ်ငန်းရှင်ကုမ္ပဏီများ သွားရောက်မပြသနိုင်သော်လည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ရောက်ရှိနေသော မြန်မာလုပ်ငန်း ရှင်ကုမ္ပဏီခွဲ ၁၆ ခုက မြန်မာ့ထွက်ကုန်နမူနာ ပစ္စည်းများကို မြန်မာသံရုံး (ပေကျင်း)နှင့် ကောင်စစ် ဝန်ချုပ်ရုံး (နန်နင်း)တို့၏ ပူးပေါင်းမှုဖြင့် ပြခန်း ၂၈ ခန်း ပါဝင်ပြသရန် စီစဉ်ထားသည်။

နန်နင်းကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် တရုတ်–အာဆီယံကုန်စည်ပြပွဲ၌ ၈၁ စတုရန်းမီတာ အကျယ်အဝန်းရှိ မြန်မာပြခန်းဆောင်၌ မြန်မာ နိုင်ငံအရပ်ရပ်ရှိ ထင်ရှားသောမြို့များ၏ မြန်မာ့ ရှုခင်း၊ မြန်မာ့ရိုးရာပွဲတော်များ၊ စီးပွားရေး ကဏ္ဍများအား ဓာတ်ပုံများဖြင့် ပြသရန် စီစဉ် ထားရာ မြန်မာလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို မိတ်ဆက်ပြသလိုပါက မြန်မာ လုပ်ငန်းရှင်များ၏ တရားဝင်တည်ထောင်ထားသော လုပ်ငန်းများ၏ လုပ်ငန်း/ ကုန်စည်/ ဝန်ဆောင်မှု/ ခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ဗီဒီယိုဖိုင် (ကြာမြင့်ချိန် ၅ မိနစ်မှ ၁၀ မိနစ်ခန့်၊ ဖိုင်အမျိုးအစား– mp4၊ နောက်ခံစကားပြောအဖြစ် အင်္ဂလိပ် (သို့မဟုတ်) တရုတ်စကားပြော ဖြစ်ရမည်။ မြန်မာစကားပြောနောက်ခံဖြစ်ပါက အင်္ဂလိပ် ဘာသာ (သို့မဟုတ်) တရုတ်ဘာသာဖြင့် sub–title ရေးထိုးရမည် ) ပြုစု၍ ပြသနိုင်သည်။ သို့ပါ၍ နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူး၊ economicattachenanning@outlook.com နှင့် economicattachenanning@gmail.com တို့သို့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်ထက်နောက် မကျစေဘဲ ပေးပို့ပြသနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

## ဘုတလင်မြို့နယ် စိန်ပဒေသာ စက်မှုလက်မှုသမဝါယမအသင်းက ပလတ်စတစ်ခြင်းလုပ်ငန်း ဆောင်ရွက်

**ဘုတလင် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာ စိန်ပဒေသာစက်မှုလက်မှု သမဝါယမအသင်းမှ အသင်းသားများ အနေဖြင့် မိမိ၏မူလစီးပွားရေးလုပ်ငန်းများအပြင် အိမ်တွင်းမှုလုပ်ငန်းအဖြစ် One Village One Product ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မည်ဖြစ်သည့် ပလတ်စတစ်ခြင်းရက်လုပ်ခြင်းလုပ်ငန်းမှ ပလတ်စတစ်ခြင်းများ ထုတ်လုပ်လျက်ရှိသည်။ ထိုလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြင့် တစ်လလျှင်ငွေကျပ် ၉၀၀၀၀ ခန့် အပိုဝင်ငွေရရှိပြီး ပစ္စည်းများအရည်အသွေး ကောင်းမွန်သည့်အတွက် သုံးစွဲသူများ ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆–၁၁–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁၁၈ | ၁,၁၂၇,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၁၃,၈၁၄ | ၅၀,၄၃၆,၈၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၆ | ၄၉,၂၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၂၆ | ၇၀,၂၅၀ |
| EFR | ၄,၂၀၀ | ၄,၂၀၀ | ၆၉၆ | ၂,၉၂၂,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၆

ရန်ကုန်(ရွှေဈေး) ၁၃၁၀၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၇၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၅ ကျပ် | ၅၅၀/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၅/၆၃၀ ကျပ် | ၆၇၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၁၅ ကျပ် | ၅၄၅/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅/၄၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၀/၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၅/၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | မြန်မာငွေကျပ် |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၉၇.၂ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၅၃၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၇.၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၄၂.၉၉၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၅.၁၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇.၄၁၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = ၉၄၇.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = ၉၆၄.၉၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = ၁၂၄၂.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၇.၂၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | – ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | – ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **အကြီးတန်း** | – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယားထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ –

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား ထံမှ ပေးပို့သည့် သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထွေထွေရွေးကောက်ပွဲအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ အောင်မြင်မှုရရှိခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊

မြန်မာနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့သည် နှစ်နိုင်ငံနှင့် ဒေသတွင်းအဖွဲ့အစည်းများ၌ ရင်းနှီးနွေးထွေးသော ဆက်ဆံရေးရှိပါကြောင်း၊ အဆွေတော်၏ အစိုးရသက်တမ်းသစ်ကာလအတွင်း အောင်မြင်မှု ရရှိစေရန်နှင့် အထူးတန်ဖိုးထားသည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရန် အထူးသဖြင့် လာမည့်နှစ်အတွင်း အာဆီယံဥက္ကဋ္ဌအဖြစ် ဘရူနိုင်းဒါရူဆလမ်နိုင်ငံက တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း၊

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

---

☆ ရှေ့ဖုံးမှ

သုံးသပ်ချက်အရ၊ အတွေ့အကြုံအရဆိုရင်လည်း ကိုဗစ်ရောဂါပိုးဟာ အေးတဲ့ရာသီမှာ နည်းနည်းပိုပြီးတော့ ပွားများရှင်သန်တဲ့ သဘောရှိပါတယ်။ ဒါကြောင့် ဆောင်းတွင်းရောက်လာတာနဲ့အမျှ ပိုပြီးတော့ သတိထားဖို့လိုပါတယ်။ ကံကောင်းထောက်မစွာ ကျွန်မတို့နိုင်ငံက ဆောင်းတွင်းဆိုတာ တချို့နေရာတွေမှာသိပ်ပြီးအေးတာ မဟုတ်ပါဘူး။ သို့သော်လည်း အေးတဲ့နေရာတွေလည်း ရှိပါတယ်။ အေးတဲ့နေရာတွေမှာတော့ အထူးသတိထားဖို့ လိုပါတယ်။ အဲဒီတော့ ပြည်သူလူထုအနေနဲ့ ကျန်းမာရေး အတွက်ရော၊ အေးတဲ့အချိန်မှာရော နွေးဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျန်းမာရေး အတွက် ကိုယ်လက်လှုပ်ရှားမှုအစီအစဉ်တွေ ရုပ်မြင်သံကြားကနေ ထုတ်လွှင့်နေတာကို ပြည်သူတွေအနေနဲ့ စိတ်ဝင်စားစေချင်ပါတယ်။ စိတ်ဝင်စားပြီး ကျန်းမာရေး အစီအစဉ်တွေကို လိုက်ပြီးလုပ်မယ်ဆိုရင် ကိုယ့်အတွက် စိတ်လည်းသက်သာတယ်။ ကျန်းလည်း ကျန်းမာတယ်။ ကိုယ်လက်လှုပ်ရှားမှုဆိုတာလည်း စိတ်ကိုသက်သာစေပါတယ်။ ဒါဟာ သိပ္ပံနည်းကျကျ ပညာရှင်တွေက တွေ့ရှိပြီး ဖြစ်ပါတယ်။

### ပြုပြင်ပြောင်းလဲဖို့လုပ်နေ

နောက်တစ်ခုက မကြာခင်ကာလမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် အွန်လိုင်းကနေပြီး ကျန်းမာရေးကောင်းဖို့အတွက် ရည်ရွယ်ထားတဲ့ အကပြိုင်ပွဲတွေလည်း လုပ်ဖို့စီစဉ်နေပါတယ်။ ပြည်သူတွေအနေနဲ့ အကတော်ရင် ဆုလည်းရနိုင်တယ်။ ဒါလုပ်ခြင်းအားဖြင့် စိတ်သက်သာမှုလည်းရနိုင်တယ်။ ကျန်းမာရေးလည်း ပိုပြီးတိုးတက်နိုင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ကျွန်မအကြိမ်ကြိမ် အခါခါ ပြောပါတယ်။ အခြေခံကျန်းမာရေးကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဒီရောဂါရရင်တောင်မှ သိပ်ပြီးပြင်းပြင်းထန်ထန်မခံစားရပါဘူး။ ဒါကြောင့် အခြေခံကျန်းမာရေး ကောင်းဖို့ အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံမှာသာမက တခြားနိုင်ငံတွေမှာလည်း အခုတွေ့လာရတာတော့ ဆီးချိုရောဂါသည်များဟာ ကိုဗစ်ရောဂါကို သိပ်ပြီးတော့ သတိထားရပါလိမ့်မယ်။ ဆီးချိုရောဂါအခံရှိတယ်ဆိုရင် ကိုဗစ်ရောဂါရတဲ့အခါ ပြင်းထန်တတ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိတဲ့ပြည်သူတွေ တော်တော်များပါတယ်။ ဒါကတော့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အားနည်းချက်တွေရှိခဲ့လို့ပါ။ ကျွန်မတို့ ဒါတွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီလိုအခြေခံကျန်းမာရေးကောင်းတယ်ဆိုတာ နေ့ချင်း၊ ညချင်း မဖြစ်သွားပါဘူး။ နှစ်ပေါင်းများစွာ။ ပြောရမယ်ဆိုရင် အမိဝမ်းတွင်းကတည်းက စတယ်လို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်မိခင်များကို ကလေးသန္ဓေတည်တာနဲ့စပြီးတော့ ဂရုစိုက်ရတယ်။ ကလေးလွတ်တဲ့အထိ အထူးဂရုစိုက်ပြီးတော့ ပံ့ပိုးတာတွေလုပ်နေတာ ဖြစ်ပါတယ်။

ကလေးတွေဟာ အမေ့ဝမ်းထဲမှာနေကတည်းက ကျန်းမာရေးကောင်းဖို့အတွက် ပြင်ပေးရတာပါ။ ဒါကြောင့် အခြေခံကျန်းမာရေးဆိုတာ နေ့ချင်း၊ ညချင်းမဖြစ်နိုင်ပါဘူး။ အစကတည်းက အခြေခံကျန်းမာရေးက ချို့တဲ့ခဲ့ပြီဆိုရင် ကိုဗစ်နဲ့ပတ်သက်လို့ အထူးပိုပြီးတော့ သတိထားဖို့လည်း ကြိုးစားရပါမယ်။ ဒါကိုတော့ ထပ်ပြီးတိုက်တွန်းပါရစေ။

နောက်တစ်ခုကတော့ စီးပွားရေးဘက်မှာဆိုရင် ကိုဗစ်ရောဂါကြောလာတာနဲ့အမျှ တစ်ကမ္ဘာလုံးမှာ စီးပွားရေးထိခိုက်မှုတွေဖြစ်တယ်။ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံတည်း မဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ တတ်နိုင်သမျှ ပြည်သူတွေရဲ့ စီးပွားရေးအခက်အခဲတွေကို ရင်ဆိုင်ဖို့အတွက် ကြိုးစားပြီးတော့ ဆောင်ရွက်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ အခြေခံလူတန်းစားတွေအတွက် ထောက်ပံ့ကြေးတွေပေးတာဟာ အခုဆိုရင် စတုတ္ထအကြိမ်ရှိပါပြီ။ ပထမ၊ ဒုတိယ၊ တတိယအကြိမ် အားလုံးချောချောမွေ့မွေ့ဖြစ်ခဲ့ပါတယ်။ အခု စတုတ္ထအကြိမ်မှာ တချို့နေရာတွေမှာ လူစုလူဝေး လုပ်ပြီးတော့ နည်းနည်းဆူပူတာတွေဖြစ်လာတယ်ဆိုတာလည်း ကျွန်မတို့တွေ့ရပါတယ်။ ဒါတွေဟာလည်း မလိုအပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်က ဘယ်သူ့ကိုမှချန်ခဲ့ဖို့မရှိပါဘူး။ ဘယ်သူ့ကိုမှလည်း ချန်ခဲ့မှာမဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် ကျန်ခဲ့တယ်ဆိုရင် တိုင်ကြားနိုင်တဲ့ဌာနကို စပြီးတော့ဖွင့်ပါပြီ။ အဲဒီတော့ တိုင်ကြားနိုင်ပါတယ်။ ကိုယ့်မိသားစု ကျန်ခဲ့တယ်ဆိုရင်၊ တစ်ယောက်တည်းသမားမလို့ ကိုယ့်ရပိုင်ခွင့်ကို မရဘူးဆိုရင် တိုင်လို့ရပါတယ်။ အဲဒီတော့ အေးအေးဆေးဆေးနဲ့တိုင်စာဌာနမှာတိုင်ကြပါ။ အခြေအနေဘယ်လိုဖြစ်တာလဲဆိုတာကို ပြောကြပါ။ ရည်ရွယ်ချက်နဲ့ ဘယ်သူ့ကိုမှ ကျွန်မတို့ထားခဲ့မှာမဟုတ်ပါဘူး။ အကယ်၍ ကျန်ခဲ့ရင်လည်း ပြန်ပြီးတော့ ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့အင်မတန်မှ တာဝန်သိတဲ့ ပြည်သူလူထုဟာ အားလုံးဝိုင်းပြီးတော့ ဒီကိစ္စကို ချောချောမွေ့မွေ့နဲ့ ဖြေရှင်းနိုင်ဖို့အတွက် ပံ့ပိုးကူညီစေချင်ပါတယ်။ စတုတ္ထအကြိမ်မြောက် ပံ့ပိုးမှုတွေကို မြန်မြန်ဆန်ဆန်နဲ့ အားလုံးပြည့်ပြည့်စုံစုံလုပ်သွားချင်ပါတယ်။

### ကြွေးဝန်ပိပြီး ပြဿနာတက်

နောက်တစ်ခုကတော့ အသေးစားငွေချေးကိစ္စတွေမှာ တချို့တွေက ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ ကျွန်မတို့သိခဲ့ရပါတယ်။ အဲဒါက ဘယ်လိုလဲဆိုတော့ အသေးစားချေးငွေ ချေးထားပြီးတော့ ပြန်ပေးရတာ၊ ပြန်ဆပ်ရတာပေါ့။ ပြန်ဆပ်ရတဲ့အခါကျတော့ အသေးစားငွေချေးတဲ့အဖွဲ့အစည်းတွေကလည်း သူတို့စည်းမျဉ်းစည်းကမ်းတွေရှိပါတယ်။ သူတို့စည်းမျဉ်းစည်းကမ်းတွေအရ အချိန်တန်ရင် ပြန်ပြီးတော့ တောင်းရပါတယ်။ တောင်းတဲ့အခါ ကိုဗစ်ကာလအတွင်းမှာ ပြန်ပြီးတော့မပေးနိုင်တဲ့ ပြည်သူတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ စိတ်ပူပန်ရတယ်။ ပေးစရာရှိလည်းမရှိဘူး။ ဒါတွေကို ကျွန်မတို့ ကြည့်လိုက်တဲ့အခါ ကျွန်မတို့နိုင်ငံရဲ့ ငွေရေးကြေးရေး အခြေအနေအရ၊ အရင်းအမြစ် အခြေအနေအရ တစ်တိုင်းပြည်လုံးကိုတော့ ဒီကိစ္စမှာကူညီလို့မရပေမယ့် ကိုဗစ်ရောဂါပြန့်ပွားမှုအများဆုံးဖြစ်ပြီး လူဦးရေလည်းများတဲ့ ပြည်နယ်တစ်ခုနဲ့ တိုင်းဒေသကြီးနှစ်ခုကို ရွေးပြီးပါပြီ။ အဲဒါကတော့ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ပါတယ်။ ရွေးပြီးတော့ အဲဒီက အသေးစားငွေချေးအဖွဲ့၊ အဖွဲ့အစည်းတွေကို ကျွန်မတို့အစိုးရအဖွဲ့နဲ့ ညှိပြီးတော့ ပြန်ဆပ်ရမယ့် ပြည်သူတွေအနေနဲ့ ကြွေးကျန်တွေကိုဆပ်ချိန် ဆိုင်းငံ့ပေးဖို့အစီအစဉ်တွေ စပြီးတော့ဆောင်ရွက်နေပါတယ်။ ကြုံတုန်းပြောချင်တာကတော့ တချို့ပြည်သူတွေက ဒီလိုအသေးစားငွေချေးအဖွဲ့အစည်းတွေရှိတဲ့အခါ တစ်နေရာတည်း မဟုတ်ဘူး။ နှစ်နေရာ၊ သုံးနေရာ၊ လေးနေရာလိုက်ပြီး ချေးတဲ့အခါ ကြွေးဝန်တွေပိပြီး ပြဿနာတက်ပါတယ်။

ဒါကြောင့် ကျွန်မကတော့ အဲဒီလိုမလုပ်ပါနဲ့လို့ မေတ္တာရပ်ခံချင်ပါတယ်။ အဲဒီလိုတစ်နေရာ၊ နှစ်နေရာ၊ သုံးနေရာ၊ လေးနေရာကနေ လိုက်ချေးတဲ့အတွက် ပြန်ဆပ်ရတဲ့အခါ မလွယ်ပါဘူး။ သို့သော်ငြားလည်း ဒီလို အသေးစားငွေချေးရခြင်းဟာ ကျွန်မတို့ရဲ့ အခြေခံလူတန်းစား၊ ကျွန်မတို့ပြည်သူလူထုတော်တော်များများအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်ဆိုတာတော့ သဘောပေါက်ပါတယ်။ ဒါကြောင့် ချေးငွေလိုအပ်တဲ့ပြည်သူတွေ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းလေးတွေကို ပံ့ပိုးဖို့အတွက်၊ ချေးငွေလိုအပ်တဲ့ပြည်သူများရနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ကျွန်မတို့စပြီးဆွေးနွေးနေပါတယ်။ မကြာမီ နှစ်ပတ်၊ သုံးပတ်လောက်အတွင်းမှာ ဘယ်လိုအစီအစဉ်တွေရှိတယ်ဆိုတာ ပြည်သူတွေကို တင်ပြနိုင်မယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့လည်း ကျွန်မတို့တတ်နိုင်သမျှ လုပ်နေပါတယ်။ ပြည်သူတွေကလည်း ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့လည်း ယုံကြည်ပါတယ်။

### ကိုယ့်ကျန်းမာရေးကိုပဲ သတိပြုဂရုစိုက်စေချင်

ရေရှည်စီးပွားရေးလုပ်ငန်းတွေအတွက်လည်း ကျွန်မတို့ စီစဉ်ထားပြီးတာကတော့ အမှန်ပြောရရင် ၂ လပိုင်းကတည်းက ကိုဗစ်ရောဂါကိုစပြီး ရင်ဆိုင်ရတော့မယ်ဆိုပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကပ်ရောဂါကြီးလို့ မကြေညာခင်ကတည်းက စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့အနေနဲ့ ပြည်သူတွေကို မထိခိုက်အောင် ဘယ်လိုစီစဉ်ရမလဲဆိုတာ စပြီးတော့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလို ကျွန်မတို့ အကောင်အထည်ဖော်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ စိုးရိမ်မလွန်ပါနဲ့၊ သတိကတော့ရှိပါ။ ပြည်သူတွေအနေနဲ့ ကိုယ့်ကျန်းမာရေးကိုပဲ သတိပြုပြီးတော့ ဂရုစိုက်စေချင်ပါတယ်။ ပြည်သူတွေဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မယ်။ ကိုယ့်ကိုမကူးအောင်လုပ်မယ်။ ကိုယ်ကနေ တခြားလူတွေကို မကူးအောင်လုပ်မယ်ဆိုရင် နိုင်ငံတော်ရဲ့ဝန်က တစ်ဝက်မကပေါ့သွားမှာပါ။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဒါတွေကတော့ နိုင်ငံတော်အစိုးရရဲ့တာဝန်ဖြစ်တဲ့အလျောက် ကျွန်မတို့အနေနဲ့ အတတ်နိုင်ဆုံးလုပ်သွားပါမယ်။ ဘာတွေလုပ်မယ်၊ ဘယ်လိုအစီအစဉ်တွေရှိတယ်ဆိုတာကိုလည်း ပြည်သူတွေနားလည်အောင်၊ ရှင်းရှင်းလင်းလင်းသိရအောင် ကျွန်မတို့ တစ်ပတ်နှစ်ခါပြောနေတဲ့ Video မိန့်ခွန်းတွေထဲမှာ ထည့်ပြောသွားပါမယ်။ ရုပ်မြင်သံကြားကပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာရဲ့ အွန်လိုင်းကပဲဖြစ်ဖြစ်၊ သတင်းစာတွေထဲကဖြစ်ဖြစ်၊ နိုင်ငံပိုင်သတင်းစာထဲကဖြစ်ဖြစ် ပြည်သူတွေကို အမြန်ဆုံး အသိပေးမှာဖြစ်ပါတယ်။ ကျွန်မထပ်ပြီးပြောပါရစေ။ အခုချိန်မှာ လူစုလူဝေးတွေ နည်းနည်းဖြစ်ခဲ့တာကြောင့် ကိုဗစ်ရောဂါပြန့်ပွားနှုန်းလည်း နောက်တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ အနည်းငယ်တက်လာနိုင်တယ်ဆိုတာ အခုကတည်းကစပြီး သတိပြုရမှာဖြစ်ပါတယ်။ ဆက်ပြီးမဖြစ်ရအောင် လူစုလူဝေးတွေကို ရှောင်ပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ဒီရက်ပိုင်းအတွင်း ကြေညာချက် ထပ်ထုတ်ပြီးပါပြီ။ ဝန်ကြီးဌာနရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာရင် တည်ဆဲဥပဒေတွေအရ အရေးယူရပါလိမ့်မယ်။ ပြည်သူတွေကို အရေးယူချင်လို့တော့မဟုတ်ဘူး။ ဒဏ်ပေးချင်လို့လည်း မဟုတ်ဘူး။ ဒီရောဂါဘေးမှ ကာကွယ်ချင်လို့ပဲဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေက လုပ်ရဲကိုင်ရဲလည်းရှိပါတယ်။ တာဝန်လည်း သိတတ်ပါတယ်။ ထက်မြက်မှုလည်း ရှိပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ကျန်းမာရေးကောင်းဖို့အတွက်၊ ကိုယ့်လုံခြုံမှုအတွက်၊ ကိုယ့်နိုင်ငံလုံခြုံမှုအတွက် အားလုံးဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ပြည်သူတွေက အဓိကဆိုတာတော့ မမေ့ပါနဲ့။

အားလုံးကျန်းမာချမ်းသာအောင် နေနိုင်ကြပါစေ။ ကျေးဇူးတင်ပါတယ်။ ။

**အခုချိန်မှာ လူစုလူဝေးတွေ နည်းနည်းဖြစ်ခဲ့တာကြောင့် ကိုဗစ်ရောဂါပြန့်ပွားနှုန်းလည်း နောက်တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ အနည်းငယ်တက်လာနိုင်တယ်ဆိုတာ အခုကတည်းကစပြီး သတိပြုရမှာဖြစ်ပါတယ်။ ဆက်ပြီးမဖြစ်ရအောင် လူစုလူဝေးတွေကိုရှောင်ပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ဒီရက်ပိုင်းအတွင်း ကြေညာချက်ထပ်ထုတ်ပြီးပါပြီ။ ဝန်ကြီးဌာနရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုမလိုက်နာရင် တည်ဆဲဥပဒေတွေအရ အရေးယူရပါလိမ့်မယ်။ ပြည်သူတွေကို အရေးယူချင်လို့တော့ မဟုတ်ဘူး။ ဒဏ်ပေးချင်လို့လည်း မဟုတ်ဘူး။ ဒီရောဂါဘေးမှ ကာကွယ်ချင်လို့ပဲဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေက လုပ်ရဲကိုင်ရဲလည်းရှိပါတယ်။ တာဝန်လည်းသိတတ်ပါတယ်။ ထက်မြက်မှုလည်း ရှိပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ကျန်းမာရေးကောင်းဖို့အတွက်၊ ကိုယ့်လုံခြုံမှုအတွက်၊ ကိုယ့်နိုင်ငံလုံခြုံမှုအတွက် အားလုံးဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ပြည်သူတွေက အဓိကဆိုတာတော့ မမေ့ပါနဲ့။**

# ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးဆောင်ရွက်မှု လက်ရှိအခြေအနေနှင့် ရှေ့မျှော်မှန်းတွက်ဆ ဆောင်ရွက်မည့်လုပ်ငန်းများဆွေးနွေးခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးဆောင်ရွက်မှု လက်ရှိအခြေအနေနှင့် ရှေ့မျှော်မှန်းတွက်ဆဆောင်ရွက်မည့် လုပ်ငန်းများ ဆွေးနွေးခြင်းအစည်းအဝေးသို့ တက်ရောက်သည်။



**ဘက်စုံမှ ဆန်းစစ်သုံးသပ်**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် စောစီးစွာ ကုသမှုပေးနိုင်ရေးနှင့် ရောဂါကွင်းဆက်ဖြတ်တောက်နိုင်ရန်အတွက် ကိုဗစ်-၁၉ လူနာများကို ဓာတ်ခွဲစစ်ဆေးဖော်ထုတ်ခြင်းနှင့် လူနာနှင့်ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းမှုလုပ်ဆောင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အရေးကြီးသည့် ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ ပုံမှန်ထိန်းသိမ်းမှုနှင့် ဓာတ်ခွဲပစ္စည်းများ ပြတ်တောက်ခြင်းမရှိစေရန်တို့ကို စနစ်တကျ လုပ်ဆောင်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့သည် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှု လက်ရှိအခြေအနေကို ဘက်စုံမှ ဆန်းစစ်သုံးသပ်ကာ လိုအပ်ချက်များနှင့် အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်အလိုက် ဓာတ်ခွဲနမူနာများအား သက်ဆိုင်ရာဓာတ်ခွဲခန်းများသို့ ပေးပို့နေမှုအခြေအနေ၊ ဓာတ်ခွဲပစ္စည်းများ ဖြန့်ဝေထားရှိမှု၊ သုံးစွဲမှု၊ လက်ကျန်စာရင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်မည့်အခြေအနေ၊ ဝယ်ယူထားရှိမှုနှင့် လှူဒါန်းလက်ခံရရှိမှု ပစ္စည်းများ စသည်တို့ကို စာရင်းပြုစုခြင်း၊ ဆန်းစစ်သုံးသပ်ခြင်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာများ ဓာတ်ခွဲခန်းသို့ ပို့ဆောင်ရာတွင် ခရီးအကွာအဝေးနှင့် ပို့ဆောင်ရသည့်ပုံစံအခြေအနေနှင့် အချိန်ကြာမြင့်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ မြို့နယ်များမှ ဓာတ်ခွဲနမူနာများပေးပို့ရာတွင် ကူးစက်မှုကွင်းဆက်ဖြတ်တောက်ရန် အရေးကြီးသည့် ဓာတ်ခွဲနမူနာကို အခြားဓာတ်ခွဲနမူနာများနှင့် ကွဲပြားစေရန် အမှတ်အသားပြုလုပ် ပေးပို့စေလိုပါကြောင်း၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းများ၊ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်နေသည့် ဓာတ်ခွဲဌာနများ၏ အရည်အသွေးကို ထိန်းသိမ်းရန်အတွက် အကဲဖြတ်ဆန်းစစ်မှုပုံစံ (checklist) များပေးပို့ကာ လိုအပ်ချက်နှင့် အားနည်းချက်များ ဖော်ထုတ်ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဓာတ်ခွဲစက်ပစ္စည်းကိရိယာများ ဝယ်ယူရာတွင် သက်ဆိုင်ရာ စက်နှင့်တွဲဖက်အသုံးပြုရမည့် ဓာတ်ခွဲပစ္စည်းများ၏ စရိတ်စက၊ ဓာတ်ခွဲစစ်ဆေးမှုကြာချိန်၊ အသုံးပြုရလွယ်ကူမှု၊ ဓာတ်ခွဲအဖြေ တိကျမှန်ကန်မှုနှင့် စက်ပစ္စည်းထိန်းသိမ်းပြင်ဆင်မှု လိုအပ်ချက်စသည့်အချက်များဖြင့် နှိုင်းယှဉ်ချိန်ဆကာ ဝယ်ယူရမည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများသည် ရေရှည်ဆက်လက် ဆောင်ရွက်နေရမည်ဖြစ်သဖြင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ကိစ္စရပ်များကိုလည်း စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များအား အတတ်နိုင်ဆုံး ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်က အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနများနှင့် ဓာတ်ခွဲဌာနများတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးနေမှု၊ ဓာတ်ခွဲစစ်ဆေးမှု အမျိုးမျိုးတို့၏ အားသာချက်နှင့် အားနည်းချက်များ၊ ဓာတ်ခွဲစက်ပစ္စည်းများ တပ်ဆင်အသုံးပြုရန် ကြာမြင့်ချိန်နှင့် လုပ်ငန်းအဆင့်များ၊ ဝယ်ယူထားရှိမှုနှင့် လှူဒါန်းရရှိသည့် ဓာတ်ခွဲစက်ပစ္စည်းများစာရင်းနှင့် ဓာတ်ခွဲပစ္စည်းလက်ကျန်စာရင်းများ၊ ရေရှည်အတွက် ထပ်မံလိုအပ်မည့် ဓာတ်ခွဲပစ္စည်းများ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဆေးသုတေသနဦးစီးဌာန ဓာတ်ခွဲစစ်ဆေးနေမှုအခြေအနေများ၊ ဝယ်ယူထားရှိမှုနှင့် လှူဒါန်းရရှိသည့် ဓာတ်ခွဲစက်ပစ္စည်းများစာရင်းနှင့် ဓာတ်ခွဲပစ္စည်းလက်ကျန်စာရင်းများ၊ ရေရှည်အတွက် ထပ်မံလိုအပ်မည့် ဓာတ်ခွဲပစ္စည်းများ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်) ဒေါက်တာထွန်းတင်က တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှု အခြေအနေများနှင့် ဓာတ်ခွဲနမူနာ ပေးပို့နေမှုအခြေအနေများအား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာထင်လင်းက ဓာတ်ခွဲစက်ပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ ဝယ်ယူထားရှိမှု၊ လှူဒါန်းလက်ခံရရှိမှုနှင့် ဖြန့်ဖြူးထားရှိမှုအခြေအနေများ၊ ထပ်မံမှာယူထားသည့် ပစ္စည်းများ ဦးစားပေး မျှော်မှန်းတွက်ဆဝယ်ယူမည့် ပစ္စည်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုးက ဓာတ်ခွဲစစ်ဆေးခြင်းဆိုင်ရာ အစီအစဉ်များ ပိုမိုကောင်းမွန်စေရေး အကြံပြုချက်များကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က – GeneXpert စက်များ အသုံးပြုကာ ကိုဗစ်-၁၉ စစ်ဆေးနေမှုအခြေအနေများ၊ စက်များနှင့် တွဲဖက်အသုံးပြုရသည့် ဓာတ်ခွဲပစ္စည်းများ ရရှိမှုနှင့် ထပ်မံလိုအပ်မည့် အခြေအနေများအား လည်းကောင်း၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ရန်ကုန်တိုင်းဒေသကြီးတွင် ဓာတ်ခွဲစစ်ဆေးမှုအမျိုးမျိုးဖြင့် စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း အသီးသီးတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးနှင့် ရေရှည်ဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များနှင့် မျှော်မှန်းတွက်ဆချက်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက်ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အရေးကြီးသည့် ဓာတ်ခွဲစစ်ဆေးမှုများကို မိမိတို့၏ အရေးကိစ္စသဖွယ် အလေးထား အားထုတ်ဆောင်ရွက်နေကြသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ရေရှည် ဆက်လက်ဆောင်ရွက်ရန်အတွက် မိမိတို့တွင်ရှိသော အရင်းအမြစ်များနှင့် ချိန်ထိုးတွက်ဆ ဆွေးနွေးချက်များသည် ကောင်းမွန်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်နိုင်သည်များကို အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်ကျော်ဇံ<br>ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးဆန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု<br>ဝန်ကြီးဌာန |
| (ဂ) | ဦးထွန်းဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၀) အထည်စက်ရုံ (တောင်သာ)မှ စက်ရုံမှူး ဦးအောင်နိုင်ဦးကို အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ယူနန်ပြည်နယ်အစိုးရက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ယွမ်သိန်း ၄၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ယွမ်သိန်း ၄၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအခြေစိုက် ယူနန်ပြည်နယ်စီးပွားရေး ကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယွမ်သိန်း ၄၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူပြီး ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်သည့် N-95Mask ၂၃၀၀၀၊ Surgical Mask ၂၃၀၀၀၊ Medical face Shield ၁၅၀၀၀၊ Medical Protective Clothing ၁၅၀၀၀၊ Anti-fog Eye Mask ၁၅၀၀၀၊ Disposable Medical Cap ၁၅၀၀၀၊ Plastic Shoe Cover ၁၅၀၀၀၊ Latex Glove ၁၅၀၀၀၊ Disposable Isolation Gown ၁၅၀၀၀၊ Non-Invasive Ventilator ငါးလုံး တို့ဖြစ်ပြီး အဆိုပါ အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းခရီးဖြင့် နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်တင်ယာဉ်ကြီးများဖြင့် သယ်ဆောင်လာခြင်းဖြစ်သည်။



အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရအနေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို နိုဝင်ဘာ ၁၄ ရက်နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၀ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ကြက်ပေါင်ခြံရပ်ကွက်နေ မခင်မော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၁-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်၊ ကြက်ပေါင်ခြံရပ်ကွက်နေ မခင်မော်ဦး(၃၆)နှစ်၊ (ဘ) ဦးကျော်မင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မြစ်ကြီးနား) မယ(ပ) ၁၇၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ကွက်သစ်ရပ်ကွက်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူ အမြောက်အမြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၁-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးကွက်သစ်ရပ်ကွက်လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ဖိုးထွန်း(၅၀)နှစ်၊ (ဘ)ဦးကာဆင်အား ဘိန်းဖြူများနှင့် ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ(ပ) ၁၇၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) /၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ တစ်ရပ်ကွက်တည်းနေ ဇော်ချန်(၅၂)နှစ်၊ (ဘ) ဦးဇော်လဲထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ(ပ)၁၇၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၂) မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၇) ဦး တို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၂-၁၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ် တံခွန်တိုင်သွား ကားလမ်းမပေါ်၌ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်နေ ကောင်းထက်လင်း(၂၁)နှစ်၊ (ဘ) ဦးရဲလင်းထူးမောင်းနှင်ပြီး ဒိုင်းဝန်ကွင်းရပ်ကွက်နေ အေးမင်းခိုင်(၃၁)နှစ်၊ (ဘ)ဦးအေးနိုင်တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာWY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၅၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ အဆိုပါလမ်းမပေါ်၌ မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်နေ ထက်မြတ်စိုး(၂၄)နှစ်၊ (ဘ) ဦးသက်မင်းထွန်းမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ စစ်ပိုင်မှူး(၁၆)နှစ်၊ (ဘ) ဦးအောင်နိုင်တို့ (၂)ဦး စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြား (၁၁)ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ)၅၄/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်း ရပ်ကွက်နေ ညီထွေး+မငယ်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၁-၂၀၂၀ ရက်နေ့တွင် စစ်တွေမြို့၊ ဆင်ကူးလမ်း ရပ်ကွက်တွင် ညီထွေး+မငယ်အမည်ဖြင့်နေထိုင်သူမရှိဘဲ လမ်းမတော်တောင်ရပ်ကွက်တွင် ညီထွေး(ခ)ဟော်ဆီ (၃၈)နှစ်၊ (ဘ)ဦးအောင်သိန်းနှင့် ဇနီးဖြစ်သူ မငယ်(ခ) မခင်အေး(၄၆)နှစ်၊ (ဘ)ဦးထွန်းအောင်ဖြူတို့ နေထိုင်ကြောင်း စိစစ်သိရှိရသဖြင့် ၎င်းတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ဆင်ကူးလမ်း ရပ်ကွက်နေ စောသန်း(၅၃)နှစ်၊ (ဘ)ဦးဖွားဇံ၊ ကျန်ချောင်ချန်း (၃၆) နှစ်၊ (ဘ)ဦးကျန်ကွမ်ချန်း၊ ကျောင်းကြီးလမ်းရပ်ကွက်နေ စန်းဝင်းအောင်(၃၈)နှစ်၊ (ဘ) ဦးရွှေထွန်းအောင်နှင့် ပေါက်တောမြို့နယ်၊ တန်းလွဲချောင်းကျေးရွာနေ မခိုင် (၂၀)နှစ်၊ (ဘ)ဦးသန်းမောင်တို့အား WY/R စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဆေးခြောက်များနှင့် အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၆)ဦးအား နမစ (စစ်တွေ) မယ(ပ) ၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်(၁)ရပ်ကွက်နေ ကရင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၁-၂၀၂၀ ရက်နေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ COMMET HOTEL တွင် ခေတ္တတည်းခိုနေသည့် သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်(၁)ရပ်ကွက်နေ ကရင်(ခ) သန်းလွင်ဦး(၄၂)နှစ်၊ (ဘ) ဦးစိန်ဝင်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မင်္ဂလာတောင်ညွန့်) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ ကရင်(ခ) မင်းခန့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၁-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီ ကျေးရွာနေ ကရင်(ခ)မင်းခန့်(၃၀)နှစ်၊ (ဘ) ဦးအောင်ဆန်းတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ)၄၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၄-၁၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၄၀၇) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၇၉၂)ဦး၊ မ(၃၆၀) ဦး၊ ပေါင်း(၂၁၅၂)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၈၂၉.၉၉၀၄)ဂရမ်၊ ICE (၁၄၈၉.၄၂)ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၀၁.၇၄) ဂရမ်၊ ဘိန်းစာရွက်(၅၄၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၈၅၄၇၁) ပြား၊ ဆေးခြောက် (၁၄၈၈၁.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈)လက်၊ ကျည်မျိုးစုံ(၆၆၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီက ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့လှူဒါန်း

**တောင်ကြီး နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများမှ ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ရောဂါ ကုသရေးလုပ်ငန်းများတွင် သွားရောက်ကူညီအားဖြည့်ကြမည့် ဆရာဝန်၊ သူနာပြု ကျန်းမာရေးဝန်ထမ်း ၄၆ ဦးနှင့် ကလောမြို့နယ်ရှိ နန့်ပန်တက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေကြသည့် စေတနာ့ဝန်ထမ်းများအတွက် ငွေကျပ် ၁၂၂ သိန်း ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၃ ရက်က ကော်မတီရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်က အလှူငွေ ပေးအပ်လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး ဆရာဝန်၊ သူနာပြု ၄၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၉၂ သိန်းကို ပြည်နယ်ကျန်းမာရေးမှူး ဒေါ်သူဇာချစ်တင်ထံသို့လည်းကောင်း၊ ကလောမြို့နယ် နန့်ပန်တက် စစ်ဆေးရေးဂိတ် စေတနာ့ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၃၀ ကို ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်နှင့် ကလောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စန်းယုထံသို့လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

**ထောက်ပံ့လှူဒါန်း**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သွားရောက်အားဖြည့်ကြသည့် ရှမ်းပြည်နယ်အတွင်းမှ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးအတွက် အလှူငွေကျပ် သိန်း ၁၅၀၊ စဝ်စံထွန်းဆေးရုံကြီး ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲရှာဖွေရေးဌာနမှ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးအတွက် ငွေကျပ်သိန်း ၅၀ စုစုပေါင်းအလှူငွေကျပ် သိန်း ၂၀၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံစေလွှတ်သည့် သူနာပြု ၂၀ အတွက် အလှူငွေကျပ် သိန်း ၄၀ ကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ဆက်လက်စေလွှတ်ခဲ့သည့် သူနာပြု ၄၀ အတွက် ငွေကျပ်သိန်း ၈၀ ကိုတတိယအကြိမ်အဖြစ်လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပြီး ယခုစတုတ္ထအကြိမ်အဖြစ် ဆရာဝန်၊ သူနာပြု ၄၆ ဦးအတွက် ငွေကျပ် ၉၂ သိန်းအပါအဝင်




ကလောမြို့နယ် နန့်ပန်တက် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် စေတနာ့ဝန်ထမ်းများအတွက် ဒုတိယအကြိမ် ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ် ၁၂၂ သိန်းကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကျော်**

# အခုလို ရွေးကောက်ပွဲ အောင်မြင်တာဟာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ နိုင်ငံသားကောင်းတစ်ဦးရဲ့ တာဝန်ကို ကျေပွန်စွာနဲ့ ဆန္ဒမဲပေးခဲ့ကြလို့ အောင်မြင်တာ ဖြစ်ပါတယ်

**ဦးလှသိန်း ( ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် )**

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အပြီးသတ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲရလဒ်များ မှန်မှန်ကန်ကန် စနစ်တကျထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်ပါတီများ၊ လာရောက်ဆန္ဒမဲပေးသည့် မဲဆန္ဒရှင် အရေအတွက်နှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ဘယ်လိုစီစဉ်ဆောင်ရွက်ခဲ့ပါသလဲ။**

**ဖြေ။** ။ ရွေးကောက်ပွဲကော်မရှင်မှာ တာဝန်ပေးမယ်လို့ အဆိုပြုစဉ်က ကျွန်တော့်မှာ ပြင်းပြတဲ့ ဆန္ဒတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါက ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျအောင် ကြိုးစား ဆောင်ရွက်မယ်ဆိုတဲ့ ဆန္ဒဖြစ်ပါတယ်။ နိုဝင်ဘာ ၈ ရက်က ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲမှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၁၁၇ ဦးရဲ့ ရလဒ်တွေကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီရလဒ်တွေဟာ ပြည်သူ့ဆန္ဒနဲ့ တစ်ထပ်တည်း ကျ၊ မကျ ဆိုတာကို မဲဆန္ဒရှင်ပြည်သူတွေကပဲ အဆုံးအဖြတ်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

ပြည်သူ့လွှတ်တော်မှာ ၃၁၅ ဦး၊ အမျိုးသားလွှတ်တော်မှာ ၁၆၁ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၁၂ ဦး၊ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ် ၂၉ ဦး ပေါင်း ၁၁၁၇ ဦးရဲ့ ရလဒ်တွေကို ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အခုလို ရွေးကောက်ပွဲ အောင်မြင်တာဟာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ နိုင်ငံသားကောင်းတစ်ဦးရဲ့ တာဝန်ကို ကျေပွန်စွာနဲ့ ဆန္ဒမဲပေးခဲ့ကြလို့ အောင်မြင်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီရွေးကောက်ပွဲရဲ့ အောင်ပွဲဟာ ပြည်သူတွေရဲ့အောင်ပွဲလို့ ကျွန်တော်ယူဆပါတယ်။ ပြည်သူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ပြည်သူသာအဓိကဆိုတဲ့ ဆောင်ပုဒ်က အထောက်အကူဖြစ်ပါတယ်။

**မေး။ ။ မဲပေးခွင့်ရှိတဲ့ မဲဆန္ဒရှင် အရေအတွက်ထက် လာရောက်မဲပေးခဲ့တဲ့ မဲဆန္ဒရှင် အရေအတွက်က ပိုများနေတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး သိလိုပါတယ်။**

**ဖြေ။** ။ ရွေးကောက်ပွဲရလဒ် ကြေညာနေစဉ်မှာပဲ သတင်းအမှားတစ်ခု တက်လာပါတယ်။ အဲဒီသတင်းအမှားကတော့ မဲဆန္ဒရှင်စာရင်းမှာ ၃၇ သန်းကျော်ပဲရှိတယ်။ မဲပေးလာတဲ့ အရေအတွက်က ၃၉ သန်းကျော်ဆိုပြီး တက်လာပါတယ်။ ဒါက သတင်းမှားပါ။ တကယ့်သတင်းအမှန်ကတော့ မဲဆန္ဒရှင်စာရင်း အရေအတွက်က ၃၈ သန်းပဲ ရှိပါတယ်။ မဲလာပေးတဲ့ မဲဆန္ဒရှင်က ၂၇ သန်းဖြစ်ပါတယ်။ ရာခိုင်နှုန်းအနေနဲ့ ပြောမယ်ဆိုရင် ၇၀ ရာခိုင်နှုန်းကျော်ပါတယ်။

**မေး။ ။ အမေရိကန်နိုင်ငံက ဒေါ်လာ ၄၆ သန်း အကူအညီပေးခဲ့မှုနှင့် စီမံခန့်ခွဲမှုအခြေအနေကို သိရှိလိုပါတယ်။**

**ဖြေ။** ။ ဒီဟာက အမေရိကန်သံရုံးရဲ့ ပြောဆိုမှုကို အဓိပ္ပာယ်ကောက်ယူမှု လွဲမှားတာပါ။ တကယ်တော့ အမေရိကန်သံရုံးက ပြောတာက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လုပ်ငန်းတွေအတွက် အမေရိကန်နိုင်ငံက ဒေါ်လာ ၄၆ သန်း အကူအညီပေးတယ်လို့ ပြောတာပါ။ ကျွန်တော်တို့ကို ဒေါ်လာ ၄၆ သန်းပေးတယ်လို့ ပြောတာမဟုတ်ပါဘူး။ သူတို့က ဒေါ်လာ ၄၆ သန်းပေးတယ်ဆိုတာက ကျွန်တော်တို့ကိုဝယ်ပေးတဲ့ စက်ပစ္စည်းဖိုးတွေ၊ သင်တန်းတွေအတွက် စရိတ်တွေကို ဒီအထဲက ကျခံတာကိုပြောတာပါ။ ငွေသားအနေနဲ့ ကျွန်တော်တို့ကို တစ်ဒေါ်လာမှ မပေးပါဘူး။ အဲဒါကို တချို့ပုဂ္ဂိုလ်တွေက ဒေါ်လာ ၄၆ သန်းစလုံးကို ကျွန်တော်တို့ ရရှိတယ်လို့ ထင်မြင်ချက်ပေးတာပါ။ ငွေသားအနေနဲ့ တစ်ဒေါ်လာမှ မရပါဘူး။

**မေး။ ။ ဆန္ဒမဲပေးရာမှာ အသုံးပြုတဲ့ တံဆိပ်တုံးအတုကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့ ရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲတွေယူတဲ့ အခါမှာ တံဆိပ်တုံးအတု ပြဿနာတက်လာတယ်။ ကျွန်တော်တို့ရဲ့ အမှန်ခြစ်တံဆိပ်တုံးမှာ UEC ဆိုတဲ့ စာလုံး ၃ လုံးပါပါတယ်။ တံဆိပ်တုံးအတုတွေက UEC ဆိုတဲ့ စာလုံးမပါဘူး။ ဒါကို သတိထားမိတဲ့ လူမှာသိတာပါ။



ဒါကြောင့် ကျွန်တော်တို့က နိုဝင်ဘာ ၈ ရက် မဲပေးမယ့်နေ့မှာ တံဆိပ်တုံးတွေကို လုံခြုံအောင် တံဆိပ်တုံးလက်ကိုင်ကို ကြိုးနဲ့ ချည်ထားတယ်။ တစ်ဖက်အစွန်းကို သံမှိုနဲ့ ရိုက်ပြီးတော့ အလွယ်တကူ မဖြုတ်နိုင်အောင် ကြိုးနဲ့ချည်ထားပါတယ်။ ဒါကြောင့် တံဆိပ်တုံးလဲတဲ့ ပြဿနာက မဲပေးတဲ့နေ့မှာတော့ မတွေ့ရပါဘူး။ တံဆိပ်တုံးအတု သုံးစွဲတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ကျွန်တော်တို့ ဖမ်းမိထားပါပြီ။ ဒါတွေကိုလည်း သက်ဆိုင်ရာ ရဲစခန်းမှာ အမှုဖွင့်ပြီး အရေးယူထားပါတယ်။

**မေး။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အယုံအကြည်မရှိကြောင်း ဆန္ဒထုတ်ဖော်တာတွေ၊ စွပ်စွဲဝေဖန်မှုတွေ ရှိနေပါတယ်။ အဲဒီအပေါ်မှာ UEC ရဲ့ သဘောထားက ဘယ်လိုရှိပါသလဲ။**

**ဖြေ။** ။ နိုင်ငံရေးပါတီတွေနဲ့ အခါအားလျော်စွာ လိုအပ်တဲ့အချိန်မှာ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ပါတယ်။ အရေးကြီးကိစ္စမပေါ်ပေါက်ရင်တော့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပွဲကို ခဏနားထားပါတယ်။ တွေ့ဆုံတဲ့အခါတိုင်း နိုင်ငံရေးပါတီတွေကို တိုက်တွန်းခဲ့ပါတယ်။ ၂၀၂၀ မှာ နိုင်ငံရေးပါတီ ၈၇ ပါတီ ပြိုင်ပါတယ်။ အနိုင်ရတဲ့ပါတီက ၁၉ ပါတီ ရှိပါတယ်။ ကိုယ်စားလှယ်လောင်း ရွေးချယ်ခွင့်မရတဲ့ ပါတီက ၆၈ ပါတီရှိပါတယ်။ တချို့ ပါတီတွေကတော့ ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ ကာလဖြစ်လို့ မဲဆွယ်စည်းရုံးရေး ဆင်းရတာ အခက်အခဲတွေ ရှိနေလို့ ၁၉ ပါတီပဲနိုင်ပါတယ်လို့ ဖြေကြားပါတယ်။ ကျွန်တော်ကတော့ အဲဒါကြောင့် မထင်ပါဘူး။ ဘာကြောင့်လဲဆိုရင် ၂၀၁၅ တုန်းက ကပ်ရောဂါဘေး မရှိပါဘူး။ လွတ်လွတ်လပ်လပ်နဲ့ မဲပေးနိုင်တဲ့အခြေအနေပါ။ အဲဒီတုန်းက ၉၁ ပါတီပြိုင်ပါတယ်။ ၂၂ ပါတီ အနိုင်ရပါတယ်။ ၆၉ ပါတီက ကိုယ်စားလှယ်လောင်း အရွေးမခံရပါဘူး။ အခုလည်း ၆၈ ပါတီ၊ ၂၀၁၅ တုန်းကလည်း ၆၉ ပါတီ ဒါက ကိုဗစ်ရောဂါကြောင့် ဖြစ်ပွားခဲ့တဲ့ ပြဿနာမဟုတ်ပါဘူး။ နိုင်ငံရေးပါတီတွေရဲ့ စည်းရုံးမှုအားက မကောင်းလို့သာဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

တချို့နိုင်ငံရေးပါတီတွေက ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အယုံအကြည်မရှိဘူးလို့ ပြောဆိုတာတွေ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ လွတ်လပ်စွာ ဝေဖန်ပြောကြားခွင့်ရှိတဲ့အတွက် ဒီဟာကိုတော့ လက်ခံပါတယ်။ မှန်ခြင်း၊ မမှန်ခြင်းကတော့ ပြည်သူက အဆုံးအဖြတ်ပေးသွားမှာပါ။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ(၅)ချက်နဲ့ညီအောင် ကြိုးစား ဆောင်ရွက်ခဲ့ပါတယ်။ (၁) လွတ်လပ်မှုရှိရမယ်။ (၂) တရားမျှတမှုရှိရမယ်။ (၃) ပွင့်လင်း မြင်သာမှုရှိရမယ်။ (၄) အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲ ဖြစ်ရမယ်။ (၅) ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမယ် ဆိုတဲ့ ခံယူချက်နဲ့ ကျင်းပပေးခဲ့ပါတယ်။ ဒါပေမယ့် ပါတီကြီးတချို့က ဘယ်လောက်ထိ ဝေဖန်လဲဆိုရင် “ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကသာ သမာသမတ်ရှိခဲ့ရင် မိမိတို့ပါတီ မရှုံးနိုင်” ဆိုတဲ့ စကားတွေကို ဂျာနယ်တွေမှာ ဖော်ပြနေတာ တွေ့ပါတယ်။

ရွေးကောက်ပွဲကာလတစ်လျှောက်မှာ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေ ဖွဲ့ပါတယ်။ အဲဒီကော်မတီမှာ အများယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ၊ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီက ကိုယ်စားလှယ်တွေ ပါဝင်ပါတယ်။ ရွေးကောက်ပွဲ ကျင်းပတဲ့ နေရာမှာ နိုင်ငံရေးပါတီတွေအနေနဲ့ ပြဿနာရှိခဲ့ရင် စေ့စပ်ညှိနှိုင်းရေး ကော်မတီက ညှိနှိုင်းဆွေးနွေးပေးပါတယ်။ တချို့ပြဿနာလေးတွေကို စေ့စပ်ညှိနှိုင်းရေးကော်မတီက ဖြေရှင်းပေးခဲ့ပါတယ်။ ဒီကော်မတီမှာပါတဲ့ နိုင်ငံရေးပါတီက ပုဂ္ဂိုလ်အားလုံးကို ရွေးကောက်ပွဲကော်မရှင်က အထူးကျေးဇူး တင်ကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲကြားထဲကနေ အောင်အောင်မြင်မြင် ပြီးစီးအောင်လုပ်ဆောင်ခဲ့ရတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး သိရှိလိုပါတယ်။**

**ဖြေ။** ။ ယခုရွေးကောက်ပွဲဟာ ပြည်သူတွေရဲ့ အောင်ပွဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်ပွဲရလဒ် ထပ်တူကျအောင် ကျွန်တော်တို့ ကြိုးစားပေးခဲ့ပါတယ်။ ထပ်တူကျတယ်၊ မကျဘူး ဆိုတာကတော့ ကာယကံရှင် မဲဆန္ဒရှင်ပြည်သူတွေရဲ့ အဆုံးအဖြတ်ပါ။ ပြည်တွင်းပြည်ပက မဲဆန္ဒရှင်တွေ စိတ်အားထက်သန်စွာနဲ့ နိုင်ငံသားတစ်ယောက်ပီသစွာ တာဝန်ကျေကျေပွန်ပွန် ကူညီဆောင်ရွက်ပေးခဲ့လို့ ယခုရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ပြီးစီးခဲ့တာဖြစ်ပါတယ်။ လာရောက်မဲပေးတဲ့ ရာခိုင်နှုန်းဟာ ၇၀ ရာခိုင်နှုန်းကျော်ပါတယ်။ ဒီလောက် ရာခိုင်နှုန်း အရင်က မရခဲ့သေးပါဘူး။ ရွေးကောက်ပွဲကြီးအောင်မြင်အောင် ကူညီပေးတဲ့အတွက် ပြည်တွင်းပြည်ပက မဲဆန္ဒရှင်တွေကို အထူးပဲကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ထို့ပြင် ရွေးကောက်ပွဲအောင်မြင်ဖို့အတွက် ကူညီခဲ့တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေ၊ သတင်းမီဒီယာကောင်စီ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့ အရပ်ဘက်အဖွဲ့အစည်းက ပုဂ္ဂိုလ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေ၊ တရားမဲ့ပြုကျင့်မှုတွေနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုင်ကြားလာတာရှိရင် သိရှိလိုပါတယ်။**

**ဖြေ။** ။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေ၊ တရားမဲ့ပြုကျင့်မှုတွေကိုတော့ ရွေးကောက်ပွဲရလဒ် ကြေညာပြီးနောက်ပိုင်း ၄၅ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုင်ကြားရမှာဖြစ်ပါတယ်။ ယခုအချိန်အထိတော့ ကျွန်တော်တို့ လက်ဝယ်ကို တိုင်ကြားစာ တစ်စောင်မှ ရရှိခြင်း မရှိသေးပါဘူး။

**မျိုးမင်းနိုင်**
**ဓာတ်ပုံ - အေးသန်း**

## နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နမ့်ခမ်း နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါပိုးရှိလူနာတွေ့ရှိပြီးနောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ယနေ့အထိ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်ဖ ဦးဆောင်သည့် စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက နမ့်ခမ်းမြို့ စည်ပင်သာယာဈေးတွင် ဈေးရောင်း၊ ဈေးဝယ်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်သည့် ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ ဈေးသူ ဈေးသားများ နှာခေါင်းစည်းဝတ်ဆင်သွားလာခြင်းရှိ မရှိ၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်သည့် အကွာအဝေးတွင် ဈေးရောင်း ဈေးဝယ်ခြင်း ရှိ၊ မရှိ နေ့စဉ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြို့တွင်း လူစည်ကားရာနေရာနှင့် အသွားအလာများသည့် နေရာများတွင် လမ်းသွားလမ်းလာတိုင်းကို နှာခေါင်းစည်း ဝတ်ဆင်နိုင်ရေး ချက်ချင်းဝယ်၊ ချက်ချင်းဝတ် စနစ် ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် အိမ်အပြင်ထွက်သူတိုင်း နှာခေါင်းစည်း ဝတ်ဆင်ရန် လိုက်လံနှိုးဆော်အသိပေးလျက်ရှိပြီး နမ့်ခမ်းမြို့ အဝင်တွင် ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းများက ပူးပေါင်းပြီး မြို့ဝင်၊ မြို့ထွက်သွားလာသူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ ခရီးသွားရာဇဝင်များ စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**


■

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| NLD | - ၂၅၈ | ဦး | = | ၇၈.၁၈ % | PNO | - ၃ | ဦး | = | ၀.၉၁ % | AFP | - ၁ | ဦး | = | ၀.၃၀ % | CNH | - ၁၅ | ဦး | = | ၄.၅၅ % |
| USDP | - ၂၆ | ဦး | = | ၇.၈၈ % | TNP | - ၃ | ဦး | = | ၀.၉၁ % | KSPP | - ၁ | ဦး | = | ၀.၃၀ % | Total | - ၃၃၀ | ဦး | = | ၁၀၀ % |
| SNLD | - ၁၃ | ဦး | = | ၃.၉၄ % | MUP | - ၂ | ဦး | = | ၀.၆၁ % | WNP | - ၁ | ဦး | = | ၀.၃၀ % | | | | | |
| ANP | - ၄ | ဦး | = | ၁.၂၁ % | KySDP | - ၂ | ဦး | = | ၀.၆၁ % | ZCD | - ၁ | ဦး | = | ၀.၃၀ % | | | | | |

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| NLD | - ၁၃၈ | ဦး | = | ၈၂.၁၄ % | MUP | - ၃ | ဦး | = | ၁.၇၉ % | TNP | - ၂ | ဦး | = | ၁.၁၉ % | CNH | - ၇ | ဦး | = | ၄.၁၇ % |
| USDP | - ၇ | ဦး | = | ၄.၁၇ % | KySDP | - ၃ | ဦး | = | ၁.၇၉ % | PNO | - ၁ | ဦး | = | ၀.၅၉ % | Total | - ၁၆၈ | ဦး | = | ၁၀၀ % |
| ANP | - ၄ | ဦး | = | ၂.၃၈ % | SNLD | - ၂ | ဦး | = | ၁.၁၉ % | NDP(K) | - ၁ | ဦး | = | ၀.၅၉ % | | | | | |

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ANP = ရခိုင်အမျိုးသားပါတီ
MUP = မွန်ညီညွတ်ရေးပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်) အမျိုးသားပါတီ
KySDP = ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ
AFP = ရခိုင့်ဦးဆောင်ပါတီ
KSPP = ကချင်ပြည်နယ်ပြည်သူ့ပါတီ
WNP = “ဝ” အမျိုးသားပါတီ
ZCD = ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
NDP(K) = ဒီမိုကရေစီပါတီသစ်(ကချင်)
CNH = ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်များ (Constituencies where election was not held)

# ရန်ကုန်တက္ကသိုလ်ကစခဲ့သော သစ်တောပညာရပ်ဖွံ့ဖြိုးမှုအဆင့်ဆင့်

ပါမောက္ခ ဒေါက်တာစန်းဝင်း

ဘာသာစကားများသည် ရပ်တန့်နေသည်ဟူ၍မရှိဘဲ အစဉ်အမြဲအလိုက် ပြောင်းလဲနေကြသည်။ စကားလုံးအသစ်များလည်း ခေတ်အခြေအနေအပေါ် မူတည်ကာ ထွက်ပေါ်လာလေ့ရှိကြသည်။ ဥပမာ အင်္ဂလိပ်ဘာသာစကားတွင် British Exit from European Union ဥရောပသမဂ္ဂမှ ဗြိတိသျှတို့ နုတ်ထွက်ခြင်းဟူသော အဓိပ္ပာယ်ဆောင်သည့် British Exit ကို Brexit ဟူ၍ ခေါ်ဆိုနေပါသည်။ ယင်းဝေါဟာရမှာ ခရစ်နှစ် ၂၀၁၀ မှ ၂၀၂၀ ကြားတွင် ပေါ်လာခဲ့သော စကားလုံး ဖြစ်သည်။ မြန်မာဘာသာတွင်လည်း အလားတူပင် အရေးအသားအခေါ်အဝေါ် ပြောင်းလဲခြင်းများစွာရှိခဲ့၊ ရှိနေဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့ငယ်စဉ်က "ဆရာ" ဟူသောဝေါဟာရကို ရေးကျသော ဆေးကျမ်းများ၊ အချို့သောလုပ်ငန်း (ဥပမာ ပန်းရန်၊ ပန်းပဲ)များတွင် "ဆြာ" ဟု ရေးသားခဲ့ကြသည်။ ဘာသာစကားများသည်လည်း အမြဲရှင်သန်ပြောင်းလဲနေကြသည်ဆိုသောအချက်ကို တင်ပြနေခြင်းဖြစ်ပါသည်။

ထိုနည်းတူစွာ ပညာရပ်များသည်လည်း ရပ်တန့်နေသည်မဟုတ်၊ ပြောင်းလဲလျက် ရှိကြသည်။ အထူးသဖြင့် ၁၉ ရာစု၊ ၂၀ ရာစုနှင့် ၂၁ ရာစုတို့တွင် စက်မှုပညာ၊ ဆက်သွယ်ရေးပညာ၊ သတင်းအချက်အလက်နည်းပညာတို့မှာ အလွန်မြန်သော အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိကြသည်။

သစ်တောပညာသည်လည်း မပြောင်းလဲဘဲ ကျန်နေခဲ့သည်မဟုတ်ပါ။ အထူးသဖြင့် သစ်တောပညာရပ်သည် သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးအတွက် အရေးပါသော ပညာရပ်အဖြစ်သို့ ဦးတည်ပြောင်းလဲလျက် ရှိသည်။ ရှေးယခင်က သစ်တောများကို အနားယူအပန်းဖြေရန်နေရာအတွက်လောက်သာ သုံးခဲ့ကြသည်။

**တောကစား၊ အမဲလိုက်၊ အပန်းဖြေရန်အတွက်သာ**

Forest ဟူသော စကားလုံးသည်မှာပင်လျှင် လက်တင်ဘာသာ "Foris" မှ ဆင်းသက်လာပြီး လက်တင်ကာလနှောင်းပိုင်းတွင် "Forests Silva" အဓိပ္ပာယ်မှာ "wood outside" နှင့် နောက်ပိုင်းကာလများတွင် Forests ဟူသောအဓိပ္ပာယ်မှာ "wooded area kept for hunting" ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ အစဦးကာလများတွင် သစ်တောဆိုသည်မှာ တောကစား၊ အမဲလိုက်၊ အပန်းဖြေရန်အတွက်သာ ဖြစ်ခဲ့သည်။

၁၉ ရာစုတွင် သစ်တောများကို စီးပွားရေးအတွက် ပိုမိုအာရုံစိုက်လာကြပြီး စီးပွားရေးအကျိုးအမြတ်အတွက် သစ်တောစိုက်ခင်းများ ထူထောင်လာကြကာ သစ်တောဘောဂဗေဒ (Forest Economics) ဘာသာရပ်လည်း ဖြစ်ပေါ်လာခဲ့သည်။



သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

**ပြောင်းလဲမှုလမ်းစဉ်တွင်ပါဝင်**

၂၀ ရာစု နှောင်းပိုင်းနှင့် ယခုရာစုများတွင် သစ်တောများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကောင်းမွန်အောင်နှင့် သဘာဝဂေဟစနစ်ကို မျှခြေ (Balance) တွင် တည်ရှိစေရေးတို့အတွက် အရေးပါသောပစ္စည်းအဖြစ် လက်ခံကာလေ့လာခဲ့ကြသည်။ သစ်တောများက ကာဗွန်စုပ်ယူမှု (Carbon sequestration)၊ သစ်တောများက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် အရေးပါမှု၊ သစ်တောများရှိမှ ရေချိုရရှိနိုင်မှုတို့ကို အသိအမှတ်ပြုလာကြကာ သစ်တောအုပ်ချုပ်မှုစနစ်ကိုပင် Sustainable Forest Management (Sustainability Concept) မှ (Eco-system based Forest Management Concept) သို့ ကူးပြောင်းလာခဲ့သည်။ ဤသည်တို့မှာ သစ်တောပညာရပ်သည်လည်း ပြောင်းလဲမှုလမ်းစဉ်တွင် ပါဝင်လျက်ရှိသည်ကို ထောက်ပြနေပေသည်။

မြန်မာနိုင်ငံတွင် သစ်တောပညာရပ်ဖွံ့ဖြိုးလာမှုနှင့် ပတ်သက်ပြီး တင်ပြရသော် သိပ္ပံနည်းကျသစ်တောအုပ်ချုပ်မှုကို ၁၈၅၆ ခုနှစ်က စတင်ခဲ့သည်။ "သစ်တော" ဟူသော စကားလုံးမှာ ထိုစဉ်က သစ်မျိုးအားလုံးကို ကိုယ်စားပြုခြင်းထက် "ကျွန်းပင် (Teak)" ကိုသာ ကိုယ်စားပြုခဲ့ဟန်ရှိပါသည်။ အကြောင်းမှာ ကျွန်းသစ်သည် ရေကြောင်းသွားလာရေးအတွက်တည်ဆောက်ရန်၊ သင်္ဘောများပြုလုပ်ရန်အတွက် အဓိကအရေးပါသော "သစ်" ဖြစ်နေခဲ့ခြင်းကြောင့် သစ်တောအုပ်ချုပ်မှု၏ အသက်ဖြစ်သော "နှစ်စဉ်တောထွက်"ကို စဉ်းစားသောအခါ ကျွန်းသစ်မျိုးကိုသာ အဓိကထား စဉ်းစားတွက်ချက်ခဲ့သည့်အတွက် ဖြစ်သည်။

**နှစ်ပေါင်း ၁၂၀ ကျော်ကြာမြင့်ခဲ့**

မြန်မာနိုင်ငံတွင် သစ်တောပညာရပ်ကို သင်တန်းကျောင်းအဆင့်အနေဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းကို ၁၈၉၈ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် စတင်ခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရသည်။ ခေတ်အဆက်ဆက်တွင် သစ်တောကျောင်းများမှာ သာယာဝတီမှတစ်ဆင့် အင်းစိန်မြို့၊ ပျဉ်းမနားမြို့နှင့် ယခုအခါ ပြင်ဦးလွင်မြို့တို့တွင် ဆက်လက် တည်တံ့လျက်ရှိပါသည်။ ထို့ကြောင့် သစ်တောသင်တန်းကျောင်း (Forestry Technological Vocational Training School) အဖြစ်တည်ရှိခဲ့သည်မှာ နှစ်ပေါင်း ၁၂၂ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

**တက္ကသိုလ်အဆင့် သစ်တောပညာ**

တက္ကသိုလ်အဆင့်သစ်တောပညာကိုမူ ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ခဲ့သည့် ၁၉၂၀ ပြည့်နှစ်နောက် သုံးနှစ်အကြာတွင် စတင်သင်ကြားခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းများအရ ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာ၊ သင်္ချာ၊ သတ္တဗေဒ၊ ရာဇဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ အရှေ့တိုင်းဘာသာရပ်များနှင့် ဥပဒေပညာရပ်တို့ကို ၁၉၂၁ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ထို့နောက် သုံးနှစ်အကြာတွင် အင်ဂျင်နီယာ၊ သစ်တောပညာ၊ ဘူမိဗေဒ၊ ပထဝီဝင်၊ ဘောဂဗေဒ၊ ပညာရေးနှင့် ဆေးပညာဘာသာရပ်များကို တိုးချဲ့သင်ကြားပေးခဲ့ပါသည်။ စတင်သင်ကြားခဲ့စဉ်က သစ်တောပါမောက္ခကို တိကျစွာ မသိရသေးသော်လည်း ၁၉၃၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်၌ သစ်တောပညာပါမောက္ခတာဝန် ထမ်းဆောင်နေသောပုဂ္ဂိုလ်မှာ အာရ်အေကော့ကရိန်း (R.A. Cochrane) ဖြစ်ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၉ သို့ ❍



သစ်တောကျောင်းသားများ တောတွင်း လက်တွေ့ကွင်းဆင်းလေ့လာနေစဉ်။

**စနစ်သစ်တက္ကသိုလ်တွင် ယခင်စနစ်ဟောင်းကဲ့သို့ ဘာသာတွဲစနစ် (Combination System)ဖြင့် သင်ကြားခြင်းမဟုတ်တော့ဘဲ အဓိကဘာသာစနစ် (Majoring System) ကို စတင်ကျင့်သုံး သင်ကြားခြင်းဖြစ်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် စနစ်သစ်အရ ဝိဇ္ဇာဘာသာရပ်ကိုးမျိုးနှင့် သိပ္ပံဘာသာရပ် ခုနစ်မျိုးတို့ကို သင်ကြားပို့ချခဲ့။ ဝိဇ္ဇာဘာသာရပ် ကိုးမျိုးမှာ ပါဠိ၊ ဥပဒေ၊ ပထဝီ၊ ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သမိုင်း၊ စိတ်ပညာနှင့် မနုဿဗေဒတို့ဖြစ်။ သိပ္ပံဘာသာရပ် ခုနစ်မျိုးမှာ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သစ်တောနှင့် ဘူမိဗေဒတို့ဖြစ်။**

❍ စာမျက်နှာ ၈ မှ

ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူအဖြစ် ဝင်ခွင့်ရပြီး စာသင်ကြားရန်အတွက် လိုအပ်ချက်မှာ တက္ကသိုလ်ဝင်စာမေးပွဲကို (က) စာရင်းမှ အောင်မြင်သူဖြစ်ရမည့်အပြင် အကြိုသင်တန်း(ဥပစာတန်း)တွင်လည်း နှစ်နှစ်ခန့်တက်ရန် လိုအပ်ခဲ့သည်။ သစ်တောပညာသင်တန်း တက်ရောက်ရန် ဥပစာသိပ္ပံသင်တန်းအောင်မြင်သူ ကျောင်းသားများက ရွေးချယ်ရေးအဖွဲ့ထံ လျှောက်ထားရပြီး ရွေးချယ်ခြင်းခံရသော ကျောင်းသားများသာ ဤသင်တန်းကို တက်ရောက်ခွင့်ရကြောင်း သိရပါသည်။

**သိပ္ပံ(သစ်တော) ဘွဲ့ရရှိသူများအဖြစ် မှတ်တမ်းတင်နိုင်**

အထက်ဖော်ပြပါအတိုင်း သစ်တောပညာရပ်အတွက် အစပိုင်းတွင် ဥပစာတန်း အောင်မြင်ပြီး နှစ်နှစ်ခန့် သစ်တောပညာသင်တန်းတက်ပြီးသောအခါ သိပ္ပံ(သစ်တော) ဘွဲ့ကို ချီးမြှင့်မည်ဖြစ်ကြောင်း သတ်မှတ်ခဲ့သော်လည်း နှစ်နှစ်ခန့်အကြာ ၁၉၂၅ ခုနှစ်တွင် သင်တန်းကာလ သုံးနှစ်သို့ တိုးမြှင့်လိုက်ကြောင်း သိရပါသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်သူတစ်ဦးသည် ငါးနှစ်ကြာ သင်တန်းတက်ပြီးမှသာ သိပ္ပံ(သစ်တော) ဘွဲ့ကို ရရှိနိုင်ခဲ့သည်ဖြစ်ပါသည်။ အဆိုပါ ၁၉၂၃ ခုနှစ်မှ စတင်ပြီး တက်ရောက်ခဲ့သော သိပ္ပံ (သစ်တော)ဘွဲ့ ရရှိသူများမှာ ၁၉၂၅ ခုနှစ်တွင် ခြောက်ဦး၊ ၁၉၂၆ ခုနှစ်တွင် ခြောက်ဦး ရှိခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် သင်တန်းဆင်းသူ မရှိခဲ့ပါ။ ထို့နောက် ၁၉၂၈ ခုနှစ်တွင် ငါးဦး၊ ၁၉၂၉ ခုနှစ်တွင် လေးဦး၊ ၁၉၃၀ ပြည့်နှစ်တွင် လေးဦး၊ ၁၉၃၁ ခုနှစ်တွင် လေးဦး၊ ၁၉၃၂ ခုနှစ်တွင် ငါးဦး၊ ၁၉၃၃ ခုနှစ်တွင် လေးဦး၊ ၁၉၃၄ ခုနှစ်တွင် လေးဦး စုစုပေါင်း သိပ္ပံ(သစ်တော)ဘွဲ့ ရရှိခဲ့သူ ၄၂ ဦး ရှိပါသည်။ အဆိုပါပုဂ္ဂိုလ်များမှာ ဒုတိယကမ္ဘာစစ်မတိုင်မီ သိပ္ပံ(သစ်တော) ဘွဲ့ရရှိသူများအဖြစ် မှတ်တမ်းတင်နိုင်ပါသည်။



သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်ရုံးကို တွေ့ရစဉ်။ ဓာတ်ပုံ - သီဟစည်သူ

ဆေးစစ်ဆေးအောင်မြင်သူများသာ သင်တန်းတက်ရောက်ရန် ဝန်ထမ်းရွေးချယ်ရေးဘုတ်အဖွဲ့က သတင်းစာမှတစ်ဆင့် ကြော်ငြာထည့်၍ ခေါ်ယူစိစစ် ရွေးချယ်ပေးပါသည်။

လွတ်လပ်ရေးရပြီးနောက် သစ်တောပညာကို တာဝန်ယူပြီး စာတွေ့လက်တွေ့ သင်ကြားပေးခဲ့သော ပုဂ္ဂိုလ်များမှာ ဦးအောင်ဒင် (MA-Oxon) နှင့် မစ္စတာ အေလောင်း၊ ထို့နောက် Mr.C.W.D.Kermode က သစ်တောပညာ ပါမောက္ခ/ဌာနမှူး (Head of Forest Department-Professor)အဖြစ် တာဝန်ယူသင်ကြားခဲ့ကြောင်း သိရှိရပါသည်။

လွတ်လပ်ရေးရပြီးနောက် ပထမဆုံးအသုတ်အနေဖြင့် သိပ္ပံ(သစ်တော)ဘွဲ့ရရှိခဲ့သူ ၁၄ ဦး ရှိခဲ့ပါသည်။ ထို့နောက် သစ်တောပညာ သင်တန်းဆက်လက်ဖွင့်လှစ်ခဲ့ရာ နီပေါနိုင်ငံ၊ အိမ်နီးချင်း ထိုင်းနိုင်ငံတို့မှ သင်တန်းသားများပါသည်။ သို့သော်လည်း ၁၉၆၆ ခုနှစ်တွင် အဆိုပါ ပြည်ပသို့ သွားရောက်လေ့လာရေး ရပ်နားသွားခဲ့ပါသည်။

**နှစ်စဉ် ၅၀ ခန့် လက်ခံသင်ကြားရန် စီစဉ်**

၁၉၆၇ ခုနှစ်တွင် သိပ္ပံ(သစ်တော) ဘွဲ့ရရန် ကျောင်းတက်နှစ် ငါးနှစ်အစား ခြောက်နှစ်သို့ တစ်နှစ်တိုးမြှင့်သတ်မှတ်ခဲ့၍ ၁၉၆၆ ခုနှစ်တွင် ဘွဲ့ရမည့်ကျောင်းသားများမှာ တစ်နှစ်နောက်ကျပြီး ၁၉၆၇ ခုနှစ်မှ သစ်တောဘွဲ့ ရရှိသွားခဲ့ရပါသည်။ ထို့ကြောင့် ၁၉၆၆ ခုနှစ်တွင် သိပ္ပံ (သစ်တော) ဘွဲ့ရရှိသူမရှိခဲ့ပါ။ ယခင်ခေတ်က သစ်တောဌာနနှင့် နိုင်ငံတော်သစ်လုပ်ငန်းဘုတ်အဖွဲ့(State Timber Board) တို့က လိုအပ်သော သစ်တောအရာရှိ အရေအတွက်လောက်ကိုသာ ခေါ်ယူလေ့ကျင့်ပေးခဲ့သောစနစ်သည်လည်း ၁၉၆၇ ခုနှစ်မှစတင်ပြီး ရပ်ဆိုင်းသွားခဲ့သည်။ ယင်းအပြင် ကျောင်းသားဦးရေကိုလည်း နှစ်စဉ် ၅၀ ခန့် လက်ခံ

အားလည်း ဆက်သွယ်မေးမြန်းရာ သစ်တောကျောင်းသားများသည် တစ်နှစ်တွင် တောတွင်းလက်တွေ့ နှစ်လဆင်းရကြောင်း၊ နောက်ဆုံးနှစ်တွင် စာတမ်း တစ်စောင်တင်သွင်းရပြီး ဘွဲ့ယူရန်အတွက် လူတွေ့၊ နှုတ်ဖြေဖြေဆိုရကြောင်း၊ ဥပစာတန်း နှစ်နှစ်တက်ပြီးနောက် တတိယနှစ်သို့ ရောက်သောအခါ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်ခဲ့သူဖြစ်ပါက သင်္ချာကို ပြန်သင်ရပြီး သင်္ချာဘာသာတွဲဖြင့် အောင်မြင်လာခဲ့ပါက ဇီဝဗေဒကိုပြန်လည်သင်ကြားရသည်ဟု သိရှိရပါသည်။

တတိယနှစ်တွင် Forest Law၊ Forest Engineering၊ Geology၊ Botany၊ Zoology (Entomology)နှင့် စာရင်းအင်းပညာကို သင်ရပြီး၊ စတုတ္ထနှစ်တွင် Botany (Taxonomy)၊ Forest Management၊ Forest Utilization၊ Silviculture တို့ကိုသင်ယူရပါသည်။ နောက်ဆုံးနှစ် (ပဉ္စမနှစ်)တွင် Silviculture၊ Utilization၊ Statistics၊ Botany တို့ သင်ရကြောင်း တွေ့ရပါသည်။ သင်ယူလေ့လာရန်ပြဋ္ဌာန်းခဲ့သော ဘာသာရပ်များကို လေ့လာကြည့်မိသောအခါ Botany ဘာသာရပ်ကို တတိယနှစ်မှ ပဉ္စမနှစ်အထိ သင်ယူခဲ့ရခြင်း ဖြစ်ပါသည်။

**Botany ဘာသာရပ်ကို နှစ်စဉ်သင်ကြားပေး**

သစ်တောမင်းကြီး (ငြိမ်း) ဦးဟုတ်လင်းကလည်း သစ်တောကျောင်းသားများအား Botany ဘာသာရပ်ကို နှစ်စဉ်သင်ကြားပေးခြင်းသည် အလွန်သင့်လျော်ပြီး အဓိပ္ပာယ်ရှိပါကြောင်း မိန့်ကြားသွားခဲ့ပါသည်။

တော်လှန်ရေးကောင်စီကာလ (၁၉၆၂ မှ ၁၉၇၄ ခုနှစ်အထိ) နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကာလ (၁၉၇၅ မှ ၁၉၈၈ ခုနှစ်အထိ) ကာလတွင် သင်ကြားပေးခဲ့သော ဘာသာရပ်များမှာ ပထမနှစ်မှဒုတိယနှစ်အထိ Political Science၊ English၊ Burmese၊ Botany၊ Mathematics၊ Physics၊ Chemistry နှင့် Zoology၊ တတိယနှစ်မှ စတုတ္ထနှစ်အတွင်း Dendrology၊ Entomology၊



သစ်တောကျောင်းသားများ စာမေးပွဲဖြေဆိုနေကြစဉ်။



သစ်တောကျောင်းသားများ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လက်တွေ့ကွင်းဆင်းလေ့လာစဉ်။

ထို့နောက် စစ်ကြိုကာလ ၁၉၃၅ ခုနှစ်မှ စစ်ပြီးကာလအထိနှင့် လွတ်လပ်ရေးရပြီးခါစ နှစ်အနည်းငယ်အကြာဖြစ်သော ၁၉၅၀ ပြည့်နှစ်အထိ သစ်တောပညာသင်တန်းကို ၁၅ နှစ်ခန့် ပိတ်ထားခဲ့ရကြောင်း သိရှိရပါသည်။

ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဂုဏ်ထူးဘွဲ့ကို ဓာတုဗေဒ၊ ရူပဗေဒ စသည့် ဘာသာရပ်တွဲတွင် အောင်မြင်သူများအား နိုင်ငံခြားပညာတော်သင်အဖွဲ့က စိစစ်ရွေးချယ်ပြီး ဗြိတိန်နိုင်ငံ အောက်(စ်)ဖို့တက္ကသိုလ်၊ အီဒင်ဘာရာ တက္ကသိုလ်တို့သို့ သိပ္ပံ(သစ်တော)ဘွဲ့များ ရရှိရန် စေလွှတ်ခဲ့ကြောင်းလည်း တွေ့ရပါသည်။ အချို့ဘွဲ့ရသူများကို အိန္ဒိယနိုင်ငံ ဒါရဒွန်းမြို့ရှိ သစ်တောကောလိပ်သို့ ပညာသင်အဖွဲ့က ရွေးချယ်စေလွှတ်ခဲ့ကြောင်းလည်း သိရပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ်၌ သစ်တောပညာသင်တန်းကို ရန်ကုန်တက္ကသိုလ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုသင်တန်းတက်ရန်အတွက် လိုအပ်ချက်များမှာ ဥပစာသင်တန်းအောင်မြင်သူ၊ လူတွေ့စစ်ဆေးခြင်းအောင်မြင်သူ၊ ကျန်းမာကြံ့ခိုင်မှုအတွက် ၂၅မိုင် (ရန်ကုန်တက္ကသိုလ်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနရှေ့မှ မင်္ဂလာဒုံရှိ အောင်ဆန်းသူရိယလှသောင်းကျောင်းအထိ အသွား/ အပြန်) လမ်းလျှောက်စေပြီး လာရောက်သင်ကြားခဲ့ကြကြောင်း သိရှိရပါသည်။ ၁၉၅၄ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သိပ္ပံ(သစ်တော) ဘွဲ့ရသူများမှာ စုစုပေါင်း ၁၃၆ ဦး ဖြစ်ပါသည်။

**သီးခြားဌာနအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့**

၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော သစ်တောပညာဌာနသည် ရန်ကုန်တက္ကသိုလ်ကြီး၏ သိပ္ပံမဟာဌာန (Faculty of Science) အောက်တွင်ရှိခဲ့ပြီး ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် သစ်တောပညာမဟာဌာန (Faculty of Forestry) အဖြစ် သီးခြားဌာနအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါသည်။

သစ်တောကျောင်းသားများအနေဖြင့် သစ်တောပညာရပ်မှလွဲ၍ ကျန်အထောက်အကူပြုဘာသာရပ်များ (ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ စီးပွားရေးပညာ စသည်) တို့ကို ရန်ကုန်တက္ကသိုလ်ရှိ အခြားသက်ဆိုင်ရာဌာနများသို့ သွားရောက်သင်ယူကြရပါသည်။ မန္တလေးတက္ကသိုလ်တွင်ရှိသော စိုက်ပျိုးရေးမဟာဌာန(Faculty of Agriculture) သို့သွားရောက်ပြီးလည်း မြေဆီလွှာသိပ္ပံ (Soil Science) ကို တစ်လကြာ သွားရောက်သင်ကြားခဲ့ရပါသည်။

ထိုခေတ်က သိပ္ပံ(သစ်တော)ဘွဲ့ ရရန်အတွက် တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားများသည် အိန္ဒိယနိုင်ငံ သစ်တောဌာနနှင့် ဒါရဒွန်းသစ်တောသုတေသနဌာနများသို့ သွားရောက်၍ စာတွေ့လက်တွေ့ လေ့လာခဲ့ရသင်ကြားရန် စီစဉ်ခဲ့ကြပါသည်။

သစ်တောကျောင်းသား ၅၀ ခန့်ကို နှစ်စဉ် လက်ခံသင်ကြားပေးရသဖြင့် သစ်တောကျောင်းသားများ သီးသန့်နေထိုင်သင်ကြားနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်ရှိ ဗဟိုကျောင်းဆောင် ငါးဆောင်အနက် သထုံဆောင်ကို သစ်တောကျောင်းသားများအတွက် သီးသန့်အဆောင်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

စနစ်သစ်တက္ကသိုလ်တွင် ယခင်စနစ်ဟောင်းကဲ့သို့ ဘာသာတွဲစနစ် (Combination System)ဖြင့် သင်ကြားခြင်းမဟုတ်တော့ဘဲ အဓိကဘာသာစနစ် (Majoring System) ကို စတင်ကျင့်သုံးသင်ကြားခြင်း ဖြစ်ပါသည်။ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် စနစ်သစ်အရ ဝိဇ္ဇာဘာသာရပ် ကိုးမျိုးနှင့် သိပ္ပံဘာသာရပ် ခုနစ်မျိုးတို့ကို သင်ကြားပို့ချခဲ့ပါသည်။ ဝိဇ္ဇာဘာသာရပ် ကိုးမျိုးမှာ ပါဠိ၊ ဥပဒေ၊ ပထဝီ၊ ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သမိုင်း၊ စိတ်ပညာနှင့် မနုဿဗေဒတို့ ဖြစ်ပါသည်။ သိပ္ပံဘာသာရပ် ခုနစ်မျိုးမှာ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သစ်တောနှင့် ဘူမိဗေဒတို့ ဖြစ်ပါသည်။

ဤစာတမ်းပြုစုရာ၌ စာပေနယ်တွင် နှံ့စပ်ရုံမျှမက သစ်တောလုပ်ငန်းများကိုလည်း ကောင်းစွာအတွေ့အကြုံရှိသော သစ်တောဘွဲ့ရမင်းကြီး(ငြိမ်း) ဦးဟုတ်လင်း

Geology၊ Soil Science and Forest Ecology၊ Foundation of Silviculture and Forest Meteorology၊ Forest Protection and Fire Protection၊ Mycology and Pathology၊ ပဉ္စမနှစ်မှဆဋ္ဌမနှစ်တို့တွင် Forest Genetics & Tree Breeding၊ Forest Policy & Law၊ Plantation Silviculture and Nursery Practice၊ Survey and Drawing၊ Forest Engineering & Forest Machines၊ Statistics and Biometrics၊ Mensuration၊ Forest Inventory၊ Data Processing & Aerial Photo interpretation၊ Silvicultural Systems၊ Management I၊ Wildlife & National Part Management & Soil Conservation & Watershed Management၊ Timber Harvesting၊ Minor Forest Produce Utilization and Bee Keeping နှင့် Wood Technology Tropical Silviculture၊ Management Planning၊ Forest Economics၊ Plantation၊ Economics and Econometrics၊ Marketing and Saw Milling၊ Pulp & Paper Technology၊ Plywood & Veneer Technology and Utilization of Sawdust၊ Waste wood၊ Shaving & Chips and Glue Technology Timber Utilization၊ Seasoning and Preservation၊ Wood Technology II တို့ ဖြစ်ပါသည်။

စာမျက်နှာ ၁၀ သို့ ❂

❂ စာမျက်နှာ ၉ မှ

ထူးခြားချက်မှာ ထိုခေတ်က (၁၉၇၆ နောက်ပိုင်း) Political Science ကို နှစ်စဉ်သင်ယူခဲ့ရပါသည်။ ကျောင်းသားတစ်ဦးသည် အဆိုပါဘာသာ ကျရှုံးပါက စာမေးပွဲ ကျရှုံးရပါသည်။

တတိယနှစ်မှ ဆဋ္ဌမနှစ်အထိ သင်တန်းများ အားလုံးသည် သစ်တောတွင်း လက်တွေ့လုပ်ငန်း နှစ်လ ကွင်းဆင်းဆောင်ရွက်ရပါသည်။

၁၉၇၆ ခုနှစ် ဆယ်တန်းအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများမှာ ဒေသကောလိပ်သို့ နှစ်နှစ် တက်ခဲ့ကြရသောစနစ် ပေါ်ပေါက်ခဲ့သည်။ ဒေသကောလိပ် နှစ်နှစ်တွင် ရရှိသောအမှတ်နှင့် ဆယ်တန်းအောင်ခဲ့စဉ်က ရရှိခဲ့သောအမှတ်များကို စုပေါင်းကာ ယင်းအမှတ်၏ အနည်း၊ အများအလိုက် ဘာသာတွဲများကို ခွဲခြားသင်ယူစေခဲ့ရပါသည်။ ထို့ကြောင့် ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ကျောင်းသား ကျောင်းသူများမှာ ဒေသကောလိပ်ပညာရေးကို ဖြတ်သန်းပြီးမှသာ သက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူလေ့လာခဲ့ရပါသည်။

**ရန်ကုန်မှ ရေဆင်း**

၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရှိ သစ်တောပညာဌာနကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အောက်သို့ ပြောင်းရွှေ့သွားခဲ့ရသည်။ ၁၉၈၅ ခုနှစ် ဘွဲ့ရကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံ (သစ်တော) ဘွဲ့ရသော နောက်ဆုံးကျောင်းသားများ ဖြစ်သွားပါသည်။ သစ်တောပညာကိုလည်း ပါမောက္ခ တစ်ဦး၊ အမြဲတမ်းနည်းပြဆရာ လေးဦးနှင့် အခြားပါမောက္ခမှ လက်ထောက်ကထိကအထိ ရာထူးများကို သစ်တောဦးစီးဌာနနှင့် သစ်လုပ်ငန်းကော်ပိုရေးရှင်း (ယခင် STB, ယခုမြန်မာ့သစ်လုပ်ငန်း) အရာရှိများက အလှည့်ကျတာဝန်ယူ သင်ကြားပေးသော အချိန်ပိုင်းဆရာများသာ ဖြစ်ပါသည်။

လျှောက်ထားစေပြီး အမှတ်အနည်း၊ အများအလိုက် အဆင့်မြင့်ပညာဦးစီးဌာနက ရွေးချယ်ပေးခဲ့ပါသည်။

သို့သော်လည်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် သစ်တောတက္ကသိုလ် ပထမနှစ် ဝင်ရောက်မည့် ကျောင်းသားများမှ စတင်၍ အဆင့်မြင့်ပညာဦးစီးဌာနသို့ လျှောက်ထားရွေးချယ်စေခြင်း မပြုလုပ်တော့ဘဲ သက်ဆိုင်ရာနှစ်အတွက် ၁၀ တန်း အောင်မြင်သူများအား ၁၀ တန်းအောင်အမှတ်ကန့်သတ်ချက်မရှိဘဲ ဝင်ခွင့်လျှောက်ထားစေပြီး အင်္ဂလိပ်နှင့် ဇီဝဗေဒ နှစ်ဘာသာဖြေဆိုရသော ဝင်ခွင့်စာမေးပွဲ ကျင်းပဖြေဆိုစေကာ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် မိုင် ၂၀ လမ်းလျှောက် စွမ်းရည်စစ်ဆေးခြင်း၊ ဆေးစစ်ခြင်းများ ဆက်လက်စစ်ဆေး၍ လက်ခံမည့် ဦးရေအတိုင်း ဝင်ခွင့်ပြုခဲ့ပါသည်။

အဆိုပါဝင်ခွင့်စနစ်ဖြင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ကျောင်းသား ၁၀၀ အထိ ခေါ်ယူခဲ့ပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်များအတွက် ကျောင်းသား ၂၀၀ စီအထိ ခေါ်ယူခဲ့ပါသည်။

ဟိုးယခင်က သစ်တောသင်တန်းသားများ ခေါ်ယူရာတွင် လုပ်ငန်းလိုအပ်ချက်အလိုက် ခေါ်ယူခဲ့သောစနစ်၊ ထို့နောက် ၁၉၆၇ ခုနှစ်မှစတင်ပြီး တစ်နှစ်ကို ကျောင်းသား ၅၀ အထိ၊ ထို့နောက် တစ်နှစ်ကို ကျောင်းသား ၁၀၀ ခေါ်ယူခဲ့သောစနစ် နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တစ်နှစ်ကို ကျောင်းသား ၂၀၀ အထိ လက်ခံခေါ်ယူခဲ့မှုဟူ၍ သစ်တောပညာအတွက်ကျောင်းသား လက်ခံသင်ယူစေခဲ့ပုံအဆင့်ဆင့် ပြောင်းလဲလာမှုကို တွေ့နိုင်ပါသည်။ တက္ကသိုလ်မှာလည်း ထိုစဉ်က သစ်တောရေးရာဝန်ကြီးဌာနအောက်ဖြစ်၍ ဝန်ကြီးဌာနက သတ်မှတ်ပေးသည့် အရေအတွက်အတိုင်း ခေါ်ယူသွားခဲ့ရပါသည်။

၂၀၁၄ ခုနှစ်တွင် သစ်တောတက္ကသိုလ် အာဏာပိုင်ပုဂ္ဂိုလ်များက သစ်တောတက္ကသိုလ်အား သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်အဖြစ် ပြောင်းလဲကာ



သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) အဝင်မုခ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - သီဟစည်သူ

သစ်တောဦးစီးဌာနရှိ FRI(Forest Research Institute) သုတေသီများက သစ်တောပညာကျောင်းသားများကိုအချိန်ပိုင်းလာရောက်သင်ကြားပေးခဲ့ကြပါသည်။

**သင်တန်းနှစ်ကာလပြောင်းလဲ**

၁၉၉၆-၁၉၉၇ ပညာသင်နှစ်မှစတင်၍ သိပ္ပံ (သစ်တော)ဘွဲ့ကို ခြောက်နှစ်မှ ငါးနှစ်သို့ ပြန်လည်ပြောင်းလဲခဲ့ပြီး စာသင်နှစ် (Academic Year) တစ်နှစ်လျှင် စာသင်နှစ်ဝက် (Semester) နှစ်ခုခွဲခြားကာ သင်ကြား၍ စာသင်နှစ်ဝက်အလိုက် စာမေးပွဲ နှစ်ကြိမ် ဖြေဆိုရပါသည်။ ဒုတိယစာသင်နှစ်ဝက် ဖြေဆိုပြီးမှသာလျှင် နှစ်ကြိမ်ဖြေဆိုခဲ့သော ဘာသာရပ်များအတွက် အောင်စာရင်း ထုတ်ပြန်သောစနစ် ဖြစ်ပါသည်။

**အမျိုးသမီးသစ်တောကျောင်းသူများ စတင်လက်ခံသင်ကြားမှု**

သစ်တောပညာဘာသာရပ်တွင် ၁၉၂၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ကျောင်းသားများကိုသာ လက်ခံသင်ကြားခဲ့သော်လည်း ၁၉၉၅ ခုနှစ် သစ်တောတက္ကသိုလ် ပထမနှစ်မှစတင်၍ ကျောင်းသူဦးရေကို ၂၅ ရာခိုင်နှုန်း လက်ခံသင်ကြားခဲ့သည်။ သို့ဖြစ်၍ ၂၀၀၁ ခုနှစ်တွင် ပထမဦးဆုံး သိပ္ပံ(သစ်တော)ဘွဲ့ရ အမျိုးသမီးများ ပေါ်ထွက်ခဲ့ပါသည်။

**၁၉၈၈ ခုနှစ် နောက်ပိုင်းကာလ ဝင်ခွင့်ပုံစံ ပြောင်းလဲလာမှု**

ဤကာလတွင် ဝင်ခွင့်ပုံစံမှာလည်း သစ်တောတက္ကသိုလ်ဝင်ခွင့်အတွက် ယခင်က ၁၀ တန်းအောင်မြင်ပြီးသူများအား အဆင့်မြင့်ပညာဦးစီးဌာနသို့ ဝင်ခွင့်

ပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးရန်နှင့် B.Sc (Environmental Science) ဘွဲ့ပေးရန်ကိုပါ စဉ်းစားခဲ့ကြသည်။ သစ်တောတက္ကသိုလ်ကို တာဝန်ယူစီမံခန့်ခွဲနေသော သစ်တောရေးရာဝန်ကြီးဌာနမှာလည်း ၂၀၁၁ ခုနှစ်မှစတင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟူ၍ ခေါ်ဝေါ်ပြောင်းလဲခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှစတင်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟူ၍လည်း ပြောင်းလဲခဲ့သည်။

**တက္ကသိုလ်အမည်ပြောင်းလဲမှု**

ဝန်ကြီးဌာန၏ ထောက်ခံမှု၊ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၇ ခုနှစ်တွင် သစ်တောတက္ကသိုလ်မှ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် UFES (University of Forestry and Environmental Science) အဖြစ် ပြောင်းလဲခဲ့ပါသည်။ အသစ်ဖြစ်ပေါ်လာသော University of Forestry and Environmental Science တွင် Faculty (မဟာဌာန) နှစ်ခု ပါဝင်သည်။ ယင်းတို့မှာ-

(က) သစ်တောပညာမဟာဌာန (Faculty of Forestry)
(ခ) ပတ်ဝန်းကျင်သိပ္ပံမဟာဌာန (Faculty of Environment) တို့ ဖြစ်ပါသည်။

သစ်တောပညာမဟာဌာနအောက်တွင် ဌာန (Department) သုံးခု ရှိပါသည်။ ယင်းတို့မှာ-

(က) ရေရှည်တည်တံ့စေမည့် သစ်တောနှင့် သစ်တောဂေဟဗေဒမဟာဌာန၊
(ခ) ရေမြေနှင့် ရာသီဥတုပညာဌာနနှင့်
(ဂ) ဇီဝမျိုးစုံမျိုးကွဲနှင့် ဝန်းကျင်သားငှက် ထိန်းသိမ်းမှုပညာဌာနတို့ ဖြစ်သည်။

ထိုနည်းတူစွာ ပတ်ဝန်းကျင်မဟာဌာနအောက်တွင်လည်း ဌာန သုံးခု ရှိပါသည်။ ယင်းတို့မှာ-

(က) ပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေး၊ မူဝါဒနှင့် စီမံအုပ်ချုပ်မှုပညာဌာန၊
(ခ) သဘာဝသယံဇာတစီမံအုပ်ချုပ်မှု ပညာဌာနနှင့်
(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုပညာဌာနတို့ ဖြစ်ပါသည်။

**ဘာသာရပ်များ တိုးတက်ပြောင်းလဲလာမှု**

ဘာသာရပ်များမှာလည်း ယခင်ဘာသာရပ်များအပြင် RS-GIS၊ Biodiversity၊ Climatology၊ Social Forestry၊ Forestry Extension၊ Agroforestry၊ Wildlife management၊ Tree improvement၊ PAS-Protecte Area System၊ Research Management in Forestry၊ Ecotourism Practices၊ Environmental Management တို့ကို တိုးချဲ့သင်ကြားခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်များကို ပိုမိုတိုးချဲ့ပြီး အသေးစိတ်သင်ကြားရန်ကိုလည်း သင်ရိုးလေ့လာပြောင်းလဲသင်ကြားသွားရန် ဖြစ်ပါသည်။

တက္ကသိုလ်တစ်ခုလုံး၏ ဖွဲ့စည်းပုံပါ ဝန်ထမ်းစုစုပေါင်း အရေအတွက်မှာ ၃၀၀ ဖြစ်ပြီး ယခုအချိန်အထိ ဤတက္ကသိုလ်ရှိ ဝန်ထမ်းအရေအတွက် အများဆုံးခွင့်ပြုခြင်း ဖြစ်ပါသည်။ သို့သော်လည်း အမှန်တကယ်ခန့်ထားနိုင်သော ဝန်ထမ်းဦးရေမှာ ၁၀၀ သာ ရှိပါသည်။

နိဒါန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း သစ်တောပညာရပ်မှာလည်း တဖြည်းဖြည်းပြောင်းလဲလာခဲ့ပါသည်။ သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုမှာ မြန်မာနိုင်ငံမှာသာမက အခြားနိုင်ငံများတွင်လည်း Forestry Education ကို လူငယ်လူရွယ်များ စိတ်ဝင်စားမှုနည်းပါးလာခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဂျာမနီနိုင်ငံ Eberswald မြို့ရှိ University of Forestry ကို ယခုအခါ Eberswald University for Sustainable Development အဖြစ်သို့ ပြောင်းလဲခဲ့ကြောင်း သိရပါသည်။ ထိုကဲ့သို့ပင် အခြား သစ်တောပညာသင်တက္ကသိုလ်များလည်း University/ Institute of Environmental Science သို့ ပြောင်းလဲသွားသော တက္ကသိုလ်များလည်းရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၌ သစ်တောတက္ကသိုလ်မှ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်အဖြစ် ၂၀၁၇ ခုနှစ်တွင် ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိပါသည်။

ပညာရပ်ပိုင်းဆိုင်ရာအနေဖြင့် သစ်တောပညာသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပါ ထဲထဲဝင်ဝင်ဆက်စပ်နေသောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ဆိုင်ရာ လေ့လာသော ပညာရပ်ဘက်သို့ တဖြည်းဖြည်း ပြောင်းလဲနေကြောင်း တွေ့ရပါသည်။ ရှိပြီးမူလ သစ်တောပညာရပ်များသည်ပင်လျှင် ခေတ်ကာလနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုအပေါ် လေ့လာပြီး ထည့်သွင်းသင်ကြားနေရပါသည်။ ဥပမာအားဖြင့် ဤပညာစတင်သင်ကြားချိန်က မပါရှိသော Social Forestry သည် ယနေ့ခေတ်ကာလတွင် Joint Forest Management၊ Community Forestry ကိစ္စရပ်များအတွက် ထည့်သွင်းသင်ကြားပေးရသည်။

သစ်တောပြုန်းတီးမှုနှုန်း လျော့ပါးသွားစေရန် ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးမှုသည် အခြေခံအကြောင်းရင်းဖြစ်သောကြောင့် ယင်းအကြောင်းရင်းကို မပြုပြင်နိုင်ဘဲ ထိရောက်စွာ သစ်တောများကို ထိန်းရန်မှာ အလွန်မလွယ်လှပါ။ ယင်းမှာ သစ်တောပညာကို လူမှုရေးပိုင်းကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် ဖော်ပြပါကိစ္စများ ထည့်သွင်းစဉ်းစားကာ လက်တွေ့ကျသောအမြင်ဖြင့် ပြောရပါမူ သစ်တောပညာရပ် သင်ကြားရေးတွင် "ပြည်သူလူထုပါဝင်သော သစ်တောပြုစုထိန်းသိမ်းရေး" ကို အလေးပေး သင်ကြားသင့်ကြောင်း တွေ့ရပါသည်။

အနာဂတ်သစ်တောပညာရပ်ကို ပုံဖော်ရာတွင်လည်း သစ်တောဘွဲ့ရများအား တာဝန်ပေးအသုံးပြုမည့် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် NGO၊ INGO တို့သို့ Need Assessment ပြုလုပ်ကာ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် တစ်ကြိမ်ကျစီ သင်ရိုးများအား လေ့လာပြောင်းလဲ ရေးဆွဲသင့်ကြောင်းလည်း သုံးသပ်ရပါသည်။

နိဂုံးချုပ်အနေဖြင့် ရန်ကုန်တက္ကသိုလ်အောက်၌ ရှိခဲ့စဉ်က သစ်တောပညာဌာန၊ သစ်တောတက္ကသိုလ်၊ ယခု လက်ရှိသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သည် ၁၉၂၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ B.Sc၊ MSc (Forestry) ဘွဲ့ရ ၃၀၀၀ ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်ပေသည်။ ၂၀၂၃ ခုနှစ်တွင် သစ်တောပညာ နှစ် ၁၀၀ ပြည့်မည်ဖြစ်သောကြောင့် ဤဘာသာရပ်ကို နှစ် ၁၀၀ တိုင်တိုင် မယိမ်းမယိုင်စေဘဲ သင်ကြားပြသ ထိန်းသိမ်းပေးခဲ့ကြသော ဆရာ ဆရာမများအားလည်းကောင်း၊ သစ်တောဘွဲ့ရ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိရုံမျှမက အနှစ် (၁၀၀) ပြည့်ခဲ့ပြီဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီးတွင် အစပြုခဲ့သည့် သစ်တောပညာသည်လည်း နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်ပေသည်။ ယင်း နှစ် ၁၀၀ ပြည့်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်စေရန်အတွက် ပါဝင်ကူညီကြပါရန်ကိုလည်း တိုက်တွန်းရပေသည်။ ။

**ကျမ်းကိုးများ**


၁။ **Ministry of Education, Arts and Science university , Yangon, Department of Forestry, Forestry Syllabus, 1980 December။**
၂။ **ဦးတင်လှ (သစ်တော) "သိတော့သိတယ်-ရှားတယ်" သစ်တောရေးရာဂျာနယ် (၅)၊ (၁၀)၊ (၁၁)၊ (၁၂) ၂၀၀၈ ခုနှစ်၊ မတ်လ၊ ဧပြီလနှင့် မေလ။**
၃။ **ဦးဇော်ဝင်း-၇၊ "သစ်တောပညာသင်ကြားခြင်းနှင့် သစ်တောရေးရာ လုပ်ငန်းများအကြောင်း သိကောင်းစရာ"၊ ၂၀၀၉ ခုနှစ်၊ သစ်တောတက္ကသိုလ်။**
၄။ **ဆရာကြီး ဦးဟုတ်လင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ သစ်တောဦးစီးဌာနအား တွေ့ဆုံမေးမြန်းခဲ့ခြင်း။**
၅။ **ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၀.၁၀.၂၀၁၇ ရက်စွဲပါ စာအမှတ် - အုပ်ချုပ်မှု(ဖွဲ့စည်းပုံ)/၂၀၁၇ (၁၄၁၇၀)၊ အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၁၇)။**


# စာရေးသူ၏ ကိုယ်ရေးအကျဉ်း



- ❖ အမည်ရင်းမှာ ဒေါက်တာစန်းဝင်း ဖြစ်သည်။
- ❖ အမရပူရမြို့ဇာတိဖြစ်သည်။
- ❖ သစ်တောတက္ကသိုလ်သို့ ၁၉၈၀ ပြည့်နှစ်တွင် တက်ရောက်ပြီး ၁၉၈၃ ခုနှစ်တွင် ဘွဲ့ရရှိသည်။
- ❖ ၁၉၈၄ ခုနှစ်တွင် သစ်တောဦးစီးဌာန၌ အလုပ်ဝင်ရောက်သည်။
- ❖ ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဂျပန်နိုင်ငံ Tsukuba University တွင် သစ်တောအုပ်ချုပ်မှု ဘာသာရပ်ဖြင့် M.Sc and Ph.D ဘွဲ့ရသည်။
- ❖ Introduction to a Green Economy:Concepts and Application
- ❖ Introduction to Sustainable Consumption and Production in Asia
- ❖ Land Use Change Simulation Modelling 4
- ❖ ၂၀၂၀ ပြည့်နှစ်တွင် သစ်တောတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်ဖြင့် သက်ပြည့်အငြိမ်းစားယူသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုရီးယားသမ္မတနိုင်ငံက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ ညနေပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကိုရီးယားသမ္မတနိုင်ငံမှ ASEAN – Korea Cooperation Fund ဖြင့် COVID-19 Antigen Test Kits များ လှူဒါန်းပေးအပ်ခြင်းအခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကိုရီးယားသမ္မတနိုင်ငံ KOFIH အဖွဲ့နှင့် ကိုရီးယားနိုင်ငံမှ အဖွဲ့အစည်းများသည် စဉ်ဆက်မပြတ် ပံ့ပိုးလှူဒါန်းမှုများ ပြုလုပ်နေခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခွဲစိတ်ခွဲစက်ပစ္စည်းကိရိယာများ၊ ခွဲစိတ်ခွဲဆက်စပ်ပစ္စည်းများ၊ Rapid Antigen Diagnostic Test Kit များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး အသုံးအဆောင်များကို ကိုရီးယားသမ္မတနိုင်ငံက ပေးအပ်လှူဒါန်းလျက်ရှိရာ ယခုအချိန်အထိ ကိုရီးယားသမ္မတနိုင်ငံအစိုးရမှ လှူဒါန်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရှိပြီဖြစ်ပါကြောင်း၊ ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံမှ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ကုမ္ပဏီများမှ လှူဒါန်းမှုများလည်း ရှိပါကြောင်း။

ထိုကဲ့သို့ လှူဒါန်းပံ့ပိုးမှုများသည် မြန်မာနိုင်ငံ ပြည်သူများအတွက် များစွာအကျိုးရှိစေပြီး မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုမြင့်မားစေရေးအတွက်လည်း အကျိုးရှိစေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ စနစ်တကျတပ်ဆင်ရေး စီမံချက်အသွင် လှုပ်ရှားမှုကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ပေးအပ်လှူဒါန်းသည့် COVID-19 Antigen Test Device



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုရီးယားသမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

၄၄၀၀၀ ခုသည် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ လူနာများကို စောစီးစွာရှာဖွေကုသမှုပေးနိုင်ရန်နှင့် ရောဂါကွင်းဆက်ဖြတ်တောက်နိုင်ရန် လုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**အဓိကအခန်းကဏ္ဍမှ ပါဝင်**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက လွန်ခဲ့သော အပတ်က ကျင်းပပြုလုပ်ခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် လက်ရှိအာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အောင်မြင်မှုရရှိခဲ့ခြင်းကို ဝမ်းမြောက်စွာ ဂုဏ်ပြုပါကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီနှင့် ကျင်းပစဉ်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါအတွက် လိုအပ်သော ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့အခမ်းအနားသည် အာဆီယံ-ကိုရီးယား ထိပ်သီးညီလာခံ ကျင်းပနေသည့် ကာလနှင့် တိုက်ဆိုင်နေပြီး ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတ Mr. Moon Jae-in က ယခင် New Southern Policy မှ New Southern Policy Plus သို့ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဟု ကြေညာခဲ့ပါကြောင်း၊ အဆိုပါမူဝါဒအသစ်တွင် ဦးစားပေးလုပ်ငန်းနယ်ပယ် ခုနစ်ခုပါရှိပြီး ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် အကူအညီလိုအပ်သော အာဆီယံနိုင်ငံများကို ထောက်ပံ့ရန်အတွက် ASEAN-Korea Cooperation Fund တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအား ယခုကဲ့သို့ ပထမဦးဆုံး ထောက်ပံ့ကူညီပေးခြင်းဖြစ်ပါကြောင်း၊ KOFIH မှလည်း COVID-19 Antigen test kit များနှင့် portable X-ray များကို ထောက်ပံ့ပေးခဲ့ပါကြောင်း။

**တိုးမြှင့်ဆောင်ရွက်သွားမည်**

ထို့အပြင် KOFIH သည် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မကူးစက်နိုင်သောရောဂါများနှင့် ကူးစက်ရောဂါဆိုင်ရာ စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများအတွက်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ First Secretary Ms. Oh You Na က ကိုရီးယားသမ္မတနိုင်ငံ၏ New Southern Policy Plus နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ KOFIH Myanmar Office မှ ဌာနေကိုယ်စားလှယ် Mr. Ahn Jong-soh က ယခု ပေးအပ်လှူဒါန်းမှုများမှာ ASEAN – Korea Cooperation Fund ဖြင့် မြန်မာနိုင်ငံအား ယခုကဲ့သို့ ပထမဦးဆုံးအဖြစ် ထောက်ပံ့ကူညီပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအပါအဝင် ကျန်းမာရေးကဏ္ဍလုပ်ငန်းများတွင် ရှေ့ဆက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံမှ ASEAN – Korea Cooperation Fund (AKCF) ဖြင့် လှူဒါန်းပေးအပ်သည့် အမေရိကန်ဒေါ်လာ ၄၂၅၃၆၀ တန်ဖိုးရှိ COVID-19 Antigen Test Device ၄၄၀၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောလင်းခရိုင်၌ မိုးစပါးမျိုးစေ့ထုတ် တစ်ဧက ၁၅၅ တင်းထွက်ရှိ

**ကောလင်း နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်အတွင်းရှိ ဆင်းဧကရီ ၃ မိုးစပါးမျိုးစေ့ထုတ်ကွက်ကို ၆၆ ပေနှင့် ၆၆ ပေ စံကွက်ရိတ်သိမ်းရာ အစိုထွက် ၁၅၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက CERP အစီအစဉ်ဖြင့် စိုက်ပျိုးထားသော ရွှာသာယာကျေးရွာအုပ်စု တုံးဖလားကျေးရွာတောင်သူ ဦးအောင်ရွှေ၏ ဆင်းဧကရီ ၃ မိုးစပါး သုံးဧက မျိုးစေ့ထုတ်ကွက် စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ပြုလုပ်ရာ ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများ၊ ပင်လည်ဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးနေဝင်းလှိုင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူကြီးများ စုပေါင်း၍ စံကွက်ရိတ်သိမ်းခဲ့ရာ အစိုထွက် ၁၅၅ တင်းနှုန်း



ထွက်ရှိကြောင်း ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြင်စန်းထံမှ သိရသည်။

ကောလင်းခရိုင်အတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် မိုးစပါး မျိုးသန့်မျိုးစေ့ထုတ်ကွက် ဝန်းသိုမြို့နယ်တွင် ဧက ၂၅၀၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၃၅၀၊ ကောလင်းမြို့နယ်တွင် ဧက ၄၅၀ စုစုပေါင်း ဧက ၁၀၅၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ကျောက်ရောမြေသားလမ်းဖောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**ရေတာရှည် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေရင်း ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာပေါင်း ၅၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စီမံကိန်းဝင် ကျေးရွာကော်မတီအလိုက် သတ်မှတ်ထားသည့် အတိုးနှုန်းဖြင့် ငွေထုတ်ချေး၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ပြန်လည်ရရှိလာသည့် အတိုးရငွေဖြင့် မိမိတို့ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွှန့်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၆ ရက်က ဂုံမင်းကွင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေ ကျပ်သိန်း ၇၀ ဖြင့် အရှည် ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ ဒု ရှစ်လက်မရှိ ကျောက်ရောမြေသားလမ်းဖောက်လုပ်နေမှုကို ကျေးရွာကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



**○ မြန်မာ့လက်ရွေးစင်မှ**

အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ မြန်မာအသင်းအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများကို မတ်လတွင် နှစ်ပွဲ၊ ဇွန်လတွင် တစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် သုံးပွဲကစားရန် ကျန်ရှိနေပြီး ဂျပန်အသင်းနှင့် အဝေးကွင်းပွဲ၊ ကာဂျစ္စတန်နှင့် အိမ်ကွင်းပွဲကို မတ်လတွင်လည်းကောင်း၊ တာဂျစ်ကစ္စတန်နှင့် အဝေးကွင်းပွဲကို ဇွန်လတွင်လည်းကောင်း ယှဉ်ပြိုင်ကစားရန် ရှိနေသည်။ မြန်မာအသင်းသည် အုပ်စု(စ)တွင် ပါဝင်နေပြီး ငါးပွဲကစား ခြောက်မှတ်ရရှိထားကာ ဂျပန်အသင်းက လေးပွဲကစား ၁၂ မှတ်၊ ကာဂျစ္စတန်နှင့် တာဂျစ်ကစ္စတန်က ငါးပွဲကစား ခုနစ်မှတ်စီ၊ မွန်ဂိုလီးယားအသင်းက ငါးပွဲကစား သုံးမှတ်ရရှိထားသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်မှာမူ ရွှေ့ဆိုင်းထားသည့် အာဆီယံဆုဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားသည်။ အာဆီယံဆုဖလားပြိုင်ပွဲကို ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ဧပြီလတွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

*** ရခိုင်ပြည်နယ်မှ**

သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အမ်းမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၇၈၂ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၃၁၂၈၀၀၀၀ အား နိုင်ငံတော်က ထောက်ပံ့ပေးအပ်ပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများ၏ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းထွန်း**

# ရုရှားနိုင်ငံထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၁၀ သန်း ဝယ်ယူမည်ဟု ဗင်နီဇွဲလားသမ္မတ မာဒူရို ပြောကြား

**ကရာကတ်စ် နိုဝင်ဘာ ၁၆**

ရုရှားနိုင်ငံထုတ် စပွတ်ညစ်ခ်-ဗွီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၀ သန်း ဝယ်ယူရန် အစိုးရက သဘောတူခဲ့ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုက ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ပထမသုံးလအတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေးများ ရောက်ရှိမည်ဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံ၌ စပွတ်ညစ်ခ်-ဗွီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မည်ဟု ကရာကတ်စ်မြို့၌ကျင်းပသော အခမ်းအနားတစ်ခုတွင် မာဒူရိုက ပြောကြားသည်။

၁၉၅၇ ခုနှစ်တွင် အာကာသအတွင်း လွှတ်တင်ခဲ့သည့် ကမ္ဘာ့ပထမဆုံးဂြိုဟ်တုဖြစ်သည့် စပွတ်ညစ်ခ်-ဗွီ အမည်ပေးထားသည့် ဗိုင်းရပ်စ် ကာကွယ်ဆေးကို ရုရှားနိုင်ငံက ဩဂုတ်လအတွင်း ပထမဆုံး မှတ်ပုံတင်ခဲ့သည်။

၎င်းတို့ထုတ်လုပ်သော ဗိုင်းရပ်စ်ကာကွယ်ဆေးသည် အဆင့် ၃ စမ်းသပ်မှုအပြီးတွင် ၉၀ ရာခိုင်နှုန်းကျော် ထိရောက်မှုရှိကြောင်း တွေ့ရှိခဲ့သည်ဟု အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးလုပ်ငန်း BioNTech တို့က ပြောကြားပြီး နှစ်ရက်အကြာ စပွတ်ညစ်ခ်-ဗွီ ဗိုင်းရပ်စ် ကာကွယ်ဆေး၏ ကနဦးရလဒ်များအရ ၉၂ ရာခိုင်နှုန်းအထိ ထိရောက် မှုရှိသည်ဟု ထုတ်လုပ်သည့်ကုမ္ပဏီက ပြောကြားခဲ့သည်။

အောက်တိုဘာလအစောပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံက စပွတ်ညစ်ခ်-ဗွီ လက်တွေ့စမ်းသပ်မှု စတင်ခဲ့ပြီး စမ်းသပ်မှုတွင်ပါဝင်သူ ၂၀၀၀ တွင် မာဒူရို၏သားဖြစ်သူ နီကိုးလပ်မာဒူရိုဂူရီယာလည်း ပါဝင်ခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံ၌ မတ်လအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်နောက်ပိုင်း ကူးစက်လူနာ ၉၆၉၃၃ ဦးနှင့် သေဆုံးသူ ၈၄၈ ဦးရှိကြောင်း အစိုးရက အတည်ပြုခဲ့သည်။

အတိုက်အခံများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက အဆိုပါအချက်အလက်များကို မေးခွန်းထုတ်ပြီး ဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှု ပိုမိုများပြားနိုင်သည်ဟု ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ကျော်ထိုက်စိုး





# ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့သူနှင့် ထိတွေ့ခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ် သီးခြားခွဲနေမည်

**လန်ဒန် နိုဝင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သူ တစ်ဦးနှင့် ထိတွေ့ခဲ့မှုကြောင့် ၎င်းအနေဖြင့် သီးခြားခွဲနေရမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

၎င်းတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ မပြသသော်လည်း သီးခြားခွဲနေရေးစည်းမျဉ်းများကို လိုက်နာပြီး နေအိမ်မှနေ၍ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဘောရစ်ဂျွန်ဆင်က ယမန်နေ့က တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ ပြီးခဲ့သည့်အပတ်က အနီးကပ်လက်ထောက်နှစ်ဦး ရာထူးမှနုတ်ထွက်ခဲ့မှုကြောင့် ဂျွန်ဆင်အတွက် ယခုကဲ့သို့ သီးခြားခွဲနေရခြင်းသည် လုပ်ငန်းပိုင်းဆိုင်ရာတွင် အခက်အခဲများ ရှိလာစေကြောင်း ဗြိတိန်မီဒီယာအချို့က ဖော်ပြခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်ရုံး၌ အာဏာပြိုင်ဆိုင်မှု ဖြစ်ပေါ်နေသည်ဆိုသောသတင်းများ ထွက်ပေါ်နေစဉ် ဘောရစ်ဂျွန်ဆင်၏ လက်ထောက်နှစ်ဦး ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်၊ အခြားကိစ္စရပ်များနှင့်ပတ်သက်၍ ဗြိတိန်နှင့် ဥရောပသမဂ္ဂကြား ဆွေးနွေးမှုများက ယခုအပတ်အတွင်း အရေးပါသောအဆင့်သို့ ရောက်ရှိမည်ဟု မျှော်မှန်းရသည်။ ဘောရစ်ဂျွန်ဆင်အနေဖြင့် နောက်ထပ်စိန်ခေါ်မှုတစ်ခု ရင်ဆိုင်နေရပြီး ဗြိတိန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် မြန်ဆန်စွာပျံ့နှံ့လျက်ရှိသည်။ တစ်ရက်တာအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေမှာ ၆၀၀ အထိ ရှိလာခဲ့သည်။

လန်ဒန်မြို့နှင့် ဗြိတိန်နိုင်ငံရှိ အခြားဒေသများ၌ တင်းကျပ်သော ကန့်သတ်ချက်များ သတ်မှတ်ထားသည်။ ဘောရစ်ဂျွန်ဆင်သည် ယခုနှစ် အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး အခြေအနေ ဆိုးရွားလာသောကြောင့် အထူးကုသဆောင်၌ ကုသမှုခံယူခဲ့ရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး

# အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁ သန်းကျော်ရှိလာ

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန်နိုင်ငံတွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁ သန်းကျော်အထိ ရှိကာ စံချိန်တင်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၄၀၀၀ ကျော်ရှိခဲ့ပြီး နေ့စဉ် သေဆုံးသူ ၁၁၂၀ ခန့် ရှိခဲ့သည်။ အဆိုပါ အရေအတွက်သည် ကမ္ဘာပေါ်ရှိနိုင်ငံများ၏ ကိုဗစ်-၁၉ ကူးစက်ခံရသူနှင့် သေဆုံးသူအရေအတွက်များနှင့် နှိုင်းယှဉ်ပါက အမြင့်မားဆုံးပမာဏဖြစ်ကြောင်း သိရသည်။ တက္ကဆက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂ ဒသမ ၁ သန်းရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ ရောဂါကူးစက်ခံရမှု ရာခိုင်နှုန်းအရ ၁၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယမန်နေ့က အမေရိကန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ကုသသူ ၆၉၀၀၀ ရှိခဲ့သဖြင့် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်၏ အကြံပေးများက နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ထိခိုက်မှုကြီးမားစွာရှိနေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ အနောက်အလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုကို အများဆုံးခံခဲ့ရပြီး မြောက်ဒါကိုတာ၊ တောင်ဒါကိုတာ၊ ဝစ်ကွန်ဆင်၊ အိုင်အိုဝါ၊ နီဘာစကာ ပြည်နယ်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်ခဲ့သည်။

ထို့ကြောင့် နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြားတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ထုတ်ပြန်ခဲ့ရသည်။ ပြည်နယ်အများအပြားရှိ အုပ်ချုပ်ရေးမှူးများက ဒေသခံများအား နေအိမ်များထဲတွင်သာ နေထိုင်ကြရန် အကြံပေးခဲ့သည်။ မြောက်ဒါကိုတာပြည်နယ်တွင် လူစုလူဝေးများအတွင်း သွားလာရာ၌ မျက်နှာကာများ ဝတ်ဆင်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - စိုးသူရ






# ပါကစ္စတန်နိုင်ငံ ဆင့်ဒ်ပြည်နယ်ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၆**

ပါကစ္စတန်နိုင်ငံတောင်ဘက် ဆင့်ဒ်ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ် ဆယက်မူရတ်အာလီရှာသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံးက ယနေ့ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် သီးခြားခွဲ၍ နေခဲ့ပြီးနောက် နိုဝင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် သူ၏ လတ်တလော ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိသည်ဟု ဝန်ကြီးချုပ်ရုံး က ထပ်မံဖော်ပြထားသည်။

ဝန်ကြီးချုပ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အထင်ကရ ပါကစ္စတန်နိုင်ငံရေးသမားများအနက် နောက်ဆုံးသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး ဖြစ်လာခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးအများအပြားနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း သိရသည်။

ယခုအခါ ပါကစ္စတန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ မြင့်တက်လာလျက်ရှိသည်။

ပါကစ္စတန်၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၂၈ ဦးထပ်မံတွေ့ရှိပြီး ၁၉ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် စီမံခန့်ခွဲရေးအေဂျင်စီက ယနေ့ပြောကြားသည်။

လက်ရှိအချိန်အထိ ပါကစ္စတန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၉၀၃၂ ဦးရှိပြီး သေဆုံးသူ ၇၁၆၀ ရှိကြောင်း သိရသည်။ နိုင်ငံ၏ တောင်ဘက်တွင် တည်ရှိသော ဆင့်ဒ်ပြည်နယ်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံး ထိခိုက်သွားသည့် ပြည်နယ်ဖြစ်ပြီး ယင်းပြည်နယ်တစ်ခုတည်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ သူပေါင်း ၁၅၅၆၈၀ ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၄၉၅၃၂၁၃ | ဦး |
| သေဆုံးသူ | ၁၃၂၆၅၈၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၈၂၂၇၄၉၅ | ဦး |

# အာဏာလွှဲပြောင်းရေးအတွက် ဂျိုးဘိုင်ဒင်၏ အာဏာလွှဲပြောင်းရေးဆိုင်ရာအဖွဲ့ သမ္မတထရမ့်အား တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်၏ အာဏာလွှဲပြောင်းရေးဆိုင်ရာအဖွဲ့က ယခုရက်သတ္တပတ်အတွင်း အာဏာလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပေးရန်အတွက် သမ္မတထရမ့်အစိုးရအဖွဲ့အား ယမန်နေ့က တိုက်တွန်းပြောကြားခဲ့သည်။

ဂျိုးဘိုင်ဒင်၏ အာဏာလွှဲပြောင်းရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အဖွဲ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်သော ကုမ္ပဏီများနှင့် ယခုရက်သတ္တပတ်အတွင်း တွေ့ဆုံမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်လက်ထက်တွင် အိမ်ဖြူတော်ရုံးအဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်မည့် ရွန်ကာလိန်းက ယမန်နေ့တွင် ပြောကြားခဲ့သည်။

သမ္မတထရမ့်အစိုးရအနေဖြင့် အာဏာလွှဲပြောင်းရေးအတွက် သဘောတူအတည်ပြုမှသာ ဂျိုးဘိုင်ဒင်၏ အာဏာလွှဲပြောင်းရေးဆိုင်ရာအဖွဲ့အနေဖြင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဂျိုးဘိုင်ဒင်၏ အာဏာလွှဲပြောင်းရေးဆိုင်ရာအဖွဲ့က အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ထိခိုက်နစ်နာခဲ့သည့် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က မိန့်ခွန်းတစ်ရပ်ပြောကြားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။


တစ်ဖက်ကလည်း သမ္မတထရမ့်သည် ၎င်းအနေဖြင့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်ဟု မီဒီယာများ၏ သတင်းဖော်ပြမှုအပေါ် ယမန်နေ့က ငြင်းဆိုခဲ့သည်။ ဂျိုးဘိုင်ဒင်က သတင်းမှားများဖော်ပြတဲ့ မီဒီယာရှေ့မှောက်မှာသာ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ အနိုင်အရှုံးနဲ့ပတ်သက်ပြီး ကျွန်တော် ဘာကိုမှ ဝန်မခံပါဘူးဟု သမ္မတထရမ့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

သမ္မတထရမ့်သည် ရွေးကောက်ပွဲဆိုင်ရာ မဲရေတွက်မှုနှင့်ပတ်သက်ပြီး တရားစွဲဆိုမှုများကို ဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်ချက်ချထားကြောင်း သိရသည်။ အာဏာလွှဲပြောင်းရေးအတွက် အဆင်ပြေချောမွေ့မှုများ ရှိမည်လားဆိုသည်မှာ ယခုအချိန်အထိ ရှင်းလင်းမှုမရှိသေးကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**



အိမ်ဖြူတော်ရုံးအဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်မည့် ရွန်ကာလိန်း



# ဗြိတိန်၌ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမည့် ဓာတ်ခွဲခန်း နှစ်ခုကို ၂၀၂၁ ခုနှစ်တွင် ဖွင့်လှစ်မည်

**လန်ဒန် နိုဝင်ဘာ ၁၆**

ဗြိတိန်နိုင်ငံ၌ ၂၀၂၁ ခုနှစ်အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမည့် ဓာတ်ခွဲခန်းနှစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုသို့ ဖွင့်လှစ်ရာတွင် ဓာတ်ခွဲခန်း တစ်ခုကို ဘာမင်ဂန်မြို့လယ်ရှိ လက်မင်တန်စပါးတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အခြားဓာတ်ခွဲခန်းတစ်ခုကို စကော့တလန်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါဓာတ်ခွဲခန်းများတွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုခြောက်သိန်းခန့်ကို ဆောင်ရွက်နိုင်မည်ဟု သိရသည်။ မိမိတို့အနေနဲ့ ကိုဗစ်- ၁၉ ရောဂါ စစ်ဆေးမှုတွေမှာ အခက်အခဲမရှိအောင် ဒီဓာတ်ခွဲခန်းနှစ်ခုကို ထပ်မံဖွင့်လှစ်ခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီး မတ်စ်ဟန်းကော့စ်က ပြောကြားသည်။

ယခုနှစ်အစောပိုင်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းနှင့် ရောဂါပိုးရှိသူများအား ခြေရာခံခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သော်လည်း ထိုစနစ်သည် ရောဂါထိန်းချုပ်ရေးတွင် အကျိုးသက်ရောက်မှု နည်းပါးကြောင်း နိုင်ငံ၏ ဆေးသိပ္ပံဆိုင်ရာ အကြံပေးအဖွဲ့က ပြောကြားသည်။

ယခုဖွင့်လှစ်မည့် ဓာတ်ခွဲခန်းများတွင် ကင်ဆာရောဂါများနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကိုပါ စစ်ဆေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဗြိတိန်သည် ဥရောပတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-စိုးသူရ**

# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်

**ပါရီ နိုဝင်ဘာ ၁၆**

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ အဆမတန်မြင့်တက်လျက်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခက်ခဲမှုများလည်းရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာသည့်အတွက် နိုင်ငံတစ်ဝန်း၌ ခရီးသွားလာခွင့်ပိတ်ပင်မှုများ ချမှတ်ခဲ့သည်မှာ ရက်သတ္တနှစ်ပတ်ကျော်လာခဲ့ပြီဖြစ်သည်။

အောက်တိုဘာ ၃၀ ရက်မှစပြီး ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဒုတိယအကြိမ် ချမှတ်ခဲ့သော်လည်း ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ခြောက်သိန်းကျော်ရှိကြောင်း စစ်တမ်းများအရ သိရသည်။

ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်သော လူနာဦးရေသည် တစ်ရက်တာအတွင်း ၃၀၀၀ ကျော်ရှိသည်။

ပြင်သစ်အစိုးရက ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ခုတင် ၁၃၆၀ ထပ်မံဖြည့်တင်းပေးခဲ့သည်။ ထို့ပြင် အရေးပေါ်လူနာအချို့ကို ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် အိမ်နီးချင်း ဂျာမနီနိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။

လက်ရှိအချိန်အထိ ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၈၁၈၂၇ ဦးရှိပြီး သေဆုံးသူ ၄၄၅၄၈ ဦး ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လျက်ရှိသော်လည်း ခရစ္စမတ်ပွဲတော် နီးကပ်လာသည့်အတွက် စတိုးဆိုင်များနှင့် စားသောက်ဆိုင်ပိုင်ရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းများ ဖြေလျှော့ပေးရန် အစိုးရအား တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဩစတြေးလျကျန်းမာရေးပညာရှင်များက ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုအပေါ် ကာကွယ်တားဆီးမှုများ ပြုလုပ်ပေးရန် တောင်းဆို

**ကင်ဘာရာ နိုဝင်ဘာ ၁၆**

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုအပေါ် ကာကွယ်တားဆီးမှုများ ပြုလုပ်ပေးပါရန် ဩစတြေးလျကျန်းမာရေးပညာရှင်များက ဝန်ကြီးချုပ် စကော့မော်ရီဆင်ထံ တောင်းဆိုခဲ့သည်။

ယင်းသို့ တောင်းဆိုရာတွင် ကျန်းမာရေးအဖွဲ့အစည်း အုပ်စု ၂၉ စုတို့က စာဖြင့် ရေးသားတောင်းဆိုခြင်းဖြစ်ပြီး ရာသီဥတုနှင့် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ဩစတြေးလျကူးစက် ရောဂါဆိုင်ရာ ပညာရှင်များအဖွဲ့နှင့် ဩစတြေးလျ ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းတို့က ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုသည် လူ့အသိုက်အဝန်းအား ခြိမ်းခြောက်နေကြောင်း ရေးသားဖော်ပြထားသည်။ ကမ္ဘာပေါ်ရှိ အစိုးရများအနေဖြင့် လူသားများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များကို လိုက်နာပြီး သဘာဝဘေး ကာကွယ်ရေးအတွက် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုများကို လျှော့ချနိုင်ရန် ဆောင်ရွက်သင့်ကြောင်း ဆက်လက်၍ အကြံပြုရေးသားထားသည်။

ဩစတြေးလျပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းမှ အမှုဆောင်အရာရှိချုပ် တယ်ရီစလန်ဗန်က ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုသည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးနှင့် စီးပွားရေးတို့အပေါ်တွင် အကျိုးသက်ရောက်မှုများရှိနေကြောင်း ပြောကြားသည်။

ထို့အပြင် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များအဖြစ် တောမီးများလောင်ကျွမ်းခြင်းနှင့် မိုးခေါင်ခြင်းတို့ဖြစ်ပေါ်စေပြီး ထိုအရာများက လူသားများ၏ ကျန်းမာရေးကိုပါ ထိခိုက်မှုများရှိလာသည်ကို တွေ့မြင်နေရကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ပီရူး ယာယီသမ္မတ မန်နျူရယ်မီရီနို ရာထူးမှနုတ်ထွက်

**လီမာ နိုဝင်ဘာ ၁၆**

ပီရူး ယာယီသမ္မတ မန်နျူရယ်မီရီနိုသည် ငါးရက်ကြာတာဝန်ထမ်းဆောင်ပြီးနောက် ရာထူးမှနုတ်ထွက်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။ သမ္မတ မာတင်ဗစ်ကာရာအား အကျင့်ပျက်ခြစားမှုများ ကျူးလွန်သည့်စွဲချက်ဖြင့် ပီရူးဥပဒေပြုလွှတ်တော်က ရာထူးမှ အနားပေးခဲ့ပြီးနောက် နိုဝင်ဘာ ၁၀ ရက်တွင် ဥပဒေပြုလွှတ်တော်အကြီးအကဲဟောင်း မန်နျူရယ်မီရီနိုသည် ယာယီသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

သမ္မတ ဗစ်ကာရာအား စွဲချက်တင်ရာတွင် ပွင့်လင်းမြင်သာမှုများ မရှိသည့်အတွက် နိုင်ငံအတွင်း၌ ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပွားလာခဲ့သည်။ ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ရာ ဆန္ဒထုတ်ဖော်သူနှစ်ဦး သေဆုံးခဲ့သည်။

အဆိုပါဆန္ဒထုတ်ဖော်မှုများ အရှိန်မြင့်တက်လာခဲ့သည့်အတွက် ယာယီသမ္မတ မီရီနိုသည် ရာထူးမှနုတ်ထွက်မည်ဟု ယမန်နေ့က ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဥပဒေပြုလွှတ်တော်က သမ္မတတစ်ဦးကို မကြာမီခန့်အပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ပီရူးနိုင်ငံအတွင်း၌ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲပြီးနောက် နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ သမ္မတရာထူးသက်တမ်း တစ်ကြိမ်မကုန်ဆုံးမီကာလအတွင်း၌ပင် သမ္မတသုံးဦး ရာထူးမှနုတ်ထွက်ခဲ့ရသည်။

သမ္မတရွေးကောက်ပွဲကို လာမည့်နှစ် ဧပြီလတွင်ကျင်းပရန် စီစဉ်ထားပြီး သမ္မတဟောင်း အလယ်ဘာတိုဖူဂျီမိုရီ၏ အကြီးဆုံးသမီး ကိုင်ကိုဖူဂျီမိုရီ ဝင်ရောက်ရွေးကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# မြဝတီ၊ မိုင်းရယ်၊ ဟိုပုံးနှင့် နမ့်စန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၅ ရက် ညနေ ၅ နာရီတွင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်၌ မိုးဦး မောင်းနှင်ပြီး မဖြိုးဖြိုး လိုက်ပါလာသော ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းရယ်မြို့ အမှတ်(၃) ရပ်ကွက်နေ လုံးအောင်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဆန်ဆာနှင့် မောင်စောတို့အား တွေ့ရှိရပြီး နေအိမ် အိပ်ခန်းနှင့် ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၇၉၀ နှင့် တရုတ်နိုင်ငံထုတ် လက်ပစ်ဗုံးတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် လွယ်ပိုးတုတ်ကျေးရွာအနီး ဟိုပုံး-လွိုင်လင်သွား ကားလမ်းတွင် စိုင်းမောင် မောင်းနှင်ပြီး စိုင်းပီး လိုက်ပါလာသော ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် စိုင်းမောင်မှာ ထွက်ပြေးသွားပြီး ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ ဘိန်းစိမ်း သုည ဒသမ ၃ ကီလိုတို့ကို လည်းကောင်း။

နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်စန်မြို့နယ် ကုန်းပုတ်ကျေးရွာအနီး နမ့်စန်-ကုန်းပုတ် ကျေးရွာသွားကားလမ်းတွင် အိုက်မောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း၊ ဆက်လက်၍ ကွင်းဆက်အရ ညနေ ၅ နာရီတွင် နမ့်စန်မြို့နယ် လွိုင်လျှံကျေးရွာအနီး နမ့်စန်-လွိုင်လျှံ ကျေးရွာသွားကားလမ်း၌ အိုက်လူ မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အိုက်လူမှာ ထွက်ပြေးသွားပြီး ဆိုင်ကယ် တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



စိုင်းပီးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းခုတ်သွား ကားလမ်း ဟိုနားလမ်းဆုံနေရာ၌ Nissan (၁၀)ဘီး (ကြက်သွေးရောင်/ခဲရောင်)ယာဉ်ပေါ်မှ တရားမဝင် ကျွန်း/ ပိတောက်ခွဲသား/ စကွဲယား ၈၂ တုံး/ချောင်း ၁၁ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်တောင်ကြီးဝိုင်း အကွက်အမှတ်(၁၀)အတွင်း ထွန်စက်(နောက်တွဲပါ) နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ်(ဗုံတို)/အင်ကြင်း/ ကညင်/ အင်သစ်/ လုံးပတ်သုံးပေအောက် ကျွန်းသစ်(ဗုံတို) ၂၃ လုံး သုံးတန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးအား လည်းကောင်း၊ ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ ဆိပ်ကမ်းတွင် ရေယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်း/ ကညင်ခွဲသား/ ပကာ/ ပါကေး ၅၈၃၁ ချောင်း ၈၈ ဒသမ ၁၅၁၃ တန်နှင့် ပြစ်မှုကျူးလွန်သူ လေးဦးတို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံ၌ သုံးဘီးဆိုင်ကယ် တိမ်းမှောက်၍ နှစ်ဦးသေဆုံး

**ကျိုင်းတုံ နိုဝင်ဘာ ၁၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ကောင်းကန်ရွာအနီး၌ ယမန်နေ့ ညနေ ၆ နာရီခွဲခန့်က သုံးဘီးဆိုင်ကယ်တစ်စီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်၍ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းခွန်ကျေးရွာအုပ်စု ကောင်းကန်ရွာအနီးတွင် ကိုရင်လေး ဘုန်းကြီးကျောင်းမှ ကောင်းကန်ရွာသို့ ဦးစိုင်းဆမ်ဝန်း မောင်းနှင်ပြီး ဒေါ်နန်းဟွေခမ်းနှင့် ဒေါ်ပါနားတို့ လိုက်ပါစီးနင်းလာသည့် သုံးဘီးဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်သောကြောင့် လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်း ဦးစိုင်းဆမ်ဝန်းနှင့် ဒေါ်နန်းဟွေခမ်းတို့မှာ ဒဏ်ရာများ အပြင်းအထန်ရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားကြသည်။ ဒေါ်ပါနားမှာ ယာမျက်ခုံးဖူးရောင်၊ မျက်လုံးအောက်ပွန်းခြစ်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူ ဦးစိုင်းဆမ်ဝန်းနှင့် ဒေါ်နန်းဟွေခမ်း၊ ဒဏ်ရာရရှိသူ ဒေါ်ပါနားတို့အား တာဝန်ရှိသူများက ကျိုင်းတုံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြပြီး ဆိုင်ကယ်မောင်းနှင်သူအား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး**



# မောင်တောမြို့၌ တရားမဝင်ရွှေထည်ပစ္စည်းများ သယ်ဆောင်သူတစ်ဦးအား ဖမ်းဆီးရမိ

**မောင်တော နိုဝင်ဘာ ၁၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်ခြားစောင့်ကွပ်ကဲမှုရုံးအဖွဲ့(ခွဲ)ရုံးရှေ့ စစ်ဆေးရေးဂိတ်တွင် ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်က တရားမဝင် ရွှေထည်ပစ္စည်းများ သယ်ဆောင်သူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် နယ်ခြားစောင့်ကွပ်ကဲမှုရုံးအဖွဲ့(ခွဲ)ရုံးရှေ့ စစ်ဆေးရေးဂိတ်၌ ပူးပေါင်းလုံခြုံရေး တပ်ဖွဲ့ဝင်များသည် လူ/ယာဉ် အဝင်၊ အထွက် စစ်ဆေးဆောင်ရွက်နေစဉ် မောင်တောမှ တောင်ပြိုသို့ ယာဉ်မောင်း ကျော်နိုင် မောင်းနှင်းလာသည့် ခရီးသည်တင်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် ဦးမောင်သာထွန်း ဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစံအတွင်းမှ လျှို့ဝှက်သယ်ဆောင်လာသော ရွှေဟုယူဆရသည့် အကယ်ဒမီစာတန်းပါ အလေးချိန် ၁၀ ကျပ်သားခန့်ရှိ ရွှေရောင် အတုံး နှစ်တုံး စုစုပေါင်း ၂၀ ကျပ်သား တန်ဖိုးငွေကျပ် သိန်း ၂၄၀ ခန့်၊ ငွေကျပ် ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိပြီး ရွှေတုံးများအား တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရန် သယ်ဆောင်လာကြောင်း စစ်ဆေးသိရှိရသဖြင့် ဦးမောင်သာထွန်းအား ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး နယ်မြေရဲစခန်းက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၈ စီး၊ သွင်းကုန် ၁၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း(ရှေ့ဂိတ်)ရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီးအပေါ်တွင် ကိုယ်ပိုင်ယာဉ်များကို စစ်ဆေးနေစဉ် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ယာဉ်အမှတ် 9M-9050 နံပါတ်ပြားတပ်ဆင်ထားသော တရားဝင် အထောက်အထားမရှိသည့် Mazda ယာဉ်တစ်စီးနှင့် ယာဉ်အမှတ် CC-8169 နံပါတ်ပြားတပ်ဆင်ထားသော Toyota Succeed ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇ ဒသမ သုည သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်မြစ်အောက်ပိုင်း ငါးတက်ဆင်းလမ်း ကနဦးအစီအမံများ အပိုင်း(၁) ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ပထမဆုံး ငါးတက်ဆင်းလမ်း တည်ဆောက်ရန်အတွက် မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းနိုင်ငံများအဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် "မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ငါးတက်ဆင်းလမ်း ဖော်ဆောင်ခြင်းဖြင့် ဇီဝ၊ ရူပသွင်ပြင်နှင့် လူထုအပေါ် အကျိုးသက်ရောက်မှုဆန်းစစ်ခြင်း စီမံကိန်း" အမည်ဖြင့် ဩစတြေးလျ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနစင်တာ (ACIAR) အဖွဲ့အစည်း၏ အထောက်အပံ့ရယူလျက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် "မဲခေါင်မြစ်အောက်ပိုင်း ငါးတက်ဆင်းလမ်း ကနဦးအစီအမံများ အပိုင်း(၁) (Lower Mekong Fish Passage Initiative Virtual Seminar (Part 1) )" အွန်လိုင်းဆွေးနွေးပွဲကျင်းပရာ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများတွင် အပါအဝင်ဖြစ်သော "မြန်မာနိုင်ငံ၏ ငါးတက်ဆင်းလမ်း ကနဦး ဆောင်ရွက်မှုများနှင့် အနာဂတ်အစီအစဉ်များ" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ငါးတက်ဆင်းလမ်းအဖွဲ့ကိုယ်စား ငါးလုပ်ငန်းဦးစီးဌာနမှ ဦးညီညီထွန်းက ရှင်းလင်းတင်ပြသည်။ ဆွေးနွေးပွဲတွင် Jason Riley (DOI) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ထိုင်းနိုင်ငံကိုယ်စား Ms. Apiradee Hanpongkittikul(DoF, Thailand) က လည်းကောင်း၊ လာအိုနိုင်ငံကိုယ်စား Dr. Oudom Phonekhamphe (NUOL)နှင့် Mr. Duang Kham Singhano (LaRREC)တို့ကလည်းကောင်း တင်ပြဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ DOI၊ USAID၊ MRC၊ CSU၊ FFI၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ကြသည်။ ယနေ့တွင် မြန်မာနိုင်ငံအပါအဝင် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ တင်ပြဆွေးနွေးကြပြီး နိုဝင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်ပြဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ငါးတက်ဆင်းလမ်းအတွက် ငါးလုပ်ငန်းဦးစီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာန အပါအဝင် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝန်းသိုမြို့နယ် ဘုံချောင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်



**ဝန်းသို နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဘုံချောင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆိုလာစနစ်တပ်ဆင်နေမှုများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ မီးလင်းရေးတာဝန်ခံ အင်ဂျင်နီယာ ဒေါ်အိမွန်ဟိန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ဘုံချောင်းကျေးရွာတွင် တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရာ၌ Solar 60W အသုံးပြုသူ ၁၂ ဦးနှင့် Solar 100W အသုံးပြုသူ ၂၅ ဦးကို ဆိုလာစနစ်များ တပ်ဆင်ပေးလျက်ရှိသည်။ အဆိုပါဆိုလာစနစ်တပ်ဆင်ပေးရာတွင် Solar 60 W အတွက် ပြည်သူထည့်ဝင်ငွေကျပ် ငါးသောင်း၊ Solar 100 W အတွက် ပြည်သူထည့်ဝင်ငွေကျပ် တစ်သိန်းခွဲ အချိုးကျထည့်ဝင်မှုဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အများနှင့်ဆိုင်သော ကျန်းမာရေးအဆောက်အအုံတစ်ခု၊ ပညာရေးအဆောက်အအုံတစ်ခု၊ ဘာသာရေးကျောင်းများဖြစ်သော ဘုန်းတော်ကြီးကျောင်းနှင့် ခရစ်ယာန်ကျောင်း၊ လမ်းမီးတိုင် ငါးတိုင်တို့ကို စီမံကိန်းမှ အခမဲ့တပ်ဆင်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# မင်းတပ်-မတူပီလမ်းမှ လည်မျိုတံတား ဖွင့်လှစ်ပြီးစီး

**ဟားခါး နိုဝင်ဘာ ၁၆**

ချင်းပြည်နယ်(တောင်ပိုင်း) မတူပီမြို့နယ် မင်းတပ်-မတူပီလမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားစီမံကိန်းအထူးအဖွဲ့ (၁) က လည်မျိုတံတားကို တာဝန်ယူတည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

လည်မျိုတံတားမှာ အလျား ပေ ၂၄၀ ရှိပြီး RC Girder and RC Girder Slab သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

အဆိုပါလည်မျိုတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားစီမံကိန်းအထူးအဖွဲ့ (၁) မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ဧပြီ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ စီမံကိန်းတန်ဖိုးမှာ ငွေကျပ် ၉၉၇ သန်းဖြစ်ကြောင်း သိရသည်။

လည်မျိုတံတားသည် မင်းတပ်-မတူပီလမ်းပေါ်တွင် တည်ရှိသောကြောင့် ချင်းပြည်နယ်(တောင်ပိုင်း)အတွက် အထူးအရေးပါသော တံတားတစ်စင်းဖြစ်သည်။

**ခရမ်းစိုးမြင့်**



# ရွာသစ်မြို့ ဝေးလံခေါင်ဖျားသော ကျေးရွာများသို့ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်

**ရွာသစ် နိုဝင်ဘာ ၁၆**

ကယားပြည်နယ် ရွာသစ်မြို့ ဝေးလံခေါင်ဖျားသော ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့ ညနေပိုင်းက ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပေးအပ်ရာတွင် ဟွေအောကျေးရွာမှ အိမ်ထောင်စု ၂၀၊ လွယ်ဝိုင်းကျေးရွာမှ ၂၅ စု၊ ဝမ်ဗလကျေးရွာမှ ၂၀၊ ဝမ်လွဲ့ကျေးရွာမှ ကိုးစု စုစုပေါင်း အိမ်ထောင်စု ၇၄ စုအား အိမ်ထောင်စုတစ်စုလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် အုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများက ကျေးရွာအရောက် ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး(ပြန်/ဆက်)**

# ခိုလမ်မြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက် ပေးအပ်



**ခိုလမ် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီက ပြည်သူများလက်ဝယ်အရောက် လိုက်လံပေးအပ်ခဲ့သည်။

အဆိုပါအိမ်ထောင်စုများအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က ဦးဆောင်ပြီး ရပ်/ကျေးစာရေးတို့က လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၁၃ စုနှင့် ကျေးရွာအုပ်စု ငါးအုပ်စုရှိ အိမ်ထောင်စု ၂၇၂ စု စုစုပေါင်း အိမ်ထောင်စု ၅၈၅ စုအတွက် ငွေကျပ် ၁၁၇၀၀၀၀၀ အား ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်လေးဝင်း(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ထုတ်ပြန်ချက်နှင့် သတင်း



❖ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၁၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၃၈၇) ဦး | (၉၁၁,၇၃၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၆၇) ဦး | (၇၀,၁၆၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၄၈) ဦး | (၅၃,၂၉၉) ဦး |
| သေဆုံးလူနာ | (၂၂) ဦး | (၁,၅၉၉) ဦး |

- ယနေ့ သေဆုံးသူ (၂၂) ဦးအနက် ရောဂါအခံရှိသူ (၁၉) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၄၈) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၂၇၆) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၆၇၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၇၃၈)ဦးတွင်-
  - Hotel Quarantine - (၂၄၈) ဦး
  - Facility Quarantine - (၃၁) ဦး
  - Community Based Facility Quarantine - (၃၅၃) ဦး
  - Anosmia Center - (၁၀၆) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၃၆၇၂၁၄ | ၆၉၃၇၂၃၆ | ၂၅၁၉၀၁ |
| ၂။ | အိန္ဒိယ | ၈၈၅၀၃၃၈ | ၈၂၅၄၅၀၈ | ၁၃၀၁၈၇ |
| ၃။ | ဘရာဇီး | ၅၈၆၃၀၉၃ | ၅၂၉၁၅၁၁ | ၁၆၅၈၁၁ |
| ၄။ | ပြင်သစ် | ၁၉၈၁၈၂၇ | ၁၃၉၈၁၀ | ၄၄၅၄၈ |
| ၅။ | ရုရှား | ၁၉၄၈၆၀၃ | ၁၄၅၃၈၄၉ | ၃၃၄၈၉ |
| ၆။ | စပိန် | ၁၄၉၂၆၀၈ | စိစစ်ဆဲ | ၄၀၇၆၉ |
| ၇။ | ဗြိတိန် | ၁၃၆၉၃၁၈ | စိစစ်ဆဲ | ၅၁၉၃၄ |
| ၈။ | အာဂျင်တီးနား | ၁၃၁၀၄၉၁ | ၁၁၂၉၁၀၂ | ၃၅၄၃၆ |
| ၉။ | ကိုလံဘီယာ | ၁၁၉၈၇၄၆ | ၁၁၀၄၉၅၆ | ၃၄၀၃၁ |
| ၁၀။ | အီတလီ | ၁၁၇၈၅၂၉ | ၄၂၀၈၁၀ | ၄၅၂၂၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၇၀၆၄၈ | ၃၉၅၄၄၃ | ၁၅၂၉၆ |
| ၂။ | ဖိလစ်ပိုင် | ၄၀၉၅၇၄ | ၃၇၄၃၆၆ | ၇၈၃၉ |
| ၃။ | မြန်မာ | ၇၀၁၆၁ | ၅၃၂၉၉ | ၁၅၉၉ |
| ၄။ | စင်ကာပူ | ၅၈၁၂၄ | ၅၈၀၂၉ | ၂၈ |
| ၅။ | မလေးရှား | ၄၈၅၂၀ | ၃၅၆၀၆ | ၃၁၃ |
| ၆။ | ထိုင်း | ၃၈၇၅ | ၃၇၂၁ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၈၃ | ၁၁၂၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၂ | ၂၈၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |



## သာကေတမြို့နယ်၌ အိမ်ထောင်စု ၁၀၀၀၀ အတွက် ဆန်နှင့် ဆီထောက်ပံ့

**ရန်ကုန်  နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၅ ရက်က ကိုဗစ်-၁၉ ရောဂါကာလအတွင်း သာကေတမြို့နယ်၌ စားသောက်ရေး အခက်အခဲဖြစ်နေသော မိသားစုများအား ဆန်ရှစ်ပြည်အိတ် တစ်အိတ်စီနှင့် စားဆီ တစ်လီတာဘူး တစ်ဘူးစီတို့ကို ရပ်ကွက်အသီးသီးသို့ လှူဒါန်းထောက်ပံ့သည်။

ထိုင်ဝမ်အခြေစိုက် ချိကျိဖောင်ဒေးရှင်းက သာကေတမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၀၀၀ အတွက် ဆန်ရှစ်ပြည်အိတ် တစ်အိတ်စီနှင့် ဆီတစ်လီတာ တစ်ဘူးစီကို လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းမှတစ်ဆင့် ရပ်ကွက်အသီးသီးသို့ အချိုးကျလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိကြောင်း၊ ယခုလှူဒါန်းမှုသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း စားရေးသောက်ရေး အခက်အခဲဖြစ်နေသော အခြေခံမိသားစုများအား လိုက်လံစာရင်းကောက်ယူပြီး လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## အင်းစိန်မြို့နယ် ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ထမင်းဘူး၊ သောက်ရေသန့်ဘူးနှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန်  နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်ရေးစင်တာများအတွက် အင်းစိန်မြို့နယ်နေ အလှူရှင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန် အလှူငွေများ၊ ထမင်းဘူး၊ အိုအေစစ်သောက်ရေသန့်ဘူး ၄၀၀ စီကို ယနေ့တွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အင်းစိန်ဂျီတီအိုင် ကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ လာရောက်လှူဒါန်းကြသည်။



ထိုသို့ လှူဒါန်းကြရာတွင် မြို့သစ် (ဂ) ရပ်ကွက် ဘုရင့်နောင်ရိပ်သာနေ ဦးမောင်မောင်မြင့်အေး - ဒေါက်တာစောယုနွယ် (ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်) မိသားစုက ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် စားသောက်ရန် နေ့လယ်စာ ကြက်သားဟင်း၊ ချဉ်ပေါင်ဟင်း၊ ငါးပိကြော်၊ ထမင်းဘူးများ၊ အိုအေစစ်သောက်ရေသန့်ဘူး ၄၀၀ စီနှင့် ဖော့ကန်ရပ်ကွက်နေ ဦးမင်းအောင်- ဒေါ်ပိုပိုမာ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြရာ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## COVID-19 ရောဂါဆိုင်ရာ အမေး၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော်  နိုဝင်ဘာ ၁၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး COVID-19 ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ ခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၁၇ ရက် ညနေတွင် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(ဒုတိယဥက္ကဋ္ဌ) ပါမောက္ခချုပ်(ဆေးတက္ကသိုလ်-၁) ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

■

ကမ္ဘာ့နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ အထိမ်းအမှတ်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါဆိုသည်မှာ ...

ပါမောက္ခဒေါက်တာရဲထွန်း (ရင်ခေါင်းဆေးကု)




နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါဟု ကြားလျှင် ရောဂါအသစ်ဟု ထင်နိုင်စရာ ရှိပါသည်။ သို့သော် ရောဂါအသစ်မဟုတ်ပါ။ လူအများက ဤရောဂါအမည်ကို မြန်မာလို မယဉ်ပါးသောကြောင့် ဖြစ်ပါသည်။ အင်္ဂလိပ်လို Chronic Obstructive Pulmonary Disease အတိုကောက် COPD ဟု ကျန်းမာရေးဝန်ထမ်းများက ခေါ်ဝေါ်သုံးစွဲနေသော ရောဂါဖြစ်ပြီး လူအများက အဆုတ်ပွရောဂါအဖြစ် သိရှိနေကြပါသည်။

**ဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းများ**

ကမ္ဘာအနှံ့တွင် နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါခံစားနေရသော လူနာများစွာရှိ၍ ဒေသတစ်ခုနှင့် တစ်ခုစီမှာ ဖြစ်ပွားနှုန်းမတူညီကြပါ။ Burden of Obstructive Lung Disease (BOLD) program မှ လေ့လာတွေ့ရှိချက်အရ ရောဂါဖြစ်ပွားနှုန်းမှာ ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားလူနာ ၁၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူနာ ၈ ဒသမ ၅ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပြုလုပ်ထားသော စစ်တမ်းအရ နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ ဖြစ်ပွားနှုန်းမှာ စစ်တမ်းကောက်လူဦးရေ၏ ၄ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားလူနာ ၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူနာ ၂ ဒသမ ၃ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။

ကမ္ဘာပေါ်တွင် ၂၀၁၀ ပြည့်နှစ် စစ်တမ်းများအရ နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ လူနာများမှာ ၃၈၄ သန်းရှိ၍ တစ်နှစ်လျှင် သုံးသန်းကျော် သေဆုံးနှုန်း ရှိကြောင်း တွေ့ရှိရပါသည်။ လေ့လာချက်များအရ လာမည့် ၂၀၆၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် ၅ ဒသမ ၄ သန်း သေဆုံးနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ၏ ၂၀၁၈ ခုနှစ် စာရင်းများအရ နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါများကြောင့် သေဆုံးမှုမှာ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အသက် ၆၅ နှစ်ကျော် လူနာများတွင် သေဆုံးမှု မြင့်မားကြောင်း တွေ့ရှိရပါသည်။

**နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါဆိုသည်မှာ**

ဤရောဂါဖြစ်ရသည်မှာ ရှူသွင်းလိုက်သော ဆေးလိပ်အငွေ့နှင့် ညစ်ညမ်းသောလေများကြောင့် အဆုတ်တွင်းရှိ လေပြွန်နှင့် လေအိတ်များ ရောင်ရမ်းမှုများဖြစ်ပေါ်လာပြီး လေပြွန်များ ကျဉ်းမြောင်းလာခြင်း၊ လေဝင်လေထွက် ခက်ခဲလာခြင်းနှင့် ရောဂါရှည်ကြာလာပါက အဆုတ်ပွလာခြင်းများ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စနစ်တကျကုသမှုမခံယူပါက အဆုတ်သွေးကြောတွင် သွေးတိုးဖြစ်လာခြင်း၊ ညာဘက်နှလုံးအကန့်များ အားနည်းပျက်စီးလာခြင်းနှင့် အဆုတ်ရောဂါကြောင့် ဖြစ်ပွားသောနှလုံးရောဂါတို့ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်ပါသည်။

**ဖြစ်ပွားရသည့်အကြောင်းများ**

ဤရောဂါဖြစ်သောလူနာများ၏ ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိမှာ ဆေးလိပ်ငွေ့များကြောင့်ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ ဆေးလိပ်ငွေ့များ ရှူမိခြင်းဟုဆိုရာဝယ် မိမိကိုယ်တိုင် ဆေးလိပ်သောက်ခြင်းကြောင့် အများစုပါဝင်သလို အခြားသူသောက်သော ဆေးလိပ်ငွေ့ကို ရှူမိခြင်းကြောင့်လည်း ရောဂါကို ဖြစ်စေပါသည်။ အခြားသူသောက်သော ဆေးလိပ်ငွေ့ကိုရှူမိ၍ ရောဂါဖြစ်ခြင်းကို ကာလရှည်ကြာ တစ်အိမ်တည်း အတူနေသူများတွင် အတွေ့များတတ်ပါသည်။

ဆေးလိပ်မသောက်ဘဲ ရောဂါဖြစ်သောလူနာများတွင် ညစ်ညမ်းသောလေကို ကြာရှည်ရှူမိပြီး ရောဂါဖြစ်သောသူများလည်း ပါဝင်ပါသည်။ ထိုလူနာအုပ်စုတွင် အိမ်တွင်း/ အဆောက်အအုံအတွင်း လေထုညစ်ညမ်းခြင်းနှင့် ပြင်ပဝန်းကျင် လေထုညစ်ညမ်းခြင်းကို ကြာရှည်ထိတွေ့၍ ရောဂါဖြစ်သောသူများ ပါဝင်ပါသည်။ အိမ်တွင်း/ အဆောက်အအုံအတွင်း လေထုညစ်ညမ်းခြင်းဆိုသည်မှာ အလုံပိတ်နေရာများတွင် ထင်း၊ မီးသွေးများ အသုံးပြု၍ ထမင်း၊ ဟင်းများချက်ပြုတ်ခြင်း၊ ဖုန်၊ အမှုန်များထွက်စေသည့် လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ အစရှိသည်တို့ ပါဝင်ပါသည်။ ပြင်ပလေထုညစ်ညမ်းခြင်း ဆိုသည်မှာ လမ်းမပေါ်တွင် ကားများ၊ မီးစက်များမှ ထွက်လာသော မီးခိုးငွေ့များ၊ စက်ရုံများမှ ထွက်လာသော အငွေ့များ၊ သစ်တောများ၊ အမှိုက်ပုံများမှ မီးလောင်ပြီး ထွက်လာသော မီးခိုးငွေ့များ အစရှိသည်တို့ ပါဝင်ပါသည်။

အခြားသော ဖြစ်ပွားစေသည့်အကြောင်းများတွင် အဆုတ်တီဘီရောဂါဖြစ်ပြီး အမာရွတ်ဖြစ်၍ နောက်ဆက်တွဲ လေပြွန်ကျဉ်းသွားသော လူနာအနည်းစု ပါဝင်ပါသည်။ ထို့ပြင် Alpha 1 anti-trypsin ခေါ် မွေးရာပါအင်ဇိုင်းတစ်မျိုး ချို့တဲ့၍ ရောဂါဖြစ်လာရခြင်းအကြောင်း ပါဝင်သော်လည်း မြန်မာနိုင်ငံတွင် ယင်းလူနာမျိုး မတွေ့သေးပါ။ အသက်ကြီးလာပြီး အဆုတ်အားနည်းလာသောအခါ နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါကို ပိုမိုဖြစ်စေကြောင်း တွေ့ရှိထားကြပါသည်။

**ရောဂါလက္ခဏာများ**

ဤရောဂါဖြစ်သော လူနာများကို ၎င်းတို့၏ အဆုတ်မှုတ်အား အနည်း၊ အများအပေါ်မူတည်၍ အပျော့၊ အလယ်အလတ်၊ အပြင်းနှင့် အလွန်ပြင်းအုပ်စုများ ခွဲခြားထားပါသည်။ ယင်းအုပ်စုများအပေါ်မူတည်၍ ရောဂါလက္ခဏာများ အနည်းငယ်ရှိခြင်း၊ ပိုမိုခံစားရခြင်း၊ ဆေးရုံတက်ရောက်ရခြင်း၊ အထူးကြပ်မတ်ခန်း၌ တက်ရောက်ကုသရခြင်းများ ရှိကြပါသည်။ ရံဖန်ရံခါတွင် ဤလူနာအုပ်စုများနှင့် လက္ခဏာအပျော့/ အပြင်းများသည် ကိုက်ညီမှုမရှိသည်များလည်း ရှိကြပါသည်။

ဤလူနာများသည် ကြာရှည်ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ မောပန်းလွယ်ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ တရှုံ့ရှုံ့အသံမြည်ခြင်းများ ခံစားရနိုင်ပါသည်။ ဆေးလိပ်သောက်၍ ရောဂါဖြစ်သောလူနာများသည် ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း လက္ခဏာများကို ဆေးလိပ်ကြောင့် ဖြစ်သည်ဟု ထင်မှတ်ပြီး စောစောစီးစီး ကုသမှုမခံယူတတ်ကြပါ။ ရောဂါက ပြင်းထန်လာပြီး လွန်ကာမှ ကုသမှုခံယူကြသောအခါ ခက်ခဲစွာကုသကြရပါသည်။ ထိုအခါ အပ်နှင့် ထွင်းရမည့်နေရာတွင် ပုဆိန်နှင့် ပေါက်ရသကဲ့သို့ ဖြစ်ကြရသည်။

ဤလူနာများသည် မကြာခဏအသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းများခံစားရ၍ သလိပ်ထွက်များလာခြင်း၊ သလိပ်များပျစ်ခဲလာခြင်း၊ ဝါလာခြင်း၊ စိမ်းလာခြင်း ဖြစ်ပေါ်လာကြပါသည်။ ထိုအခြေအနေကို ရောဂါကြွခြင်းခေါ်ဆိုပြီး ဆေးရုံ/ ဆေးခန်းများသို့အရေးပေါ်ပြသရခြင်း၊ ဆေးရုံတက်ရခြင်း၊ အထူးကြပ်မတ်ခန်းသို့ တက်ရောက်ရခြင်းများ ရှိနိုင်ပါသည်။ ယင်းကဲ့သို့သော လူနာများသည် စိုးရိမ်ရသောအခြေအနေသို့ ရောက်ရှိနိုင်ခြင်းနှင့် အသက်ဆုံးရှုံးရမှုများလည်း ရှိကြပါသည်။

အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းမှာ ဗက်တီးရီးယားပိုးနှင့် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်စေပါသည်။ ဤရောဂါရှိလူနာများသည် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခံအား ကျနေတတ်ပါသည်။ သို့ဖြစ်ပါ၍ ဗက်တီးရီးယားပိုးနှင့် ဗိုင်းရပ်စ်ပိုးများက ပိုမိုဝင်ရောက်လွယ်ကြပါသည်။ ယင်းလူနာများတွင် တုပ်ကွေးဗိုင်းရပ်စ်ပိုးကြောင့် အဓိကဖြစ်စေနိုင်ပါသည်။ ယခုအခါ တုပ်ကွေးကာကွယ်ဆေးထိုးထားပါက ရောဂါကြွခြင်း၊ ဆေးရုံတက်ရခြင်းနှင့် အသက်သေဆုံးမှုများကို ထိထိရောက်ရောက် ကာကွယ်တားဆီးပေးနိုင်ပါသည်။ နာတာရှည် အဆုတ်ပွလေပြွန်ကျဉ်း ရောဂါရှိလူနာများသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး (SARS-CoV-2 virus) မှ ကူးစက်ခံရရန် ပိုမိုလွယ်ကူခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်ခြင်းများကို တွေ့ရှိရသဖြင့် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ်-၁၉ ဗိုင်းရပ်စ် ပိုးကူးစက်မှုမှ မခံရစေရန် ကာကွယ်သည့် နည်းလမ်းများကို အတိအကျလိုက်နာစေလိုပါသည်။

**ပန်းနာရင်ကျပ်ရောဂါနှင့်ဘယ်လိုခွဲခြားမလဲ**

လူနာများက ချောင်းဆိုး၊ ချွဲကျပ်မောသော ဝေဒနာ ခံစားရပါက ရင်ကျပ်ရောဂါဟု အလွယ်တကူ သတ်မှတ်လိုက်ကြပါသည်။ နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါများသည် အခြေခံမှစပြီး မတူညီကြပါ။ လူနာများ အသက် ၄၀ အောက်ဖြစ်လျှင် ပန်းနာရင်ကျပ်ရောဂါပိုဖြစ်နိုင်ပြီး အသက် ၄၀ အထက်ဖြစ်လျှင် နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ ပိုဖြစ်နိုင်ခြေ ရှိပါသည်။


စာမျက်နှာ ၁၉ သို့ ❐

**ဤလူနာများသည် ကြာရှည် ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ မောပန်းလွယ်ခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ တရှုံ့ရှုံ့အသံမြည်ခြင်းများ ခံစားရနိုင်ပါသည်။ ဆေးလိပ်သောက်၍ ရောဂါဖြစ်သော လူနာများသည် ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း လက္ခဏာများကို ဆေးလိပ်ကြောင့် ဖြစ်သည်ဟု ထင်မှတ်ပြီး စောစော စီးစီး ကုသမှုမခံယူတတ်ကြပါ။ ရောဂါကပြင်းထန်လာပြီး လွန်ကာမှ ကုသမှု ခံယူကြသောအခါ ခက်ခဲစွာ ကုသကြရပါသည်။ ထိုအခါ အပ်နှင့် ထွင်းရမည့်နေရာတွင် ပုဆိန်နှင့် ပေါက်ရသကဲ့သို့ ဖြစ်ကြရ။**





# ဆရာဘငွေးကြည် (၁၉၆၂ - ၂၀၂၀)



ဆရာ ဘငွေးကြည်

ခြံဝင်းထဲမှာ သစ်ရွက်ကြွေများကို တံမြက်စည်းတစ်ချောင်းဖြင့် လှဲကျင်းသန့်ရှင်းနေစဉ် ရုတ်တရက် လဲကျသွားကာ ဆုံးပါးရှာသည်။ နှလုံးရောဂါဟု သိရ၏။

သူ့ကို မြန်မာစာပေနယ်တစ်ဝန်းက ပန်းချီဘငွေးကြည်၊ ကာတွန်းဆရာ ဘငွေးကြည်၊ ဘကြည် ဟူ၍ လူသိများ ထင်ရှားသူဖြစ်သည်။ သူက ကဗျာတွေရေးတဲ့ ကဗျာဆရာ တစ်ဦးလည်း ဖြစ်သည်။ ကဗျာရေးတော့ သူ့ကလောင်နာမည်က ညိုမြတ်တဲ့။

သူ့ကို ၁၉၆၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ပြည်မြို့၊ ရွှေဟသာ်ာမြို့သစ်တိုက် ၂၁၊ အခန်း ၈ ၌ အဖ ဦးမြငွေး၊ အမိ ဒေါ်ယဉ်ကြည်တို့က မွေးဖွားသည်။ မွေးချင်း သုံးဦးအနက် အကြီးဆုံးသား။ အမည်ရင်းမှာလည်း ဘငွေးကြည်ဖြစ်၏။

တစ်လသားအရွယ်တွင် ပြည်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်က သတ္တဗေဒ အထူးပြုဘာသာရပ်ဖြင့် B.Sc(Zoo) ဘွဲ့ ရရှိခဲ့သည်။

၁၉၈၂ - ၈၃ ခုနှစ်တွင် ဘကြည် ကလောင်အမည်ဖြင့် ကာတွန်းများ စတင်ရေးဆွဲခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပုဂံမြို့ ကိုးလုံးကျောင်း၊ ညောင်ဦးမြို့ တောင်ဇင်း (စက်စက်ယို) ကျောင်းတို့တွင် အလယ်တန်းပြကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ပေဖူးလွှာမဂ္ဂဇင်း၌ ဘကြည် ကလောင်အမည်ဖြင့် ကာတွန်းများ စတင်ရေးခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး Today Media (ပလုတ်တုတ်)၌ ဂရပ်ဖစ်ဒီဇိုင်နာအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် freelance ဒီဇိုင်နာအဖြစ် Prestige Media ၌ တာဝန်ယူခဲ့သည်။

မဂ္ဂဇင်းများတွင် ကာတွန်းများ၊ စာနယ်ဇင်းသရုပ်ဖော်များ အများအပြားရေးခဲ့သည်။

တစ်ကိုယ်တော်ပန်းချီပြပွဲများအဖြစ်


1. WHITE HUNDRED 1999(10 – 16 Dec)
2. THE DOOR 2011(29 Oct – 12 Nov)
3. Landscapes 2017(16 – 20 Dec) ပြသခဲ့သည်။

စုပေါင်း ပန်းချီပြပွဲများဖြစ်သည့် -

1. The Way 1996 (Nov)
2. ၄ ကြိမ်မြောက် စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာများ ပန်းချီပြပွဲ ၁၉၉၈ (နိုဝင်ဘာ)
3. ဆေးစက်ကျရာ ပန်းချီပြပွဲ ၁၉၉၉ (ဧပြီ)
4. ကံကော်ရှာ ပန်းချီပြပွဲ ၂၀၀၀ (ဇွန်)
5. ART SHOW 2006 (March)
6. PLAYERS 2010 (Jan)
7. Fantasia 2010 (March)
8. Middle Man 2011 (June)
9. mint 2013 (July)
10. မဟာမှိုင်းအလွန် နှစ် ၅၀ ပန်းချီပြပွဲ ၂၀၁၄ (ဇူလိုင်)
11. ပဒုန် ၂၀၁၆ စသည့်ပန်းချီပြပွဲများတွင် ပါဝင်ပြသခဲ့သည်။

ဘငွေးကြည်အမည်ဖြင့် စာအုပ်အချို့ထုတ်ခဲ့ဖူးသည်။

၁။ ဘငွေးကြည် ကာတွန်းများ (၁၉၈၆-၂၀၀၂)၊ ၂၀၀၃။
၂။ ရှုခင်းပန်းချီ မှတ်တမ်း၊ ၂၀၁၂။
၃။ ဘငွေးကြည် ကာတွန်းများ (၁၉၈၆-၂၀၁၄)၊ ၂၀၁၅။
၄။ ပုံပြင်စာအုပ်များ၊ ၂၀၁၅။
၅။ ရှုခင်းပန်းချီ မှတ်တမ်း( ၂၀၁၁ – ၂၀၁၇)၊ ၂၀၁၈ တို့အပြင်
၆။ တက္ကသိုလ် ကျောင်းသားဘဝ ညိုမြတ်ကလောင်အမည်ဖြင့်ရေးခဲ့သည့် ကဗျာများကို ဆရာ မောင်လင်းရိပ်၏ ကနဦးအရေးအသား prologue များနှင့်အတူ "ရှုံးတဲ့ပန်းပွင့် " အမည်ဖြင့် ၂၀၁၆ တွင် ထုတ်ဝေခဲ့သည်။



ဆရာ ဘငွေးကြည် ရေးဆွဲထားသည့် ပန်းချီကား။

ဆရာဘငွေးကြည်သည် ကွယ်လွန်ချိန်အထိ ဂျာနယ်များ မဂ္ဂဇင်းများတွင် ကာတွန်းများ၊ စာနယ်ဇင်း သရုပ်ဖော်ပုံများစွာကို ရေးဆွဲခဲ့သည်။ လုံးချင်းစာအုပ် မျက်နှာဖုံးပုံများစွာတွင်လည်း ရေးဆွဲခဲ့သူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် အမှတ် (၅၃၀)၊ ရွှေနံ့သာလမ်း၊ ၃၇ ရပ်ကွက်၊ မြောက်ဒဂုံ နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရှာပါသည်။

ဘငွေးကြည် ဟူသော အမည်၊ ဘကြည် အမည်ဖြင့် ရေးဆွဲခဲ့သော ကာတွန်းများမှာ အဆင့်အတန်းမြင့်မြင့် သရော်မှုများအဖြစ် ထင်ရှားပါသည်။ လက်ရာက အလွန်ရိုးရှင်း၏။ ကာတွန်း လူတို့၏ အတွင်းစိတ်သဏ္ဌာန်ကိုပါ မြင်ရအောင် သရုပ်ဖော်တတ်သူဖြစ်၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကမောက်ကမမှုများကို ထိထိမိမိ သရော်နိုင်သူတစ်ဦးအဖြစ် လေးစားခံရသူဖြစ်ပါသည်။

သူ့အလွမ်းစာမှာ ဆရာဇော်မောင်က ရေးထားသည့်အတိုင်း ဒီနေရာမှာ ဖော်ပြချင်ပါသည်။ “ဒီတုန်းက ဟံသာဝတီ ဦးဝင်းတင်က သတင်းစာမှာ ဘကြည်ရဲ့ ကာတွန်းတစ်ကွက်ကို ချီးကျူးဖူးတယ်။ လူတစ်ယောက် လမ်းလျှောက်လာတာ ခလုတ်တိုက်တော့ “အား” လို့အော်သံကို တစ်ကွက်ပြတယ်။ နောက်တစ်ကွက်ကျ အဲဒီလူက ကျွန်တော်အော်တာ မဟုတ်ပါဘူးတဲ့၊ ဟို ခေတ်တိုင်ပေါ်က ကျီးကို လက်ညှိုးထိုးပြီး သူအော်တာပါတဲ့။ ခေတ်က ခလုတ်တိုက်တာ နာလို့တောင် အားလို့ မအော်ရဲတဲ့ခေတ်တဲ့ဗျာ။ ဒါကို သူက ကာတွန်းနဲ့ သရော်ထားတာလေ။”

သူ၏ ထူးခြားသွက်လက်သော လက်ရာများဖြင့် ရေးဆွဲသော လုံးချင်းစာအုပ် မျက်နှာဖုံးပုံများမှာ ဆန်းသစ်ကာ ကျော်ကြားပါသည်။

အေးအေးဆေးဆေးနေတတ်သူ၊ မပလွှားသူ၊ ထင်ပေါ်ကျော်ကြားမှုနောက် မလိုက်သူဖြစ်သည်။ အေးအေးနေတတ်သူဆိုသော်လည်း တိုင်းရေးပြည်ရေးတွင် ရှောင်ဖယ်နေတတ်သူ မဟုတ်။ အလွန်ဖိနှိပ်နေသော ကာလများတွင် သူ၏ ကာတွန်းများကို ရအောင် ရေးဆွဲဖော်ပြခဲ့သူဖြစ်သည်။

၂၀၀၇ ရွှေဝါရောင် သံဃာတော်များ အရေးတွင် ရွှေတိဂုံဘုရားပေါ်၌ လူထုကြားတွင် တိတ်တိတ်ဆိတ်ဆိတ် ပါဝင်ဆင်နွှဲနေသော သူနှင့် တွေ့ဆုံနှုတ်ဆက်ကြရသည်ကို မှတ်မိနေသည်။ မှတ်မှတ်ရရဆိုရလျှင် သံဃာတော်များက ပြည်သူတို့လည်း ပါဝင်ကြပါရန် မေတ္တာရပ်ခံစာ ထုတ်ဝေသည့်နေ့ဖြစ်သည်။ ပြည်သူတစ်ဦးအနေဖြင့် ဝင်ရောက်ပါဝင်ခဲ့ကြရင်း အမှတ်မထင်တွေ့ကြ၊ ပန်းတိုင်တစ်ခုဆီသို့ အတူလျှောက်ခဲ့ကြသည်။

လူချစ်လူခင် အလွန်ပေါသူ၊ အေးချမ်းဆိတ်ငြိမ်သူ၊ မျက်နှာပေါ်မှာ အပြုံးတစ်ပွင့် အမြဲဆင်ယင်ထားသူ ဆရာ ဘငွေးကြည် ကျွန်တော်တို့ အားလုံးကို ထားခဲ့ကာ သူ့စတိုင်အတိုင်း တိတ်တိတ်ဆိတ်ဆိတ် ထွက်ခွာသွားလေပြီ။

ကျန်ရစ်သူတို့မှာ ဝမ်းနည်းတသ ယူကျုံးမရ။

**စာအုပ်ပိုး**

**မှတ်ချက်။ အချက်အလက်များကို ကိုယ်ထိုက် က ရှာပေးပါတယ်။**

---

❒ စာမျက်နှာ ၁၈ မှ

ဆေးလိပ်လုံးဝမသောက်တတ်ပါက ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ပိုများပါသည်။ ပန်းနာရင်ကျပ်ရောဂါလူနာများတွင် မိဘ၊ မောင်နှမ၊ ဆွေမျိုးများထဲတွင် ရင်ကျပ်ရောဂါဖြစ်သော မျိုးရိုးရာဇဝင် ရှိတတ်ကြသည်။ ဤအချက်များအပေါ်မူတည်၍ ၎င်းရောဂါ နှစ်ခုကို အများအားဖြင့် ခွဲခြားနိုင်သော်လည်း ရံဖန်ရံခါတွင် ခွဲခြားရန် ခက်ခဲတတ်ပါသည်။ ထိုရောဂါနှစ်မျိုးလက္ခဏာများ ရောနှောနေတတ်သော လူနာများ (Asthma COPD Overlap ACO) ကိုလည်း တွေ့ရတတ်ပါသည်။ ပန်းနာရင်ကျပ်ရောဂါကိုလည်း စနစ်တကျမကုသပါက နှစ်ကာလရှည်ကြာလာလျှင် နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါအသွင်သို့ ကူးပြောင်းသွားနိုင်ပါသည်။

### ကာကွယ်ကုသမှုနည်းလမ်းများ

ဤနာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါသည် ဖြစ်ပေါ်လာလျှင် လုံးဝပျောက်ကင်းအောင် ကုသ၍ မရနိုင်ပါ။ သို့သော် ယင်းရောဂါကို မဖြစ်သေးလျှင် ကာကွယ်နိုင်ပါသည်။ ကာကွယ်ခြင်းသည် ကုသမှုထက် ပိုကောင်းသည်ဆိုသောအချက်သည် ထိုရောဂါအတွက် အလွန်မှန်ကန်ပါသည်။ အဓိကအကြောင်းရင်းဖြစ်သော ဆေးလိပ်အငွေ့ကို ရှောင်ကြဉ်ရမည်။ ဆေးလိပ်လုံးဝစ၍မသောက်ခြင်း၊ ဆေးလိပ်သောက်နေလျှင် ဖြတ်ခြင်း၊ အခြားသူများကသောက်နေသော ဆေးလိပ်အငွေ့များကို ရှောင်ရှားခြင်းတို့ ဖြစ်ပါသည်။ ဤနေရာတွင် စိတ်ကျန်းမာရေးပညာရှင်များအလိုအရ ဆေးလိပ်ကိုသောက်ပြီး စွဲသွားပါက ဖြတ်ရန် အလွန်ခက်ခဲတတ်သောကြောင့် ဆေးလိပ်စတင်မသောက်ရန် အရေးကြီးပါသည်။ သူတစ်ပါးသောက်သော ဆေးလိပ်အငွေ့များကို ရှောင်နိုင်ရန်မှာ အများနှင့်ဆိုင်သောနေရာများတွင် ဆေးလိပ်မသောက်ရန် တားမြစ်ခြင်း၊ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများထူထောင်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် ထိရောက်စွာ ကာကွယ်နိုင်ပါသည်။ ဆေးလိပ်ဖြတ်ခြင်းသည် နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါကိုသာမက အခြားရောဂါအတော်များများကို ကာကွယ်နိုင်ပါသည်။ ရောဂါဖြစ်သည့် လူနာများအတွက်လည်း ဆေးလိပ်ဖြတ်ခြင်းသည် ကာကွယ်ကုသမှုအပိုင်း၏ အရေးအကြီးဆုံး၊ အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

အိမ်တွင်း/အဆောက်အအုံအတွင်းနှင့် ပတ်ဝန်းကျင်/လုပ်ငန်းခွင် လေထုညစ်ညမ်းခြင်းကိုမဖြစ်အောင် ကာကွယ်ခြင်း၊ မိမိကိုယ်တိုင်က ရှောင်ရှားခြင်း၊ လေကောင်းလေသန့်ရအောင် နေထိုင်ခြင်းများသည် နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါကို ကာကွယ်ရာတွင် အရေးကြီးပါသည်။ ထို့ပြင် ရောဂါဖြစ်ပြီးပါကလည်း ပိုမဆိုးအောင်နှင့် ရောဂါမကြွစေသော အကျိုးအာနိသင်များ ရရှိနိုင်ပါသည်။

ဤရောဂါကို ကုသသောဆေးဝါးများတွင် အဆုတ်တွင်း လေပြွန်ချဲ့ဆေး (bronchodilator) နှင့် လေပြွန်အယောင်ကျဆေး (Corticosteroid) တို့ အဓိကပါဝင်ပါသည်။ ဤဆေးများကို အများအားဖြင့် ရှူဆေးပုံစံဖြင့် သုံးစွဲရသောကြောင့် လူနာများကို ကာလရှည်ကြာကုသရသော်လည်း ဆေးပမာဏအလွန်မများပါက ဘေးထွက်ဆိုးကျိုးများ ပြောပလောက်အောင် မရှိကြပါ။ ထိုရှူဆေး လေပြွန်ချဲ့ဆေးများတွင် ဆေးအမျိုးအစားအလိုက် beta2 agonists နှင့် anti-muscarinic ဟူ၍ နှစ်မျိုး ရှိပါသည်။ ထို့ပြင် ၎င်းဆေးများကို အာနိသင်အချိန်ကာလအပေါ်မူတည်၍ အာနိသင်အချိန်တိုသောဆေး (Short-acting) နှင့် အာနိသင်အချိန်ရှည်သောဆေးဟူ၍ နှစ်မျိုး ရှိကြပါသည်။



ထို့ပြင်သောက်ဆေး/ ထိုးဆေး အမျိုးအစားများလည်း ရှိပြီး လူနာအမျိုးအစားနှင့် ရောဂါအခြေအနေအပေါ် မူတည်၍ ကုသပေးရပါသည်။ အခြားကုသမှုနည်းလမ်းဖြစ်သော အဆုတ်ပြန်လည်သန်စွမ်းရေးကုသမှု၊ အောက်ဆီဂျင်ကုထုံး၊ အသက်ရှူစက်ဖြင့် ကုသခြင်းများလည်းရှိပြီး လူနာအမျိုးအစားနှင့် ရောဂါအခြေအနေများအပေါ်မူတည်၍ ကုသမှုများ ပေးရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ဦးဆောင်၍ နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါများအပါအဝင် အဓိကမကူးစက်နိုင်သောရောဂါများ၏ ကာကွယ်ကုသရေးလုပ်ငန်းများကို ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါများစီမံချက်မှလည်း ကျန်းမာရေးဝန်ထမ်းများကို



နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါများအတွက် ရောဂါများဖြစ်စဉ်အကြောင်း၊ အခြေခံကုသမှု၊ ရှူဆေးများကို နည်းစနစ်မှန်မှန်ရှူနည်း/ သုံးစွဲမှု သင်ကြားမှု၊ အရေးပေါ်ကုသမှု၊ လိုအပ်သောလူနာများအတွက် သက်ဆိုင်သောနေရာများသို့ လွှဲပြောင်းကုသမှု၊ ကာကွယ်ရန်နည်းလမ်းတို့ကို သင်တန်းများပြုလုပ်ပြီး လေ့ကျင့်သင်ကြားပေးပါသည်။

### ကမ္ဘာ့နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ အထိမ်းအမှတ်နေ့

ကမ္ဘာ့နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ အထိမ်းအမှတ်နေ့ (World COPD Day) ကို ၂၀၀၂ ခုနှစ်မှစတင်၍ နှစ်စဉ် နိုဝင်ဘာလ တတိယအပတ် ဗုဒ္ဓဟူးနေ့တိုင်းကို သတ်မှတ်၍ ကျင်းပလာကြပါသည်။ ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင် နိုဝင်ဘာလ (၁၈) ရက်နေ့ကို သတ်မှတ်ထားကြပြီး ဆောင်ပုဒ်မှာ “Living well with COPD, Everybody everywhere” ဖြစ်ပါသည်။ အနီးစပ်ဆုံး မြန်မာမှုပြုရလျှင် “အဆုတ်ပွရောဂါလူနာတိုင်း စဉ်မြဲကျန်းမာနေရာတကာ” ဖြစ်ပေသည်။ ပညာရှင်များပါဝင်သော Global Initiative for Chronic Obstructive Lung Disease (GOLD) အဖွဲ့အစည်းမှ နှစ်စဉ်နှစ်တိုင်း ဆောင်ပုဒ်ထုတ်ပေး၍ ကမ္ဘာ့နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ အထိမ်းအမှတ်နေ့ကို ကျင်းပနိုင်စေရန် ဦးဆောင်ကာ နှိုးဆော်ပေးပါသည်။

ဤ World COPD Day အထိမ်းအမှတ်နေ့ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ယင်းရောဂါအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ ကာကွယ်ကုသမှုနည်းလမ်းများ ပိုမိုသိရှိလာပြီး ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျှော့ချနိုင်ရန်၊ ကျန်းမာရေးပေါ်လစီ ရေးဆွဲသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူထုတို့က ကာကွယ်ကုသမှုလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်နိုင်ရန်တို့ ဖြစ်ကြပါသည်။

ယင်းရောဂါကို မဖြစ်ခင်ကာကွယ်နိုင်သလို ဖြစ်လာလျှင်လည်း လူနာများသည် စနစ်တကျကုသမှုခံယူ၍ ကျန်းမာစွာနေထိုင်နိုင်ပါသည်။ ယခုကာလတွင် ပြည်သူအများ စိတ်ချမ်းသာကိုယ်ကျန်းမာရှိကြပါရန် ဆုတောင်းမေတ္တာပို့သရင်း ကမ္ဘာ့နာတာရှည် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

**ဤဆောင်းပါးရေးသားရာတွင် ကူညီပေးကြသော ပါမောက္ခဒေါက်တာရတနာကျော် (ရင်ခေါင်းအထူးကုသမားတော်ကြီး)၊ ဒေါက်တာကြည်သာမြင့်သိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ)နှင့် ရုပ်ပုံများအား အသုံးပြုခွင့်ပေးသော Getz Pharma (Myanmar) တို့ကို ကျေးဇူးတင်ရှိပါသည်။**

# Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ  ၁၆**

COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် Stay at home အစီအစဉ်တွင် အကျုံးဝင်သော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းကို ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိရာ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀ မှ ၂၄/၂၀၂၀ ထိ) အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန ၃၃၇၇ ဌာနမှ အာမခံအလုပ်သမား ၅၀၆၅၈၂ ဦး အတွက် ထောက်ပံ့ငွေကျပ် ၃၂၃၉၄ ဒသမ ၇၈၀ သန်းအား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ အောက်တိုဘာ ၅ ရက်မှစ၍ ခွင့်ပြုထုတ်ပေးခဲ့ပြီး ခွင့်ပြုထုတ်ပေးခဲ့သည့် စာရင်းအသေးစိတ်ကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် ကြေညာခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၀ မှ ၃၂/၂၀၂၀ ထိ) အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန ၁၁၄၆ ဌာနမှ အာမခံအလုပ်သမား ၁၀၄၆၄၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၂၈၇ ဒသမ ၃၁၃ သန်းကို သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီး စာရင်းအသေးစိတ်ကို သက်ဆိုင်ရာလုပ်ငန်းဌာနများသို့ အကြောင်းကြားပြီးဖြစ်သည့်အပြင် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ Website တို့တွင်လည်း ကြေညာထားကာ UMFCCI နှင့် အလုပ်သမားသမဂ္ဂများထံသို့လည်း အချိန်နှင့်တစ်ပြေးညီ ပေးပို့ထားပြီးဖြစ်သည်။

ယနေ့အထိ Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း ၄၅၂၃ ဌာနမှ အာမခံအလုပ်သမား ၆၁၁၂၂၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၈၆၈၂ ဒသမ ၀၉၃ သန်းအား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျန်တောင်းခံလွှာများကိုလည်း ဆက်လက်စိစစ်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ၃-၁၁-၂၀၂၀ ရက်နေ့မှ ၁၃-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/ အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | 13033.36.7.2.9 | Myanmar Hansa Co.,Ltd | ၈ | ၉၆၀,၀၀၀.၀၀ |
| ၂ | 7001.39.1.2.23 | ထက်မင်းသစ်စက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃ | 7001.39.1.2.27 | သမာဓိဆေးလိပ် | ၂ | ၄၀,၀၀၀.၀၀ |
| ၄ | 7001.39.1.2.56 | ဂရိတ်ဝမ်းပဲလှော်ဖို | ၅ | ၁၀၀,၀၀၀.၀၀ |
| ၅ | 7001.39.1.2.64 | မန်းသီတာစတိုး | ၁၀ | ၂၀၀,၀၀၀.၀၀ |
| ၆ | 7001.39.2.2.10 | မန်းသီတာမုန့်ဆိုင် | ၁၀ | ၂၀၈,၀၀၀.၀၀ |
| ၇ | 7001.39.4.2.27 | UMG Co.Ltd | ၁၃ | ၁,၀၁၀,၀၀၀.၀၀ |
| ၈ | 7001.39.5.2.7 | Yangon Eternal Concrete | ၄၂ | ၂,၅၈၀,၀၀၀.၀၀ |
| ၉ | 7001.39.5.2.8 | ဂရိတ်ဝမ်းအမှုန့်ကြိတ် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၀ | 7001.39.5.2.11 | OPPO ဖုန်းအရောင်းဆိုင် | ၂၂ | ၁,၁၀၄,၀၀၀.၀၀ |
| ၁၁ | 7001.39.5.2.48 | Myanmar Golden Star Beer | ၉ | ၆၂၄,၀၀၀.၀၀ |
| ၁၂ | 7001.39.6.2.15 | ကိုညီညီကော်မျိုးစုံ ရောင်းဝယ်ရေး | ၅ | ၂၀၀,၀၀၀.၀၀ |
| ၁၃ | 7001.39.7.2.29 | Burma Phoenis | ၅ | ၂၅၅,၂၀၀.၀၀ |
| ၁၄ | 7001.39.8.2.12 | The Real Trading Company Limited | ၆ | ၂၄၈,၀၀၀.၀၀ |
| ၁၅ | 11009.33.6.2.17 | Nation Mart(ဘလ) | ၆ | ၃၄၅,၆၀၀.၀၀ |
| ၁၆ | 11009.33.6.2.20 | "Super One Dragon Co.Ltd (ဘီလင်းသကြားစက်)" | ၂၀ | ၁,၁၈၄,၀၀၀.၀၀ |
| ၁၇ | 13007.312.1.2.78 | နန်းမြင့်အောင်အထည်ချုပ် | ၇၀ | ၄,၀၃၂,၀၀၀.၀၀ |
| ၁၈ | 13007.312.1.2.107 | Kittenish (1) | ၃၄၉ | ၂၀,၂၂၇,၂၀၀.၀၀ |
| ၁၉ | 13007.312.1.2.158 | ပန်ဒါအရက်ပုလင်းသွင်း | ၆၉ | ၃,၉၇၄,၄၀၀.၀၀ |
| ၂၀ | 13007.312.1.2.223 | ဒေါ်သူသူနှင်းပုလင်းဆေး | ၉ | ၂၉၁,၆၀၀.၀၀ |
| ၂၁ | 13007.312.1.2.317 | တပ်မတော်(ရမ်) | ၇၉ | ၅,၁၂၄,၀၀၀.၀၀ |
| ၂၂ | 13007.312.1.2.319 | KhaingKhaingSangDa Motorcar | ၂၂ | ၁,၃၉၂,၀၀၀.၀၀ |
| ၂၃ | 13007.312.1.2.334 | Two Elephant Trading Co.,Ltd. | ၆၅ | ၃,၈၃၀,၃၂၂.၃၀ |
| ၂၄ | 13007.312.2.2.1 | "Yangon Pan Pacific Absolon Co.,Ltd" | ၁၈၀ | ၁၈,၄၆၀,၈၂၆.၀၀ |
| ၂၅ | 13007.312.2.2.115 | Yosoo | ၂၃ | ၁,၃၂၄,၈၀၀.၀၀ |
| ၂၆ | 13007.312.2.2.119 | TOA PAINT | ၅၈ | ၅,၃၄၆,၄၉၀.၀၀ |
| ၂၇ | 13007.312.2.2.159 | Great Lucky Star | ၁၁၈ | ၆,၆၅၁,၁၆၀.၀၀ |
| ၂၈ | 13007.312.3.2.115 | Dream Seed Co,Ltd | ၄၀ | ၂,၃၄၀,၈၀၀.၀၀ |
| ၂၉ | 13007.312.3.2.118 | ကျိုရစ်(စ်)မြန်မာ | ၆၆၆ | ၃၇,၆၁၂,၈၀၀.၀၀ |
| ၃၀ | 13007.312.3.2.130 | စက်မှုဇုန်စီမံခန့်ခွဲရေးရုံး (၂+၃+၄) | ၁၉ | ၁,၅၈၁,၂၀၀.၀၀ |
| ၃၁ | 13007.312.3.2.132 | Mother Cherry Land Co;Ltd | ၁၂ | ၈၇၅,၂၀၀.၀၀ |
| ၃၂ | 13007.312.3.2.145 | Myanmar best concrete | ၉ | ၄၀၈,၀၀၀.၀၀ |
| ၃၃ | 13007.312.3.2.152 | Myanmar Baolaixin Label | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၃၄ | 13007.312.4.2.7 | အမှတ်(၂)သစ်ပါးလွှာ (Mc Coy) | ၅၃ | ၃,၁၁၅,၂၀၀.၀၀ |
| ၃၅ | 13007.312.4.2.26 | ရွှေသုခရွှေတည်းခိုရိပ်သာ | ၇ | ၃၁၉,၂၀၀.၀၀ |
| ၃၆ | 13007.312.4.2.28 | Sky Computer Embrodery | ၉ | ၅၁၈,၄၀၀.၀၀ |
| ၃၇ | 13007.312.4.2.31 | "Two Elephant Asiagroup Co.,Ltd." | ၂၁၀ | ၁၂,၁၃၃,၀၉၅.၇၂ |
| ၃၈ | 13007.312.5.2.3 | Dongyi(Myanmar) | ၁,၄၆၀ | ၇၇,၃၁၉,၃၆၀.၀၀ |
| ၃၉ | 13007.312.5.2.11 | ဟွန်ဒါ(မြန်မာ) အထပ်သားစက်ရုံ | ၉ | ၅၉၅,၂၀၀.၀၀ |
| ၄၀ | 13007.312.5.2.13 | Thiha Min Swe | ၅၄ | ၅,၄၈၈,၈၀၀.၀၀ |
| ၄၁ | 13007.312.5.2.27 | YOUNG CLOTHING LIMITED | ၄၇၉ | ၂၇,၅၉၀,၄၀၀.၀၀ |
| ၄၂ | 13007.312.6.2.30 | Meier Global Myanmar | ၆၄၆ | ၃၃,၈၂၈,၂၄၀.၀၀ |
| ၄၃ | 13007.312.6.2.54 | Fu Li အပ်ချည်လုံး | ၁၂ | ၇၁၃,၆၀၀.၀၀ |
| ၄၄ | 13007.312.7.2.43 | "YANGON YOUNG CLOTHING LIMITED" | ၇၁၆ | ၄၁,၂၄၁,၆၀၀.၀၀ |
| ၄၅ | 13007.312.7.2.54 | Trio Core Distribution | ၁၃ | ၁,၂၅၂,၀၀၀.၀၀ |
| ၄၆ | 13007.312.7.2.63 | Da Cheng Myanmar Co.,Ltd | ၂၇ | ၁,၇၅၇,၇၆၀.၀၀ |
| ၄၇ | 13007.312.8.2.26 | Myanmar ChaoFa Leather | ၁၆၈ | ၈,၇၁၂,၀၀၀.၀၀ |
| ၄၈ | 13007.312.8.2.28 | Myanmar Eastern International | ၁၄ | ၈၉၈,၄၀၀.၀၀ |
| ၄၉ | 13008.313.1.2.65 | W H K Co.Ltd | ၂၉ | ၁,၈၂၈,၀၀၀.၀၀ |
| ၅၀ | 13008.313.1.2.88 | All States International Co.,Ltd | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၅၁ | 13008.313.1.2.134 | Y. J Garment | ၆၃၆ | ၃၆,၄၀၈,၀၀၀.၀၀ |
| ၅၂ | 13008.313.1.2.135 | GP Battery | ၃၀ | ၂,၁၇၃,၂၀၀.၀၀ |
| ၅၃ | 13008.313.1.2.142 | RED STAR Plastic | ၄၅ | ၂,၅၉၂,၀၀၀.၀၀ |
| ၅၄ | 13008.313.1.2.164 | ဦးထွန်းထွန်းနိုင် Plastic | ၇၇ | ၄,၄၃၅,၂၀၀.၀၀ |
| ၅၅ | 13008.313.1.2.236 | King Metal Co.,Ltd | ၂၉ | ၁,၅၆၅,၂၈၀.၀၀ |
| ၅၆ | 13008.313.1.2.280 | စံချိန်အရက်ပုလင်းသွင်း | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၅၇ | 13008.313.1.2.337 | ရွှေဖူဂျီ ထီးစက်ရုံ | ၃၂ | ၂,၂၄၄,၈၀၀.၀၀ |
| ၅၈ | 13008.313.1.2.469 | Beauty World | ၁၁၄ | ၆,၇၈၁,၄၄၀.၀၀ |
| ၅၉ | 13008.313.1.2.383 | အားမာန်အမှုန့်ကြိတ် | ၄ | ၁၁၂,၀၀၀.၀၀ |
| ၆၀ | 13008.313.1.2.389 | အောင်ပင်လယ် အုန်းဆီ | ၄ | ၈၀,၀၀၀.၀၀ |
| ၆၁ | 13008.313.1.2.410 | အောင်သပြေပလပ်စတစ် | ၆ | ၁၆၈,၀၀၀.၀၀ |
| ၆၂ | 13008.313.1.2.526 | သမာဓိပဲစက် | ၈ | ၄၆၀,၈၀၀.၀၀ |
| ၆၃ | 13008.313.1.2.534 | ကြည်ညီအစ်ကိုများ စက်မှုလုပ်ငန်း | ၂၄ | ၁,၄၀၄,၂၄၀.၀၀ |
| ၆၄ | 13008.313.1.2.709 | Myanmar Calium Industry | ၂ | ၅၆,၀၀၀.၀၀ |
| ၆၅ | 13008.313.2.2.23 | Tokyo Pipe | ၃၅ | ၂,၀၆၆,၄၀၀.၀၀ |
| ၆၆ | 13008.313.2.2.31 | "Myanmar Jie Yao Trading Co.,Ltd" | ၁၈ | ၁,၀၃၆,၈၀၀.၀၀ |
| ၆၇ | 13008.313.2.2.82 | ပန်းတိုင်ပလပ်စတစ် | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၆၈ | 13008.313.2.2.110 | Sun Pleasure | ၁၉၅ | ၁၁,၉၅၁,၈၄၀.၀၀ |
| ၆၉ | 13008.313.2.2.115 | မြန်မာဘဲရုပ်လေးကုမ္ပဏီ | ၅ | ၂၆၈,၀၀၀.၀၀ |
| ၇၀ | 13008.313.2.2.137 | K K FISHING NET | ၂၂၃ | ၁၂,၅၁၈,၄၀၀.၀၀ |
| ၇၁ | 13008.313.2.2.215 | Gold Precise Garment | ၄၆ | ၂,၆၄၉,၆၀၀.၀၀ |
| ၇၂ | 13008.313.2.2.221 | FTE Corporation Myanmar Co,Ltd | ၂၆၁ | ၁၅,၉၂၂,၅၆၀.၀၀ |
| ၇၃ | 13008.313.3.2.18 | နာအိုမီ(အထည်စစ်စက်ရုံ) | ၄၁ | ၂,၃၆၁,၆၀၀.၀၀ |
| ၇၄ | 13008.313.3.2.47 | Excellent Star မီးခြစ်စက်ရုံ | ၆ | ၃၄၅,၆၀၀.၀၀ |
| ၇၅ | 13008.313.3.2.72 | Yun Long Embroidering Factory | ၆၉ | ၃,၉၇၄,၄၀၀.၀၀ |
| ၇၆ | 13008.313.3.2.74 | ဝမ်းတူးတူး ဆန်စက် | ၈ | ၅၀၀,၀၀၀.၀၀ |
| ၇၇ | 13008.313.3.2.105 | ဟွေ့ချန် (တံဆိပ်ရိုက်လုပ်ငန်း) | ၂၇ | ၁,၅၅၅,၂၀၀.၀၀ |
| ၇၈ | 13008.313.3.2.129 | TAI HONG | ၄၂ | ၂,၄၁၉,၂၀၀.၀၀ |
| ၇၉ | 13008.313.3.2.135 | Great One Plastic | ၁၇၃ | ၉,၉၆၄,၈၀၀.၀၀ |
| ၈၀ | 13008.313.4.2.14 | Simon Labels (SML) Myanmar Manufacturing Co.,Ltd | ၈၄ | ၆,၀၄၇,၂၀၀.၀၀ |
| ၈၁ | 13008.313.4.2.55 | သီဟအောင်ပဲဆီသန့် | ၈ | ၄၆၀,၈၀၀.၀၀ |
| ၈၂ | 13008.313.5.2.20 | CL Trading | ၅ | ၂၈၈,၀၀၀.၀၀ |
| ၈၃ | 13008.313.5.2.33 | HongJingMyanmar Co.,Ltd | ၂၆ | ၁,၅၂၀,၀၀၀.၀၀ |
| ၈၄ | 13008.313.5.2.38 | Beten Advertising & Display Products Co.,LTD | ၇၁ | ၄,၁၁၂,၀၀၀.၀၀ |
| ၈၅ | 13008.313.5.2.41 | Wai Aung Gabar Gem Co.,Ltd | ၅ | ၄၈၀,၀၀၀.၀၀ |
| ၈၆ | 13008.313.5.2.66 | မျိုးမြင့်မိုရ်ဦးစက္ကူ | ၂၁၄ | ၁၃,၁၉၆,၈၀၀.၀၀ |
| ၈၇ | 13008.313.5.2.102 | Yangon Sponge Factory | ၁၈ | ၁,၃၆၃,၂၀၀.၀၀ |
| ၈၈ | 13008.313.6.2.14 | King Metal Trading Co.,Ltd | ၂၇ | ၁,၄၇၃,၁၂၀.၀၀ |
| ၈၉ | 13008.313.6.2.15 | King Metal Trading Co,Ltd | ၃၂ | ၁,၇၃၅,၂၀၀.၀၀ |
| ၉၀ | 13008.313.6.2.24 | Commercial Plastic Co.,Ltd | ၂၆ | ၁,၉၀၅,၂၀၀.၀၀ |
| ၉၁ | 13008.313.6.2.46 | Mk 999 Internationl Co,Ltd | ၅ | ၄၆၈,၀၀၀.၀၀ |
| ၉၂ | 13008.313.6.2.96 | Galaxy Car Auto Service | ၂၃ | ၁,၅၃၆,၀၀၀.၀၀ |
| ၉၃ | 13008.313.6.2.186 | Alpha & Omega | ၃၉ | ၂,၃၆၃,၂၀၀.၀၀ |
| ၉၄ | 13008.313.6.2.200 | ယုံဝေးအထည် တံဆိပ်ရိုက်စက်ရုံ | ၂၅ | ၁,၅၀၂,၄၀၀.၀၀ |
| ၉၅ | 13008.313.7.2.6 | SPACE အိမ်တွင်း အလှဆင်လုပ်ငန်း | ၂၃ | ၂,၁၃၂,၄၀၀.၀၀ |
| ၉၆ | 13008.313.7.2.17 | Charis Co.,Ltd | ၈၀ | ၄,၄၉၈,၅၆၀.၀၀ |
| ၉၇ | 13008.313.7.2.25 | Wai Family Gems Co;Ltd | ၅ | ၄၂၀,၀၀၀.၀၀ |
| ၉၈ | 13008.313.7.2.62 | Kaiyue Wedding Dress Co.,Ltd | ၁၇၀ | ၉,၇၉၂,၀၀၀.၀၀ |
| ၉၉ | 13008.313.7.2.78 | Common Purpose Co.,Ltd | ၂၈ | ၂,၃၆၈,၈၀၀.၀၀ |
| ၁၀၀ | 13008.313.7.2.83 | Chrysanthemum Wealth Co.,Ltd | ၈၅ | ၆,၅၅၅,၆၀၀.၀၀ |
| ၁၀၁ | 13008.313.7.2.91 | FG Embroidery & Garment Accessories Myanmar Co.,Ltd | ၃၄ | ၁,၉၅၈,၄၀၀.၀၀ |
| ၁၀၂ | 13008.313.7.2.117 | Fuyun Myanmar Co., Ltd. | ၃၃ | ၁,၈၉၄,၀၈၀.၀၀ |
| ၁၀၃ | 13008.313.7.2.181 | MIRACLE BAG CO.,Ltd | ၃၁ | ၉၄၈,၃၂၂.၆၆ |
| ၁၀၄ | 13008.313.8.2.24 | Sunny Arts & Crafts Co.,Ltd | ၆၃ | ၃,၃၅၅,၂၀၀.၀၀ |
| ၁၀၅ | 13008.313.8.2.68 | Myanmar Cotton Spinning Garment Accessories Co.,Ltd | ၁၇ | ၇၁၇,၆၀၀.၀၀ |
| ၁၀၆ | 13009.34.1.2.40 | ရောမ ဖိနပ် | ၅ | ၂၁၀,၀၀၀.၀၀ |
| ၁၀၇ | 13009.34.1.2.93 | Great Ayeyarwady | ၇ | ၃၀၂,၄၀၀.၀၀ |
| ၁၀၈ | 13009.34.1.2.142 | Myanmar Water | ၆ | ၃၆၀,၀၀၀.၀၀ |
| ၁၀၉ | 13009.34.1.2.198 | ဦးလှိုင်ဝင်း ဖိနပ် | ၃ | ၆၀,၀၀၀.၀၀ |
| ၁၁၀ | 13009.34.1.2.225 | ချမ်းသာ ဒန်သတ္တုလုပ်ငန်း | ၂၁ | ၁,၂၂၂,၈၀၀.၀၀ |
| ၁၁၁ | 13009.34.1.2.257 | ဦးတင်ဦး သစ်စက် | ၄ | ၆၄,၀၀၀.၀၀ |
| ၁၁၂ | 13009.34.1.2.277 | SEDONA YANGON | ၂၉၂ | ၁၈,၀၄၉,၄၀၈.၁၄ |
| ၁၁၃ | 13009.34.1.2.345 | Eagle Security Service | ၈ | ၄၆၀,၈၀၀.၀၀ |
| ၁၁၄ | 13009.34.1.2.347 | ဦးအေးကို အိတ်ချုပ် | ၈ | ၂၂၄,၀၀၀.၀၀ |
| ၁၁၅ | 13009.34.1.2.352 | ဦးမြလှိုင် ပန်းရိုက် | ၃ | ၈၄,၀၀၀.၀၀ |
| ၁၁၆ | 13009.34.1.2.381 | စိတ်တိုင်းကျ လွှက်ရည် | ၁၂ | ၃၆၀,၀၀၀.၀၀ |
| ၁၁၇ | 13009.34.2.2.135 | အေးချမ်းမွန် Co.,Ltd | ၁၁ | ၁,၁၄၀,၀၀၀.၀၀ |
| ၁၁၈ | 13009.34.2.2.136 | ရွှေဆုံမှတ်ဘီယာဆိုင် | ၅ | ၁၂၀,၀၀၀.၀၀ |
| ၁၁၉ | 13009.34.2.2.149 | Myanmar Pioneer Star Co.,Ltd | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၁၂၀ | 13009.34.2.2.152 | Myanmar International Development Co.,Ltd | ၁ | ၆၀,၀၀၀.၀၀ |
| ၁၂၁ | 13009.34.3.2.152 | ပန်းတိုင်သစ် ကုမ္ပဏီ | ၈ | ၅၁၂,၀၀၀.၀၀ |
| ၁၂၂ | 13009.34.5.2.55 | TMH Telecom Public Co.,Ltd | ၁၅၃ | ၁၁,၆၈၉,၆၀၀.၀၀ |
| ၁၂၃ | 13009.34.5.2.56 | BNF CO.LTD | ၁၆ | ၁,၁၁၃,၆၀၀.၀၀ |
| ၁၂၄ | 13009.34.5.2.57 | ဂရင်းမြန်မာ | ၁၇ | ၁,၂၁၉,၂၀၀.၀၀ |
| ၁၂၅ | 13009.34.6.2.3 | City Depot | ၇ | ၄၂၀,၀၀၀.၀၀ |
| ၁၂၆ | 13009.34.6.2.16 | JR Paradise Co.,Ltd | ၁ | ၅၇,၆၀၀.၀၀ |
| ၁၂၇ | 13009.34.6.2.73 | "Moon Sun Co.Ltd (Construction & Service)" | ၂၃ | ၁,၈၃၂,၈၀၀.၀၀ |
| ၁၂၈ | 13009.34.6.2.111 | Myanmar Air Tiger Express Ltd | ၉ | ၆၆၀,၀၀၀.၀၀ |
| ၁၂၉ | 13009.34.7.2.23 | THZ Co.Ltd | ၂ | ၁၂၄,၈၀၀.၀၀ |
| ၁၃၀ | 13009.34.7.2.41 | Deconation Co.,Ltd | ၅ | ၃၀၀,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

## Joy Master Pool 8 Ball ပြိုင်ပွဲ၌ ဘုန်းမြင့်ကျော် လက်ရည်စစ်ပွဲအောင်မြင်

**ရန်ကုန် နိုဝင်ဘာ ၁၆**

တရုတ်နိုင်ငံ၌ ပြိုင်ပွဲများယှဉ်ပြိုင်နေသည့် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် Joy Master Pool 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ လက်ရည်စစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

ဘုန်းမြင့်ကျော်သည် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့သောကြောင့် ၆၄ ဦး ရှုံး/ထွက်အဆင့်သို့ တက်ရောက်ခွင့်ရခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်မှ စ၍ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲဝင်ကစားသမား များပြားသောကြောင့် လက်ရည်စစ်ပွဲအဆင့်ဆင့်ကျင်းပခဲ့ပြီး နောက်ဆုံးအဆင့်သို့ ၆၄ ဦး တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ Joy Master Pool 8 Ball ပြိုင်ပွဲမှာ ဆုကြေးငွေမြင့်မားသည့်ပြိုင်ပွဲဖြစ်ပြီး ချန်ပီယံဆုရရှိသည့်ကစားသမားမှာ မြန်မာငွေကျပ် သိန်း ၂၀၀ နီးပါးနှင့် ညီမျှသည့် ပမာဏရရှိမည်ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ဧပြီလကတည်းက တရုတ်နိုင်ငံတွင် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ပြိုင်ပွဲပေါင်း ၃၀ နီးပါး ယှဉ်ပြိုင်ထားကာ အောင်မြင်မှုများလည်း ရရှိထားသည်။

ရှိုင်းထက်ဇော်




## မင်းကင်းမြို့နယ်၌ အိမ်ထောင်စုများအား ထောက်ပံ့ငွေ ပေးအပ်

**မင်းကင်း နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ်မြောက် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက ယမန်နေ့မှစတင်၍ ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ခဲ့ကြသည်။

ထိုသို့ ပေးအပ်ထောက်ပံ့ရာတွင် မင်းကင်းမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၉၄၅၄ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူများလက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ခဲ့ကြပြီး စုစုပေါင်း ငွေကျပ် ၁၈၉ ဒသမ ၀၈ သန်းကို နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ်မြောက် ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

လှငွေ(မင်းကင်း)






## မဲလရောကျေးရွာအုပ်စု၌ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်ထောက်ပံ့ငွေပေးအပ်

**ရှမ်းရွာသစ် နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က ရှမ်းရွာသစ်မြို့ မဲလရောကျေးရွာအုပ်စုတွင် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။



ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ရှမ်းရွာသစ်မြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်က ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မဲလရောကျေးရွာအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၆၆ စုတို့အတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၃၂၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)

■

## တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက်၌ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်

**တီးတိန် နိုဝင်ဘာ ၁၆**

ချင်းပြည်နယ် တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရမှ စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက လွယ်ဘွာလ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ပေးအပ်ရာတွင် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၆၃ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၆၀၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း လွယ်ဘွာလ်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝုန့်ဇကျင့်ထံမှ သိရသည်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)



## ကန်ပိုက်တီမြို့၌ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်ထောက်ပံ့ငွေ ပေးအပ်

**ကန်ပိုက်တီ နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် ကန်ပိုက်တီမြို့၌ ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်အဖြစ် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်နှင့် ဝေါ့ချုံးကျေးရွာအုပ်စုအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံ အိမ်ထောင်စု စုစုပေါင်း ၁၃၉ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇၈၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဇယ်ဇောင်း(ပြန်/ဆက်)




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (1) | T(1)/MS/2020-2021 | Equipment for Shipbuilding and Shiprepairing | |
| | | (a) Hoisting Wire Rope for 25 Ton Portal Crane | 1 Coil |
| | | Size: Dia 28.5 mm x 200 Meter | |
| | | Specification : 6 x37 + 1-28 (FC) | |
| | | Right Lay (RL)/Non-rotating Type | |
| | | (b) Hoisting Wire Rope for 25 Ton Portal Crane | 1 Coil |
| | | Size: Dia 28.5 mmx 200 Meter | |
| | | Specification : 6 x37 + 1-28 (FC) | |
| | | Left Lay (LL)/Non-rotating Type | |
| (2) | T(2)/MS/2020-2021 | Power Supply for Floating Type Dock Gate Electric Flexible Cable Cu/PVC 4 x 35 Sq mm | 30 Meter |
| (3) | T(3)/MS/2020-2021 | Replacement of M.S Plate and M.S Angle for Floating Type Dock Gate | |
| | | (a) M.S Plate 20' x 5'x 12 mm (2 Shts) | 1.76 Tons |
| | | (b) M.S Plate 20' x 5'x 10 mm (8 Shts) | 5.84 Tons |
| | | (c) M.S Plate 20' x 5'x 8 mm (16 Shts) | 9.28 Tons |
| | | (d) M.S Angle L 75 x 75 x 9 mm (6 m in Length) | 150 Lgth |
| (4) | T(4)/MS/2020-2021 | Replacement of Rubber Seal Liner for Floating Type Dock Gate Rubber Seal Liner (Area = 7525 Sqmm) | 60 Meter |
| (5) | T(5)/MS/2020-2021 | Replacement of Tide Tank Valve for Floating Type Dock Gate Tide Tank Valve (Butterfly Vv 250 mm) | 12 Nos |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၈-၁၁-၂၀၂၀ ရက်
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၂-၂၀၂၀ ရက်၊ ၁၄:၀၀ နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**
**ဆင်မလိုက် (ကမာရွတ်)၊ ဘုရင့်နောင်လမ်း**
**ဖုန်း-၀၉-၄၄၃၁၀၉၂၄၂၊ ၀၁- ၅၀၅၃၅၂**

## အောင်ကမ္ဘာ

အုံမြူသစ် (တောင်ပိုင်း၊ ဆိပ်ကမ်းအရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ့
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
09-43118200
09-450096155

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(၂၀)ရပ်ကွက်၊ မကွေး(၃)လမ်း၊ မြေကွက်အမှတ် (၆၉၇/က)ဟုခေါ်တွင်သော အလျား(၂၀)ပေ xအနံ (၆၀)ပေ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် သက်ဆိုင်ရာ အစိုးရရုံးဌာနတွင် ဒေါ်ရီရီချိုအမည်ပေါက်ဖြစ်ပြီး၊ ယင်းမြေကွက်အား စာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ရီရီချို [၁၄/ညတန(နိုင်)၀၈၅၆၉၉] ကိုင်ဆောင်သူနှင့် ဒေါ်အေးအေး [၁၂/လမန(နိုင်)၁၂၇၇၅၂] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇော်မင်းနိုင် | ဒေါ်သက်ဆုရည် |
|---|---|
| LL.B,DL-101,Wipo(Switzerland) | ဥပဒေဘွဲ့(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၈၃) |
| ဖုန်း-၀၉-၇၃၉၀၃၃၀၇ | ဖုန်း-၀၉-၄၂၁၀၂၄၈၈၆ |

ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကုန်အမှတ်တံဆိပ်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ် (၂၃၁)နေ ANWAL (ခ) မောင်ဇော် [၁၂/ပဘတ(ပြု)၀၀၀၃၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာပါသည်-




ကျွန်ုပ်တို့၏မိတ်ဆွေ ANWAL (ခ) မောင်ဇော်သည် အထက်ဖော်ပြပါ (Twinkle Wing),(Today World),(True World),(Top World) ဟူသော ဖော်ပြပါကုန်အမှတ်တံဆိပ်(၄)ခုကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၄/၃၁၆၄/၂၀၁၈၊ ၄/၃၁၆၅/၂၀၁၈၊ ၄/၃၁၆၇/၂၀၁၈၊၄/၃၁၆၈/၂၀၁၈ တို့အရ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်(၄)ခုဖြင့် ထုတ်လုပ်သည့်ပစ္စည်းများမှာ ဇစ်၊ ကြယ်သီး၊ ကော်၊ အပ်၊ ချည်၊ နှိပ်စေ့၊ ဖြုတ်ဆူး၊ ပင့်၊ ကတ်ကြေး၊ လိုင်နင်၊ စက်ချုပ်အပိုပစ္စည်းအမျိုးမျိုးနှင့် ဖက်ရှင်ဒီဇိုင်းအမျိုးမျိုး၊ ချုပ်ထည်အမျိုးမျိုးတို့ကို မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိသည့်အပြင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် (၄)ခုဖြင့် ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်ပတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းသို့ ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ စီမံထုတ်လုပ်၊ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်(၄)ခုဖြင့် မည်သူကမျှ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ ပုံတူပုံမှားဆင်တူယိုးမှား ဝယ်ယူသူဘက်က ထင်ယောင်ထင်မှားဖြစ်စေသော ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ရောင်းချခြင်းများမလုပ်ရန် သတိပေးတားမြစ်ကြေညာပါသည်။ လိုက်နာခြင်းမရှိဘဲ အထက်ဖော်ပြပါ ပြုလုပ်ခြင်းတွေ့ရှိပါက မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေဖြင့် ဆောင်ရွက်သွားမည်ဟု သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးစိန်မြင့် (စဉ်-၁၀၉၁၆) | ဦးညီလင်းဖေ (စဉ်-၃၅၃၂၆) | ဒေါ်ခြူးနန္ဒီစိုးမိုး (စဉ်-၅၀၆၉၂) |
|---|---|---|

**အထက်တန်းရှေ့နေများ**

အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၇၄၀၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ အမှတ်(၁၀၃)ဟုခေါ်တွင်သော တိုက်၏ပထမထပ်(အေ)၊ အလယ်ခန်း၊ အကျယ်အဝန်းပေ(၁၂ ½ x၅၀)ရှိ တိုက်ခန်း(၁)ခန်းနှင့် ထိုတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေစုပ်စက် အပါအဝင် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်မည့် ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ (၁၄)ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၂)**
**အမှတ်-၇၁၊ ၇-လွှာ(အေ)၊ ရေကျော်လမ်း၊ ၇-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၂၂၈၃၅၊ ၀၉-၄၂၀၀၀၄၂၃၁**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်
## (တင်ဒါအမှတ်စဉ်-၁/၂၀၂၀-၂၀၂၁)
## အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကြေညာခြင်း

၁။ ၉-၁၀-၂၀၂၀ ရက် ကြေးမုံသတင်းစာပါ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟသ်ာတခရိုင်လက်အောက်မြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ (တင်ဒါအမှတ်စဉ်-၁/ ၂၀၂၀-၂၀၂၁) ဖွင့်ပွဲအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည် -

| | | |
|---|---|---|
| တင်ဒါဖွင့်မည့်ရက်/နေ့ | - | ၂၀-၁၁-၂၀၂၀ရက်၊ (သောကြာနေ့) |
| တင်ဒါဖွင့်မည့်အချိန် | - | နံနက်(၁၁:၀၀)နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟသ်ာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟသ်ာတမြို့။ |

၂။ တင်ဒါတင်သွင်းမည့် Lot Form များအား နံနက်(၁၀:၀၀)နာရီ အပြီး တင်သွင်းရမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊**
**ဟသ်ာတခရိုင်၊**
(၀၄၄-၂၁၀၃၃၊ ၀၄၄-၂၂၇၄၆)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ တိုင်းရုံး(ပုသိမ်မြို့)တွင် RC(၂)ထပ်ရုံးတည်ဆောက်ခြင်း လုပ်ငန်းအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဆောင်ရွက်ရမည့်လုပ်ငန်း | - | Lot(No-1) RC(၂)ထပ်ရုံး အဆောက်အဦ (၆၀x၃၈)ပေ |
| (ခ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁၈-၁၁-၂၀၂၀ ရက် (နံနက်၁၀:၀၀ နာရီမှ ညနေ ၁၆:၀၀) နာရီအထိ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် | - | ၁၇-၁၂-၂၀၂၀ ရက် ညနေ(၁၆:၀၀)နာရီအထိ |
| (ဃ) | တင်ဒါလျှောက်လွှာဝယ်ယူ ရမည့်နေရာ | - | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီး ဌာန၊ တိုင်းရုံး၊ ပုသိမ်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်း ဒေသကြီး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ တိုင်းရုံး၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၃၇၇ သို့ စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို ထပ်မံအကြောင်းကြားပါ မည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသားလုပ်ငန်းရှင် များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ပစ္စည်းစာရင်းများ

(၁) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ (Glass Ware,Lab Apparatus, Lab Instrument,Chemicals)
(၂) လျှပ်စစ်သုံးပစ္စည်းများ(Machinery and Equipment)
(၃) အရပ်ရပ်သုံးပစ္စည်းများ(ရေသန့်၊ လျှပ်စစ်)
(၄) ရုံးသုံးစက်ကိရိယာများ(Office Equipment)
(၅) ပရိဘောဂပစ္စည်းများ
(၆) ကွန်ပျူတာအပိုပစ္စည်း(Spare parts of Computer)
(၇) Medical Books & Journals

| | | | |
|---|---|---|---|
| ၃။ | အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် | - | ၁၈-၁၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) |
| | အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် | - | ၁၇-၁၂-၂၀၂၀ ရက် (ကြာသပတေးနေ့) (၁၆:၀၀)နာရီ |
| | တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် |

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း(၀၁-၉၆၉၉၈၇၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ မြေကွက်အမှတ် (၆၇၆)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/A)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၆၇၆) ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဖခင် **ဦးနိုင်ဦး [၁၂/လသန(နိုင်)၀၁၂၁၉၂] ထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ် (၂၇၀၂/၂၀၁၈)အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အေးမြတ်မွန်ဦး [၁၂/ဒဂန(နိုင်)၀၃၀၉၅၀]** ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးသီတာကျော်**က ဝယ်ယူမည် ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်အေးသီတာကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မင်းသျှန်ဖြိုး (LL.B,D.I.P.L)** | **ဒေါ်စုစုမွန် (LL.B,D.B.L,D.I.L,D.I.P.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၄၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၆)** |

**ZILLION SM (LAW FIRM) ဖုန်း-၀၉-၅၀၄၉၁၇၄၊ ၀၉-၇၉၉၆၆၄၅၅၇**
**အမှတ် -၁၀၀၇(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့မှ ဒေါ်စူးစူး (ခ)ဒေါ်နန်းခင်စန်း [၇/ ပတန(နိုင်)၀၆၅၉၇၄]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စူးစူး(ခ)ဒေါ်နန်းခင်စန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်းသိုက် [၁၂/တတန(နိုင်)၁၇၄၃၃၄] ၏ CDC No.82040, ALL in one, ပတ်စ်ပို့ စာအုပ်များသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-420025050**

## သွေးသည် အသက်

## အများသိစေရန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(၄၄)၊ (၅-လွှာ)တွင် နေထိုင်သော ဒေါ်ခင်သက်ဝေ[၉/ပမန(နိုင်)၀၆၄၁၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်သက်ဝေ၏ခင်ပွန်း ဦးမောင်မောင်ထွန်း၊ မြန်မာလူမျိုး-ဗုဒ္ဓဘာသာ [၆/တသရ(နိုင်)၀၁၂၇၁၀]သည် (၅-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ကွယ်လွန်ပြီးသည့်အချိန်တွင် အမွေစားအမွေခံအဖြစ် ဇနီးဖြစ်သူ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်သက်ဝေ၊ မြန်မာလူမျိုး-ဗုဒ္ဓဘာသာ [၉/ပမန(နိုင်) ၀၆၄၁၉၉] နှင့် ၎င်း၏သမီးများဖြစ်သော မမေသက်ထွန်း မြန်မာ လူမျိုး-ဗုဒ္ဓဘာသာ (၂၈) နှစ် [၁၂/ကမတ(နိုင်)၀၇၆၈၈၃]နှင့် မဆုဝေထွန်း၊ မြန်မာလူမျိုး-ဗုဒ္ဓဘာသာ (၂၆)နှစ်၊ [၁၂/ကမတ(နိုင်)၀၈၂၀၁၃] တို့နှစ်ဦးသာ ကျန်ရစ်ပြီး အခြားအမွေစားအမွေခံများ လုံးဝကျန်ရစ်ခြင်းမရှိပါ။ ဦးမောင်မောင်ထွန်း၏ နာရေးကိစ္စအဝဝကိုလည်း ကျွန်ုပ်၏မိတ်ဆွေတို့သားအမိ(၃)ယောက်ကပင် အစအဆုံးဆောင်ရွက်ပေးခဲ့သောကြောင့် အေးချမ်းစွာဖြင့် အထမြောက်ပြီးဆုံးခဲ့ပြီး ဖြစ်ပါသည်။

ဦးမောင်မောင်ထွန်း၊ မြန်မာလူမျိုး-ဗုဒ္ဓဘာသာ ကျန်ရစ်ခဲ့သော မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ်(၅)၊ (၅-လွှာ)(အလယ်)တိုက်ခန်း၊ အကျယ်အဝန်း ပေ(၁၅x၄၅) ရှိတိုက်ခန်း၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ်(၅)၊ (၅-လွှာ)(အလယ်)တိုက်ခန်း၊ အကျယ်အဝန်း ပေ(၁၅x၄၅)ရှိတိုက်ခန်းနှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္ဓီလမ်း၊ အမှတ်(၁၈)၊ (၅-လွှာ)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၂x၄၅)ရှိ တိုက်ခန်းတို့ကျန်ရစ်ခဲ့ပါသည်။ အဆိုပါမရွှေ့မပြောင်းနိုင်သောတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်၊ စီမံပိုင်ခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကျွန်ုပ်မ ဒေါ်ခင်သက်ဝေနှင့် သမီး(၂)ဦးဖြစ်သော မမေသက်ထွန်း၊ မဆုဝေထွန်းတို့က သာ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ခင်သက်ဝေ** | **ဒေါ်ချိုချိုလွင်(LL.B),(D.I.L)** | **ဒေါ်အေးသူဇာအောင်** |
| **[၉/ပမန(နိုင်)၀၆၄၁၉၉]** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၁၂၅၁၃)** | **(စဉ်-၄၄၃၄၅)** |
| | **ဖုန်း-၀၉-၄၂၅၃၀၂၁၅၄** | **ဖုန်း-၀၉-၄၂၄၅၉၆၈၃၀** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရပ်ကွက်အမှတ်(၆၉)၊ အနော်ရထာလမ်း၊ အမှတ်(၇၁၂)၊ ပါမစ်အမည်ပေါက် ဒေါ်စန်းစန်းဝင်း[၁၂/ကတထ(နိုင်)၀၁၅၈၈၀](ISN-553435) (၄၀x၆၀)ပေပေါ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစရစ်ချဒ်နိုင်နိုင်[၁၄/ကပန(နိုင်)၁၁၈၉၇၄]ထံမှ ကျွန်ုပ်ဒေါ်အိကေခိုင် [၁၂/ဥကတ(နိုင်)၁၇၀၉၂၇]ကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိကေခိုင်**
[၁၂/ဥကတ(နိုင်)၁၇၀၉၂၇]
ဖုန်း-၀၉-၄၃၂၀၀၆၆၉

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဧက်ကွင်းအိမ်ရာ၊ အိမ်အမှတ်(၁၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က+၃၉၇)၊မြေကွက်အမှတ်(၂၁၁/S+၂၁၂/C+၆၆/C)၊ ဧရိယာ(၀.၃၉၇)ဧက အကျယ်ရှိ ဒေါ်စိန်အေးအမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေမွန်(၁/ရကန(နိုင်)၀၁၀၂၂၈) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခိုင်ခိုင်စန်း**
**( LL.B, D.B.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)**
**အမှတ်(၄၆/၄၈)၊ ပထမထပ်(B)၊ ၁၆-ရပ်ကွက်၊ ဦးအေး(၁)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၇၉၅၃၆၀၀၀၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၆၇)နေ ဦးကိုမင်း[၁၂/ကတန(နိုင်) ၀၀၀၁၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကိုမင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝင်း[၁၂/ဥကတ(နိုင်)၁၃၅၀၃၃]တို့ သည် (၂၀၀၆)ခုနှစ်မှစ၍ အကြင်လင်မယားများအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာ၊ သမီးဖြစ်သူ မချောနန္ဒာကို နှင့် သားဖြစ်သူ မောင်အောင်ပိုင်မင်းတို့ကို မွေးဖွားထွန်းကားခဲ့ပြီး၊ လင်မယားနှစ်ဦးပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအနေဖြင့်(၁)ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်းအထက်၊ အမှတ်(၄၃၃/က)မြေကွက်နှင့် နေအိမ်တစ်လုံး၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီး၊ ရွှေပျောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၁၉/A)၊ ဦးပိုင်အမှတ်(၅၆/၂)၊ ဧရိယာ(၀.၁၀)ဧကရှိ ခြံ(၁)ခြံ၊ (၃) ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၁၆)၊ ဦးပိုင်အမှတ်(၆/၁၀၆)၊ ဧရိယာ (၀.၀၈)ဧကရှိ ခြံ(၁)ခြံ၊ (၄)ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ကျေးရွာ၊ ကန်ပတ်လမ်းရှိ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ခန့်ရှိ ခြံ(၁)ခြံ၊ (၅) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အင်းကြီးကျေးရွာရှိ ဧရိယာ(၈.၇)ဧကရှိ အောင်မြင့်မိုရ် ထောပတ်စိုက်ပျိုးရေးခြံ(၁)ခြံ ၊ (၆) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာရှိ အကျယ်အဝန်း(၆၀ပေx ၈၀ပေ)ခန့်ရှိ ခြံ(၂)ခြံတို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအနေဖြင့် (၁)ယာဉ်အမှတ်(YGN-3Q/4701)၊ TOYOTA Vanguard 2011 Model၊ အနက်ရောင်ကား(၁)စီး၊ (၂) ၁၆ပဲရည် ရွှေဆွဲကြိုး(၁)ကျပ်သား(၁)ကုံး၊ (၂) ကျပ်သား(၁)ကုံး ပတ္တမြားဘယက်(၁)ကုံး၊ (၃) ငွေသား ကျပ်သိန်း(၁၅၀)ကို ကြိုးပမ်းရှာဖွေစုဆောင်းရရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် အထက်ပါ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများမှ ၎င်းခံစားပိုင်ခွင့်ရှိသော အခွင့်အရေး တစ်စုံတစ်ရာ နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ထံသို့မှ လွှဲပြောင်းပေးအပ်ထားခြင်း လုံးဝမရှိပါ။ သို့ဖြစ်ပါ၍ အထက်ပါ ပစ္စည်းများမှာ ကျွန်ုပ်တို့မိတ်ဆွေနှင့် ၎င်း၏ဇနီးဖြစ်သူတို့ လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်၍ ကျွန်ုပ်တို့၏ မိတ်ဆွေ သိရှိသဘောတူညီခြင်း၊ ခွင့်ပြုခြင်း တစ်စုံတစ်ရာမရှိဘဲ အထက်ပါပစ္စည်းများအား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ရာပြုမူဆောင် ရွက်ခြင်းများ မပြုကြပါရန်နှင့် အကယ်၍ တစ်စုံတစ်ရာ ပြုမူဆောင်ရွက်ခဲ့ပါက မိမိတို့၏တာဝန်သာဖြစ်ကြောင်းနှင့်ထိုသို့ ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းအောင်** | **ဒေါ်သီရိအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,LL.M,C.B.L,WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၆၅)** |
| **ဦးသန့်ဇော်လွင်** | **ဒေါ်ဆုလဲ့ပြုံး** |
| **LL.B,D.B.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၂၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၀၇၅)** |

**အမှတ်(၉/၁၁)၊ အခန်း(၃၀၂/D)၊ တတိယထပ်၊ ၃၆လမ်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၀၈၇၆၉**

## (၂၄-၁၀-၂၀၂၀)ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၆)တွင် ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L,D.M.L (တရားလွှတ်တော်ရှေ့နေ)၏ "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"အား ဒေါ်သန်းသန်း [၁၄/ဟသတ(နိုင်)၀၂၃၃၂၇]မှ ကန့်ကွက်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်သန်းသန်း [၁၄/ဟသတ(နိုင်)၀၂၃၃၂၇] (ဘ) ဦးတင်ရှိန် အမှတ် (၉၂၆)၊ ကနောင်စုရပ်ကွက်၊ ပြည်တော်သာလမ်း၊ ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း၏ကြော်ငြာအား ကန့်ကွက်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် ဦးတင်ရှိန်-ဒေါ်တင်အေးတို့မှ မွေးဖွားသော မွေးချင်း (၅)ဦးအနက် အကြီးဆုံးသြရသ သမီးကြီးဖြစ်ပါသည်။ လူကြီးမင်း၏ ကြော်ငြာတွင် ဖော်ပြထားသော မြေကွက်အမှတ် (၉၈၉/ခ)၊ စည်ပင်လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၅)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အကျယ်အဝန်း ပေ(၂၀ x၆၀)ရှိ နှစ်(၆၀) မြေငှားဂရန်ရရှိထားသည့် မြေကွက်နှင့်အိမ် သည် ကျွန်ုပ်တို့မိတ်ဆွေ၏မိခင် ဒေါ်တင်အေး အမည်ပေါက်ပြီး မိခင်ဖြစ်သူ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း အမွေဆက်ခံခွင့်ရှိသူ သြရသ သမီးတစ်ဦးအဖြစ် ကန့်ကွက်ရခြင်းဖြစ်ပါသည်။ သို့အတွက် လူကြီးမင်း၏ မိတ်ဆွေဒေါ်ချိုချိုမှာ [၁၂/သဃက(နိုင်)၀၃၈၅၅၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားသည့်အထက်ဖော်ပြပါမြေကွက်နှင့်အိမ်အား ကျွန်ုပ်တို့၏မိတ်ဆွေမှ အမွေဆက်ခံခွင့်ရှိသူ သြရသ သမီးတစ်ဦးအနေဖြင့် အရောင်းအဝယ်အား ဆက်လက် မပြုလုပ်ရန် ဖုန်းဖြင့်ဆက်သွယ်ကန့်ကွက်ခဲ့သည့်အပြင် အရောင်းအဝယ်အား ဆက်လက်မပြုလုပ်ကြရန် လူကြီးမင်းနှင့်အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သန်းသန်း၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | | |
|---|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်အိအိခိုင်** | **ဒေါ်ခင်မို့မို့ထွန်း** |
| **LL.B,D.B.L,WIPO** | **LL.B,D.B.L** | **LL.B** | **LL.B** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅)** | **(စဉ်-၁၆၀၇၅)** | **(စဉ်-၁၅၉၉၄)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၄၉)၊ အခန်း(၅)၊ လမ်း(၄၀)(အောက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၂၅၀၃၂၆၆၄၄၊ ၀၉-၂၆၆၂၅၁၂၆၆**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ (B)လမ်း၊ အမှတ်(၈၇)နေ ဦးအောင်နိုင်ဝင်း(R.S.E Construction)[၆/မအရ(နိုင်)၀၈၅၉၉၅]၏ လွှဲအပ်ညွှန် ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ဝင်းသည် မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီမှ REGISTERED SENIOR ENGINEER (R.S.E) Registration No:0272 ရရှိထားသူတစ်ဦးဖြစ်ပါသည်။

ယခုအခါ မသမာသူများမှ ကျွန်ုပ်မိတ်ဆွေ၏ REGISTERED SENIOR ENGINEER (R.S.E) မှတ်ပုံတင်အမှတ်၊ စည်းတံဆိပ်နှင့် ကျွန်ုပ်မိတ်ဆွေ၏လက်မှတ် များကို အတုပြုလုပ်လက်မှတ်ရေးထိုးကာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ များမှခေါ်ယူသည့် တင်ဒါလုပ်ငန်းများနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းများတွင် လျှောက်ထားခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ပြုလုပ်လျက်ရှိကြောင်း သိရှိရပါ သည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ REGISTERED SENIOR ENGINEER (R.S.E) မှတ်ပုံတင်အမှတ်၊ စည်းတံဆိပ်နှင့် လက်မှတ်များကို အတုပြုလုပ်လက်မှတ်ရေးထိုးကာ လျှောက်ထားရယူပြုလုပ်လျက်ရှိသည့် တင်ဒါလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း များနှင့်ပတ်သက်၍ဖြစ်ပေါ်လာသော ကိစ္စအရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေတွင် တာဝန်မရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ REGISTERED SENIOR ENGINEER (R.S.E) မှတ်ပုံတင်အမှတ်၊ စည်းတံဆိပ်နှင့် လက်မှတ်များကိုအတုပြုလုပ်၍ လက် မှတ်ရေးထိုးပြုလုပ်နေသူများအားလည်း ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းမော်ဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၁)**
**ဘုရားကိုင်ရပ်ကွက်၊ မီးသွေးဖောင်းလမ်း၊ မြိတ်မြို့**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်

( ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၁၇ ရက် )

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်၍ ထီဈေးနှုန်းတည်ငြိမ်ရေးနှင့် ထီဈေးနှုန်းမြင့်တက်မှုကို ထိန်းသိမ်းနိုင်ရန်၊ ဝယ်လိုအားမြင့်တက်မှုကို ဖြည့်ဆည်းရောင်းချပေးနိုင်ရန် ရည်ရွယ်၍ လစဉ် ထီဖွင့်လှစ်မည့်အကြိမ်၊ ရက်စွဲ ပါဝင်သော အရန်ထီကို ထားရှိဆောင်ရွက်ခဲ့ပါသည်။

၂။ (၂၂)ကြိမ်မြောက် ၁၀၀၀ကျပ်တန် အောင်ဘာလေထီလက်မှတ်များကို "က" အက္ခရာမှ အစဉ်လိုက် "ကဆ"အက္ခရာအထိ အက္ခရာ(၄၀)လုံးအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ(၁)ရက်နေ့မှ စတင်ရောင်းချခဲ့ရာ ယခုအခါတွင် အက္ခရာအားလုံးကုန်စင်အောင် ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ ကျန်ရှိနေသော အရန်ထီ အက္ခရာ(၁)လုံးကို ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် ၁၁၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်ဖြစ်ပါ၍ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများအနေဖြင့်ဖြစ်စေ ထပ်မံဝယ်ယူလိုမှုများရှိပါက (၁၇.၁၁.၂၀၂၀)ရက်နေ့မှ (၁၈.၁၁.၂၀၂၀)ရက်နေ့အထိ လာရောက်လျှောက်ထားကြရန်နှင့် ဝယ်ယူခွင့်ရရှိသူများသည် ဘဏ်ငွေသွင်းချလန် (TF-1) ဖြင့် ကျသင့်ငွေများပေးသွင်း၍ အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးဖွင့်ရက်များ၌ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်း(တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

(က) အခြေခံပညာကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၁၅)ခု
(ခ) ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ခြင်း (၄၉) ခု
(ဂ) Water Supply များဆောင်ရွက်ခြင်းလုပ်ငန်း (၉)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၇–၁၁–၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို ၁၆–၁၂–၂၀၂၀ရက်၊ ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဖုန်း–၀၅၉–၂၀၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မိတ္ထီလာခရိုင်တရားရုံးတော်
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ် –၆၅

ဦးတင်မောင်စိုး နှင့် ဒေါ်စန္ဒာမျိုးမြင့်
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ စွယ်တော်လမ်းသွယ် (၄x၅) လမ်းကြားနေ ဒေါ်စန္ဒာမျိုးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "နေအိမ်ဝိုင်းမြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု " လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်(၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်)၊မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။(သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝွန်ဂျာအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း(တရုတ်ကျောင်းလမ်း)၊ အမှတ်(၉၃) မြေပေါ်ရှိ (၂)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦ၏ (၂၀x၅၇)ပေ အကျယ်အဝန်းရှိသော တတိယထပ်(၄–လွှာ/ခေါင်းရင်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်အေး [၇/ညလပ(နိုင်)၀၂၈၁၅၈] က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ငွေအပြေအကျေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ပြုသည့် တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်နိုင်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီဝမ်းလှိုင်အောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၆၁၇)**
**တိုက်အမှတ်(၄)၊ အခန်း (၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၂၃၈၈၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော် လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးဖိုးကျန်–ဒေါ်လှိုက်ဖို တို့၏သား ဦးဇာနည်အောင်သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူမည်မဟုတ်ပါ။ (မေးမြန်းခြင်းသည်းခံပါ။)

**ဦးဖိုးကျန်–ဒေါ်လှိုက်ဖို**

## ၁၆–၁၁–၂၀၂၀ ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးဉာဏ်ဝင်းထွန်း[၁၀/မလမ(နိုင်)၁၈၇၂၅၇]နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးခင်ဇော်(မရမ်းကုန်း)နှင့် ဒေါ်မျိုးသူဇာနှင်းတို့၏ ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ စပွါယ်ရုံ၊ ကန်လမ်း၊ အမှတ်(၃၁)နေ ဒေါ်ခင်မြ[၁၂/အစန(နိုင်)၁၁၇၂၁၃]၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါ ဒေါ်ခင်မြမှ ဦးဉာဏ်ဝင်းထွန်းထံသို့ အမှတ်(၃၁)ရှိ တိုက်ခန်းအမှတ်–D (မြေညီထပ်)၊ D–1 (ပထမထပ်)တို့အား အမှန်တကယ် အပြီးအပိုင်ရောင်းချခဲ့ခြင်း မဟုတ်ဘဲပေါင်နှံခဲ့ခြင်းသာ ဖြစ်ပါသည်။ ထိုသို့ ပေါင်နှံရာတွင် ငွေအရင်း သိန်း(၈၀၀)ကျပ်အား တစ်လလျှင်(၆)ကျပ်အတိုးနှုန်းဖြင့် အတိုးအရင်းပေါင်း ထည့်သွင်းဖော်ပြ၍ ဟန်ဆောင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ရပြီးနောက် ဦးဉာဏ်ဝင်းထွန်းထံသို့ တစ်လလျှင် အတိုးငွေ(၄၈)သိန်းကျပ်နှုန်းဖြင့် (၆)လပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ Covid-19 ကပ်ရောဂါကြောင့် အတိုးငွေများ ဆက်လက်ပေးသွင်းနိုင်မှု မရှိတော့ခြင်းသာ ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းများအား ဒေါ်ခင်မြမှ ဦးဉာဏ်ဝင်းထွန်းထံမှ ပြန်လည်ရွေးနုတ်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်းများအား ဦးဉာဏ်ဝင်းထွန်းအနေဖြင့် အပေါင်ခံထားခြင်းသာဖြစ်၍ မည်သည့်အခါကမျှ လက်ရောက်ရယူပိုင်ဆိုင်နေထိုင်ခဲ့ခြင်းမျိုးမရှိခဲ့ပါ။ ဒေါ်ခင်မြအနေဖြင့် ဖော်ပြပါတိုက်ခန်းများအား ပေါင်နှံထားခြင်းသာဖြစ်၍ ပိုင်ရေးပိုင်ခွင့်အပြည့်အဝတည်ရှိနေပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်ခင်မြ၏ လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးငွေထွန်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၃၇၁)**
**အမှတ်–၁၄/၂၇၊ ဦးဘွားလမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့။**
**ဖုန်း–၀၉–၄၃၀၁၆၆၀၈**
**Email–adepade9@gmail.com**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၂)၊ မင်းမဟော်လမ်းနေ ဦးသိန်းလွင်[၉/မထလ(နိုင်)၀၁၆၈၅၉] ကိုင်ဆောင်သူမှ ၎င်းပိုင်ဆိုင်သည့်မြေကွက် (အလျား၄၀'–၀"xအနံ၄၀'–၀")ပေါ်တွင် အဆောက်အဦ ဆောက်လုပ်ခွင့်တင်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဦးတူးနှင့်သက်ဆိုင်သူများသိရှိနိုင်ရန်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၊ မြို့မ(၁၅)လမ်း၊ မြေကွက်အမှတ်–၁၃၆(ခ)၊ အကျယ် ပေ(၂၀x၆၀)၊ နှစ်(၆၀)ဂရန်၊ နေအိမ်ခြံမြေကို အမည်ပေါက် ဦးတူး[၁၂/သဃက(နိုင်)၀၂၁၆၀၅]ထံမှ ဦးသိန်းဦး[၉/မကန(နိုင်)၀၆၃၆၀၅] က ဝယ်ယူ၊ လက်ရောက်ပိုင်ဆိုင်သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

အဆိုပါနေအိမ်ခြံမြေနှင့်ပတ်သက်၍ ဦးတူးမှ မှတ်ပုံတင်အရောင်းစာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် (၇)ရက်ပြည့်မြောက်သည့်နေ့အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထားနွယ်ခင်**
**(LL.B,D.I.R,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၂၁)**
**အမှတ်–၆၅၃၊ ဇာနည်(၁၄)လမ်း၊ ၉–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၁၉၇၉၃၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ သုဝဏ္ဏနေ အဖ ဦးမင်းအောင်၏သမီး မမေငုဝါအောင်[၁၂/ရကန(နိုင်)၀၈၃၀၁၆] နှင့် မချမ်းမြေ့အောင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမေငုဝါအောင်(ခ)**
**မချမ်းမြေ့အောင်**
**[၁၂/ရကန(နိုင်)၀၈၃၀၁၆]**

သာလွန်ကျော်
အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-447755486

## မီးဘေးရှောင် မလောင်ခင်တား

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှတင်(ထားဝယ်)**

**ဦးဆောင်နာယက-ထားဝယ်အသင်း**

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ၅လမ်း(မြောက်)၊ အမှတ်(၈၁-A)နေ၊ ထားဝယ်အသင်း၏ ဦးဆောင်နာယက ဦးလှတင်သည် ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကအဖွဲ့၊ အမှုဆောင်ကော်မတီ**
**ထားဝယ်အသင်း**

## ကျေးဇူးအထူးတင်ရှိခြင်း

၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၃၀ နာရီတွင် ကွယ်လွန်ခဲ့သော ဗိုလ်မှူးကြီးသာထွန်း(လေ/၁၁၅၃၊ ငြိမ်း)အား မကွယ်လွန်မီ ဆေးဝါးကုသစောင့်ရှောက်ပေးပါသော မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ တပ်မှူးနှင့် ပါရဂူများ၊ အထူးကုများ၊ ဆရာ/ဆရာမများကိုလည်းကောင်း၊ ကွယ်လွန်ပြီးနောက် အစစအရာရာ ကူညီပေးကြသော မင်္ဂလာဒုံလေတပ်စခန်း၊ ဌာနချုပ်မှူးနှင့် အရာရှိ၊ အရာခံအကြပ်တပ်သားတို့ကိုလည်းကောင်း၊ လိုက်ပါပို့ဆောင်ကြသူများ၊ နှစ်သိမ့်အားပေးကူညီကြသူများကို မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်အေး**

**အသက်(၆၉)နှစ်**

ဦးမိုးဝင်းမောင်(M.E.H.S 1968 Batch)၏ ချစ်လှစွာသော ဇနီးဒေါ်ခင်အေးသည် ၁၂-၁၁-၂၀၂၀ ရက်က ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**M.E.H.S 1968 Batch**
**ငယ်သူငယ်ချင်းများ**

## ဦးငွေးဝင်း

**အသက်(၆၈)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ကညန**

အလုံမြို့နယ်နေ ဒေါ်ခင်ရှုဝေ[ဒု-ဦးစီးမှူး၊ ကညန(ငြိမ်း)]၏ ခင်ပွန်း ဦးငွေးဝင်း အသင်းအမှုဆောင်သည် ၂-၁၀-၂၀၂၀ ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစား**

**က.ည.နအငြိမ်းစားဝန်ထမ်းများ လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီ ဦးတင်ငွေး@ Ronald Chit**

**(B.Sc)(Geology) Daisei Corporation, Osaka, Japan**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်လမ်းဆုံ၊ မြို့ပြအိမ်ရာတောင်ဘက်၊ တိုက်(၅)၊ အခန်း(၆)နေ ဟာဂျီမဒေါ်မြမြသိန်း (အတွင်းရေးမှူး၊ မ.အ.ဖ ဌာနချုပ်)၏ ခင်ပွန်းဖြစ်သူ ဟာဂျီဦးတင်ငွေးသည် ၁၂-၁၁-၂၀၂၀ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**
**(မ-အ-ဖ)ဌာနချုပ်**

## ကျေးဇူးအထူးတင်ရှိခြင်း

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ခင်သန်းအေး၏**
**ချစ်လှစွာသော ခင်ပွန်းဖြစ်သည့်**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးရှိန်မြင့်**

**အသက်(၆၈)နှစ်**

**ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ဂုဏ်ထူးဆောင်ဦးစီးမှူး(ပထမတန်း) ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဥက္ကဋ္ဌ၊ လူမှုဂရုဏာအဖွဲ့(အင်းစိန်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရာသက်ပန်အသင်းဝင်)သည် ၁၁-၁၁-၂၀၂၀ရက်၊ နံနက် ၆:၃၀ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပါသည်။ ကျေးဇူးရှင်ခင်ပွန်းကွယ်လွန်အနိစ္စရောက်ရှိသွားသည့် ကိစ္စနှင့်ပတ်သက်၍ ဆွေမျိုး၊ မိတ်သင်္ဂဟများအနေဖြင့် လက်ရှိကပ်ရောဂါအခြေအနေအရ လူကိုယ်တိုင် မလာရောက်နိုင်ကြောင်းကို ကျန်ရစ်သူမိသားစုမှ အပြည့်အဝစာနာနားလည်ပါသည်။ မီးသဂြိုဟ်သည့် ၁၃-၁၁-၂၀၂၀ရက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ အမှုဆောင်နှင့် ဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့၊ ခရိုင်၊ မြို့နယ် ကြက်ခြေနီအသင်းခွဲများနှင့်အဖွဲ့ဝင်များ၊ ရွှေရတုစံပြကြက်ခြေနီအမှုဆောင်ကော်မတီ၊ ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ အသင်းအဖွဲ့များ ၁၉၈၇(ဓာတုဗေဒ)လုပ်သားကောလိပ်မှ သူငယ်ချင်းမိတ်ဆွေများ စသည်တို့မှ ပေးပို့သော လွမ်းသူ့ပန်းခွေနှင့်ပန်းခြင်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးနှင့် အစစအရာရာ ဝိုင်းဝန်းကူညီပေးခြင်းကို ကျေးဇူးအထူးပင်တင်ရှိပါသည်။ ထို့အတူ နာရေးပို့ဆောင်ပေးသော အမှုဆောင်လူကြီးများ၊ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ၁၉၈၇(ဓာတုဗေဒ)လုပ်သားကောလိပ်မှ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများကို ကပ်ရောဂါဘေးမှ ကင်းဝေးစေရေးအလို့ငှာ Covid 19 ကာကွယ်ရေးအစီအမံများဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျန်ရစ်သူမိသားစုကို သတင်းစာ၊ တယ်လီဖုန်း၊ Social Media များမှတစ်ဆင့် မေတ္တာ၊ ဂရုဏာဖြင့် အလေးအမြတ်ပြုပြီး စာနာပေးကြခြင်းကိုလည်း အထူးတန်ဖိုးထား ကျေးဇူးတင်ရှိပါသည်။

၁၇-၁၁-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကျန်ရစ်သူမိသားစုမှ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ချိုချဉ်အရသာတို့ကိုလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်းကောင်း သဒ္ဓါကြည်ဖြူ ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းသွတ်တရားတော်နာပြုလုပ်ပြီးဖြစ်ပါ၍ သာဓုအနုမောဒနာခေါ်ဆိုပြီး သံဝေဂယူ ဘာဝနာပွားများတော်မူနိုင်ကြပါစေကြောင်း လေးမြတ်သောစိတ်ထားဖြင့် အသိပေးဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်**
**အလှူဒါယကာကြီး**

**သုဓမ္မမဏိဇောတဓရ ဦးဝင်း**

**အသက်(၇၃)နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဗုဒ္ဓဝိဟာရဓမ္မာရုံကြီး၏ ဂေါပကဥက္ကဋ္ဌ ဦးရွှေဖြိုး-ဒေါ်အေးမြင့်ခိုင်တို့၏ ဖခင်ကြီး သုဓမ္မမဏိဇောတဓရ ဦးဝင်းသည် ၁၃-၁၁-၂၀၂၀ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗုဒ္ဓဝိဟာရ ဓမ္မာရုံ ဂေါပကအဖွဲ့ဝင်များ**
**ဈေးကလေးရပ်ကွက်**
**ကြည့်မြင်တိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးခင်မောင်လင်း (ငြိမ်း)**

**အဖွဲ့ဝင်**

**ပါရာဒီဆိုရုပ်ရှင်ရုံလုပ်ငန်းစု**

**အသက်(၆၅)နှစ်**

မကွေးမြို့နေ (ဦးသိန်းမောင်)၊ (ဒေါ်အုန်းမြင့်)တို့၏ သား၊ ဒေါ်အိအိလွင်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုး၊ မပြည့်မို့မို့တို့၏ဖခင် ဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း)သည် ၁၄-၁၁-၂၀၂၀ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ပါရာဒီဆိုရုပ်ရှင်ရုံလုပ်ငန်းစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**(1994 Batch အထက-၅၊ ဗိုလ်တထောင်ကျောင်းသားဟောင်း)**

**ဦးမျိုးသိန်းထွန်း**

**အသက်(၄၄)နှစ်**

**Vice President MAB Bank**

အထက(၅) ဗိုလ်တထောင်ကျောင်းသားဟောင်းအသင်းကြီး၏ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဆရာများ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးသိန်းထွန်းသည် ၁၅-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အသင်းကြီး၏ လူမှုရေးကိစ္စရပ်များနှင့်အသင်းကြီး တိုးတက်ရာတိုးတက်ကြောင်းများကို အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်ပေးခဲ့သည့်အတွက် အသင်းအနေဖြင့် ကြီးမားသော ဆုံးရှုံးမှုဖြစ်ပြီး ထိုသို့ဆောင်ရွက်ခဲ့သည်များကို ကျောင်းသားဟောင်းအသင်းမှ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ကိုမျိုးကောင်းရာသုဂတိလားပါစေ။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**အထက(၅) ဗိုလ်တထောင်ကျောင်းသားဟောင်းအသင်း**

## ကျေးဇူးအထူးတင်ရှိခြင်း

၇-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ပါမောက္ခ ဒေါက်တာအောင်ကျော် အသက်(၉၀) (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဆရာဝန်ကြီး-ငြိမ်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏ နာရေးကိစ္စတွင် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးပါသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လူကိုယ်တိုင် လာရောက်နိုင်ခြင်း မရှိပါဖြင့် Telephone, E-mail, facebook, Messenger တို့မှ စာနာမှုအပြည့်ဖြင့် နှစ်သိမ့်ပေးပါသော အကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အသင်းအဖွဲ့များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လိုက်လှဲစွာဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါက်တာဥမ္မာမိုးမြင့်**

**အသက်(၆၃)နှစ်**

၉-၁၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားသည့် ဒေါက်တာဥမ္မာမိုးမြင့် နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံး၌လည်းကောင်း၊ ဆုံးပါးသွားပြီးနောက် ဈာပနကိစ္စအဝဝကို ပြီးစီးသည့်တိုင် ဆောင်ရွက်စဉ်ကာလ၌ လည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ရပ်နီးရပ်ဝေးမှဆွေမျိုးများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု ဦးမိုးမြင့်၊ ဦးစည်သူမိုးမြင့်၊ ဦးဖုန်းကျော်မိုးမြင့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၂၀ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၁)ပါ အထူးဝမ်းနည်းကြေကွဲခြင်း ဦးလင်းမြင့်လှိုင်(ကိုလင်း) အသက်(၆၃)နှစ် ကြော်ငြာတွင် (၁၉၇၅-၇၆) ပညာသင်နှစ်တွင် ရန်ကုန် ဝ/သ တက္ကသိုလ်တက်ရောက်ပြီး ၁၉၈၁၊ ၁၉၈၂ နှင့် ၁၉၈၃ ခုနှစ် အသီးသီးတို့တွင် B.Sc. (Forestry) ဘွဲ့ရ သူငယ်ချင်းများဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဦးခင်မောင်သိန်း(တောင်ငူ)

**ညွှန်ကြားရေးမှူး၊ ကညန(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်တင်စိန်(ငါး/ဦးစီး)၏ခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၃-၁၁-၂၀၂၀ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်ထူ ဝမ်းနည်းကြေကွဲရပါသည်။

**က.ည.န အငြိမ်းစားဝန်ထမ်းများ လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

**ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီ အမျိုးသမီးဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ (ရန်ကုန်)**

**“ပန်းတင့်ရတနာစံကျောင်းတော်ကြီး”**

**သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ (ပဲခူး) ဆွမ်းစားကျောင်းတော်ကြီး၊**

**ဣန္ဒာသယစံကျောင်းတော် (အင်းတကော်မြို့)တို့၏ ကျောင်း ဒါယိကာမကြီး**

## သီရိသုဓမ္မသိင်္ဂီဒေါ်ခင်တင့် (မိုးကုတ်)

**အသက်(၈၃)နှစ်**

“ပန်းတင့်ရတနာ” စိန်ရွှေရတနာရောင်းဝယ်ရေးနှင့် ရတနာအရောင်တင်လုပ်ငန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်သောကြောင့် မိသားစုအတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်ခဲ့ရပါသဖြင့် အထူးပင်ကြေကွဲဝမ်းနည်းခဲ့ရပါကြောင်းနှင့် ကျေးဇူးရှင် ပန်းတင့်ရတနာမိခင်ကြီး ကောင်းမွန်ရာ သုဂတိဘုံဘဝသို့ ရောက်ပါစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ပန်းတင့်ရတနာမိသားစု**

## ကြော်ငြာ

### အနန္တကျေးဇူးရှင် ဖခင်ကြီး၊ မိခင်ကြီးနှင့် ညီငယ်/မောင်လေး တို့အတွက် ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုများကို နှစ်ပတ်လည် အမျှပေးဝေခြင်း

■ အနန္တကျေးဇူးရှင် ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ ဒါယကာကြီး ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း)(တောင်သာ) (၄)နှစ်ပြည့် (၁၅-၁၁-၂၀၁၆)မှ (၁၅-၁၁-၂၀၂၀)

■ အနန္တကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်တင်အေး (ဒိုက်ဦး) (၁၅) နှစ်ပြည့် (၁၇-၁၁-၂၀၀၅)မှ (၁၇-၁၁-၂၀၂၀)

■ ညီငယ်/မောင်လေး ကိုထွန်းနိုင်အေး (၁၄)နှစ်ပြည့် (၁၇-၁၂-၂၀၀၆)မှ (၁၇-၁-၂၀၂၀)

★ အနန္တကျေးဇူးရှင် ဖေဖေ၊ မေမေနှင့် ကိုထွန်းနိုင်အေးတို့အား ရည်စူး၍ ကျန်ရစ်သူ သား၊သမီး၊ မြေး၊ မြစ်တစ်စုတို့က နေ့စဉ် လစဉ် အလှူဒါနများ ပြုလုပ်လှူဒါန်း၍ အမျှပေးဝေခဲ့ကြပါတယ်။

★ သား၊ သမီး၊ မြေး၊ မြစ်တစ်စုတို့က နေ့စဉ်၊ လစဉ်လှူဒါန်းမှုများနှင့် ယခုနှစ်ပတ်လည် ကျရောက်သည့် ၁၅-၁၁-၂၀၂၀ ရက်နှင့် ၁၇-၁၁-၂၀၂၀ ရက် လှူဒါန်းမှုများ အပါအဝင် လှူဒါန်းခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂတို့ကို ဖေဖေ၊ မေမေနှင့် ကိုထွန်းနိုင်အေးတို့အား အမျှပေးဝေပါတယ်။

**ဖေဖေ၊ မေမေနှင့် ကိုထွန်းနိုင်အေးတို့ရေ အမျှ၊ အမျှ၊ အမျှ ရောက်ရှိရာ မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ကြပါစေ။**

**သား၊ သမီး၊ မြေးများနှင့် မြစ်ကလေး မောင်မင်းသံလွင်ထွန်း (မောင်နီတာ)**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင် (ကသဲကုန်း)

### အသက်(၈၇)နှစ်

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်နိုင် (MD-KOL GLOBAL CO.,LTD)-ဒေါ်ပိုက်ပိုက်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်သည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEF)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

### ဒေါ်သန်းရှင်(ပြည်မြို့)

### အသက်(၉၅)နှစ်

ပြည်မြို့၊ အမှတ်(၁၀၉)၊ လမ်းမတော်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်နေ (ဦးထွန်းအောင်)၏ ဇနီး၊ ဦးအေးမြင့် - ဒေါ်ထိန်ထိန်ဝင်း၊ ဒေါက်တာသီတာမြင့် - ဒေါက်တာစိုင်းဝန်းလတ်ဆိုင်၊ ဒေါက်တာသန်းလွင်-ဒေါ်အေးသိမ်း၊ ဒေါက်တာခင်ခင်မြင့်-ဦးဘိုလတ်၊ ဒေါ်စန်းစန်းမြင့်-ဦးသိန်းနိုင်၊ ဦးမြင့်လွင်-ဒေါ်နီနီသင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၅-၁၁-၂၀၂၀ ရက် ည ၇:၀၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် အမှတ်(၆၈)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

#### မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

### ဦးစံရွှေ (နာယက)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၄)၊ သုံးလွှာ(အေ)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်ဖြစ်သူ ဦးစံရွှေ (စ/၆၀)သည် ၁၅-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့




နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဩဝါဒါစရိယနှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒသာသနာ့နုဂ္ဂဟအသင်းကြီး(ဗဟို)၏ ဩဝါဒါစရိယလယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ

### ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသ(ကလေးဝဆရာတော်)

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက၊ စေတိယင်္ဂဏပဝရသီရိမဟာဓမ္မဂုရု**

**သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ နာဂလှိုဏ်ဂူကလေးဝတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁:၅၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော်ကန်တော့၍ လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### အင်ခေ့ဝမ်(ခ)ဦးထွန်းမြင့်

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇၉)၊ အနော်ရထာလမ်း၊ ငါးလွှာ၊ လမ်းမတော်မြို့နယ်နေ လူဘီးတင်း(ခ)ဒေါ်မြင့်မြင့်ဝင်း၏ ခင်ပွန်း၊ ဦးကြည်လွင်-ဒေါ်သီသီဆန်း (Tun Myat Thu Int'l Co.,Ltd.)၊ (မောင်သန်းထွန်း)၊ မောင်ထွန်းထွန်းတို့၏ ကျေးဇူးရှင်ဖခင်၊ ဦးခင်ဝင်း(ခ)ဦးအန်းကီး-ဒေါ်ခင်စန်းဝင်း၊ ငေါ်စုန်းစင်း-ဒေါ်ထွေးတို့၏ ညီ/အစ်ကို၊ တူ/တူမ ၁၉ယောက်တို့၏ ဦးလေး၊ (မောင်အောင်မျိုးခန့်)၊ မကြည်လင်းသန့်၊ မောင်ဉာဏ်မင်းခန့်၊ မောင်ပြည့်စုံခန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူကျန်သုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

# ဦးမျိုးဝေ(ပုသိမ်)(ဦးချိုဆန်စက်)

## အသက်(၇၉)နှစ်

ပုသိမ်မြို့၊ ကွမ်းခြံရပ်နေ (ဦးစွန်မိုင်း-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဒေါ်အေးအေးလွင်(ခ)ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဦးရဲဝင်း-ဒေါက်တာဝင်းသီတာလွင်၊ ဦးမျိုးကျော်ကျော်ဦး-ဒေါ်နွေဦးခိုင်၊ ဦးဇော်မျိုးလွင်-ဒေါက်တာသဇင်ဦး၊ ဦးသက်နိုင်ထွန်း-ဒေါက်တာမြထွေးယဉ်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးမျိုးဝေသည် ၁၆-၁၁-၂၀၂၀ရက် မွန်းလွဲ ၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃:၅၅နာရီတွင် သရောင်းချောင်းမီးသင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ဦးမောင်မြင့်

### အသက်(၈၈)နှစ်

**(ကျောက်ပန်းတောင်းမြို့နယ်အသင်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၈)နေ ဒေါ်စန်းတင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဝင်း (AE-ငြိမ်း၊ ဆောက်လုပ်ရေး)-ဒေါ်ခင်ဝင်းကြည်၊ (ဦးသန်းဝင်း-ဒေါ်ခင်ဝင်းရီ)၊ ဦးဇော်ဝင်း (ဒု-ညွှန်ချုပ်-ငြိမ်း၊ ထွေ/အုပ်)-ဒေါ်ခင်ဝင်းမြင့်၊ (ဦးတင်ဝင်း)-ဒေါ်မူမူအေး (ခရိုင်ထွေအုပ်ရုံး၊ မြောက်ပိုင်းခရိုင်)၊ ဗိုလ်မှူးကြီးထွန်းထွန်း(ငြိမ်း) [အထွေထွေမန်နေဂျာ AIPT(1)]-ဒေါ်တင်သီတာဝင်းတို့၏ ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ အင်းစိန်ဖောင်တော်ဦးရပ်တော်မူဘုရားကြီး ဒါယကာ၊ စန္ဒကူးပရိယတ္တိစာသင်တိုက်၊ သာသနာ့မဇ္ဈူသိမ်ကျောင်းဒါယကာ၊ ရွှာမပရိယတ္တိစာသင်တိုက်၊ ပဓာနဆရာတော်၊ မဟာသံ့သာရဆရာတော်၊ စန္ဒကူးဆရာတော်တို့၏ ရဟန်းဒါယကာကြီး ဦးမောင်မြင့်သည် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၅၅ နာရီတွင် ကန်သာယာ အထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၆-၁၁-၂၀၂၀ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မြင့်

### အသက်(၈၀)

**ငွေစာရင်းမန်နေဂျာ၊ ကုန်သွယ်လယ်ယာ(ငြိမ်း)**

**မအူပင်မြို့**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ (၅)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၄)နေ ဦးစိန်ဒိုင် (မြို့နယ်မန်နေဂျာ-ငြိမ်း၊ ကုန်သွယ်လယ်ယာ)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာဇော်နိုင်ဦး-ဒေါ်မေဝင်းသူ၊ ဦးကျော်ကျော်နိုင်-ဒေါ်အိအိခိုင်၊ ဦးအောင်ကျော်ခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဇွန်လဲ့ရတီလင်း၊ မောင်ရှိုင်းဘုန်းပြည့်၊ မဖွေးမြတ်ကြည်လင်သန့်၊ မောင်ထွဋ်အောင်လင်းတို့၏ ချစ်လှစွာသောအဘွားသည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၉:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်အောင်

**BE Petroleum**

### အသက်(၆၈)နှစ်

ပခုက္ကူမြို့နေ (ဦးဖိုးလုံ-ဒေါ်လှစိန်)တို့၏ သား၊ အမှတ်(၅၆၅/B)၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကြည်ကြည်ယဉ်၏ ခင်ပွန်း၊ ကိုဝေဘုန်းအောင်-မမေမိုးသူ၊ မဟန်တီတီစိုး၊ ကိုပြည့်ဘုန်းအောင်တို့၏ ဖခင်၊ မိုးစက်သစ်၊ ရှင်းခန့်အောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၀ (စနေနေ့) တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

## မိုဟာမက်အလီ(ခ)ဦးမြင့်သိန်း (တရားလွှတ်တော်ရှေ့နေကြီး)

### အသက်(၆၆)နှစ်

**(လှည်းကူး)**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဒါးပိန်လမ်းခွဲနေ ဦးမြညွှန့်-ဒေါ်ကြည် တို့၏ သား၊ ဦးသန်းဝင်း-ဒေါ်ကျော့ကျော့စိုး၊ ဒေါ်တင်မိ၊ ဦးညွှန့်ဝေတို့၏ ညီ/မောင်၊ ဦးတင်ကျော်-ဒေါ်လှလှအေး၊ ဦးစန်းလွင်-ဒေါ်စန်းစန်းအေး၊ ဦးဝင်းနိုင်-ဒေါ်နုနုဝေ၊ ဒေါ်ဝါဝါဝင်းသန်းတို့၏ အစ်ကို၊ ဗိုလ်ကြီးထက်ဇော်-မချစ်စုဝေနိုင်၊ မောင်တိုးတက်ဝေနိုင်၊ မချောအိဝေနိုင်တို့၏ ဘကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ(၄)လမ်းနေ ဦးအောင်သိန်း-ဒေါ်အေးမြင့်တို့၏ သားကြီး၊ ဦးစိန်မြ-ဒေါ်ခင်လှဝေ၊ ဦးကျော်သူ၊ ဒလမြို့နယ်နေ ဦးကျော်နိုင်-ဒေါ်လှလှဝင်းတို့၏အစ်ကိုကြီး၊ မင်္ဂလာတောင်ညွန့်၊ သပြေကုန်းရပ်ကွက်နေ ဦးဝင်းတင်(ဝင်းလတ်စ်အလှကုန်)-ဒေါ်ခင်မြင့် (မ-ထ-သ အထူးယာဉ်ကြီးများပိုင်ရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ စက်မှု(၂)လမ်း၊ အမှတ်(၈၂)နေ ဒေါ်ခင်ဝင်းမြင့် (ကျောင်းအုပ်ကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မျိုးမင်း၊ ကိုမျိုးသီဟ-မအေးမြတ်မြင့်မိုရ်၊ ကိုအောင်ကိုကိုတို့၏ ချစ်လှစွာသောမွေးသဖခင်ကြီး၊ မနှင်းနှင်းအေး၊ မောင်ကောင်းမြတ်သူ-မခင်မြတ်သူ၊ မောင်ဘိုဘိုနိုင်-မနှင်းသန့်ဖြူ၊ မောင်စိုးထွဋ်အောင်တို့၏ ဘကြီး၊ မောင်ဟိန်းသန့်ကိုကို(ပညာအောင်မြေ)၊ မောင်အဲလက်စ်ကိုကို၊ မဆောင်းရွှေရည်၊ မောင်ဇွဲရဲရင့်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးမြင့်သိန်း (တရားလွှတ်တော်ရှေ့နေကြီး) သည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၉:၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) တွင် မြှုပ်နှံပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

သင့် သွေး ဖြင့် အ သက် ကယ် ပါ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးစိန်

### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၈/၃၀)(အေ)၊ မြေညီထပ်နေ (ဦးထွန်းဖေ)- (ဒေါ်နန်းငြိမ်း) တို့၏သမီး၊ (ဦးအောင်စိန်) (မော်တော်ကား ဘော်ဒီပြုပြင်ရေး) ၏ ချစ်လှစွာသောဇနီး၊ (ဦးကျော်ဝင်း)၊ (ဦးဘမောင်)-ဒေါ်အေးမြင့်၊ ဦးရီဝင်း-ဒေါ်အေးအေးသိန်း၊ ဦးမင်းသူ-ဒေါ်သန်းသန်းမြင့်၊ (ဦးသန်းဝင်း)- ဒေါ်သန်းသန်းစိုး၊ ဦးစန်းလွင်- ဒေါ်ကြည်ကြည်မြင့်၊ ဦးလှအောင်-ဒေါ်ခင်အေးမွန်၊ ဦးခင်မောင်အေး-ဒေါ်သန်းသန်းကြည်၊ (ဦးအောင်ကျော်ဦး)၊ (ဦးထွန်းအောင်)၊ (ဦးခင်အောင်)၊ ဦးထွန်းလင်း-ဒေါ်တင်တင်ထွေး တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး(၂၇)ယောက်၊ မြစ်(၂၇)ယောက်တို့၏ အဘွားသည် ၁၆-၁၁-၂၀၂၀ ရက်၊ နံနက် ၆ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုလ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်အုံးကျင် (ခ) ဒေါ်ဘီဘီဂျန် (မုဒုံ)

### အသက် (၈၆)နှစ်

အမှတ်(၁၄၄/ခ)၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်နေ [စက်ဆရာကြီး ဦးအာဒမ်(မုဒုံဝါရှော့)]၏ ဇနီး၊ တရားလွှတ်တော်ရှေ့နေ ဟာဂျီဦးစိုးဝင်း၊ ဟာဂျီမဒေါ်တင်မြအေး (လ/ထ ကထိက-ငြိမ်း၊ T.U သန်လျင်)၊ ဦးဝင်းမြင့် (မုဒုံဝါရှော့)-ဒေါ်အေးသိန်း၊ ဦးတိုးတိုး (ကော့ကရိတ်ဝါရှော့)-ဒေါ်ချိုစန်း၊ မစိန်အေး၊ မဥမ္မာခိုင်တို့၏မိခင်၊ မြေး ငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဟာဂျီမ ဒေါ်အုံးကျင်(ခ) ဒေါ်ဘီဘီဂျန်သည် ၁၆-၁၁-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ် အမိန့်ခံယူသွားပါသဖြင့် ၁၇-၁၁-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးစန္နီဥယျာဉ်တော်၌ ဒါဖနာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းသန်း(ခ) ဦးဘာဘူ

### အသက်(၇၀)

မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာလမ်းနေ ဦးသန်းမောင်- ဒေါ်မြကြည်တို့၏သား၊ ဒေါ်ခင်သန်းနွယ်-(ဦးခင်ဇော်)၊ ဒေါ်ညွန့်ညွန့်သန်း၊ ဦးမောင်မောင်သန်း၊ ဒေါ်စိတြဉာဏီ၊ ဒေါ်ခင်ဆွေသန်း- ဦးမြင့်အောင်တို့၏မောင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်မိုးသီတာသန်း-(ဦးမြင့်ကြည်)တို့၏ အစ်ကိုဖြစ်သူ ဦးဝင်းသန်း(ခ) ဦးဘာဘူသည် (၅-၁၁-၂၀၂၀)(ကြာသပတေးနေ့) နံနက်(၈)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ထိုနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်မြင့်သိန်း

**(ရုံးအုပ်/က.က ငွေ -ငြိမ်း)**

### အသက်(၇၀)

မုံရွာမြို့၊ ဆူးလေကုန်းရပ်နေ ဦးအောင်စွာ-ဒေါ်ခင်မေသိန်း၏ညီမ၊ ဦးရီဝင်း-ဒေါ်ခင်မော်သိန်း၊ ဦးလှဝင်းမောင်-ဒေါ်ခင်ဝင်းသိန်း၊ (ဦးသိန်းထွဋ်)-ဒေါ်မြင့်မြင့်ဦး၊ ဥူးဣန္ဒာဝုဓ၊ ဦးတင်ကိုကို-ဒေါ်မိုးမိုးမြင့် တို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၃၉၈)၊ ယသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်တင်(လ/ထ ညွှန်မှူး-ငြိမ်း၊ က.က.ငွေ၊ လ/ထ မန်နေဂျာ-ငြိမ်း- M.E.H.L)၏ဇနီး၊ ဦးမျိုးသန့်ထွန်း (စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်ကြူကြူလင်း၊ ဦးမျိုးမင်းသိန်း(က.ည.န) - ဒေါ်အိအိခင်(အလယ်တန်းပြ၊ အထက-၃၊ သဃ်န်းကျွန်း)တို့၏မိခင်၊ မြေး(၃)ယောက်တို့၏ ချစ်လှစွာသော အဘွား ဒေါ်ခင်မြင့်သိန်းသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၀ရက်၊ ၁၀:၃၀နာရီတွင် ရေဝေးသုသာန်၌ မြေချသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးသာထွန်း‌ဇ (ငြိမ်း)

လေ/၁၁၅၃၊ တပ်မတော်(လေ)၊ ငြိမ်း

**ENGINEERING NEW COURSE**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ (ဆရာဝန်ကြီး ဦးကျော်ဇော-ဒေါ်စိုးမြဦး)တို့၏ သား၊ စစ်တွေမြို့နေ (ဦးမြထွန်းသာ-ဒေါ်အေးသာ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဒေါ်သာနုဝေ)၏ ခင်ပွန်းသည် ၁၂-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားတပ်မတော်(လေ)မှ**
**အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းခိုင်

အမှုဆောင်ဒုတိယ ဥက္ကဋ္ဌ(၂) (Shwe Bank)

### အသက်(၈၆)နှစ်

သူငယ်ချင်း ဒေါက်တာမောင်မောင်စိုးဝင်းခိုင်၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးသိန်းခိုင် အသက်(၈၆)နှစ်သည် ၁၄-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၉၁ Batch B.V.S မှ အတန်းဖော်ချစ်သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ချစ်

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ ဦးမောင်မောင်ခြံလမ်းသွယ်၊ အမှတ်(၆၈/၁၃)၊ အခန်း(၆၀၃)နေ (ဒေါ်တင်လှ)၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးခင်မောင်ချစ် သည် ၁၁-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(ပြည်ပရောင်း)နှင့်**
**အရာထမ်း/အမှုထမ်းများ**
**မြန်မာ့သစ်လုပ်ငန်း**

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံရွှေ (မာန်အောင်)

**အလယ်တန်းကျောင်းအုပ်(ငြိမ်း)**

### အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးထွန်းအေး-ဒေါ်ညိုအောင်)တို့၏ သား၊ (ဦးဖိုးကြည်-ဒေါ်အေးနု)တို့၏ သားသမက်၊ ဒေါ်ခင်အေးကြည် ၏ ခင်ပွန်း၊ ဦးစောလွင်-ဒေါ်ခင်မိမိစံ၊ ဦးသိန်းလွင်-ဒေါ်ခင်မီမီစံ၊ ဦးမြင့်လွင်-ဒေါ်ခင်မိုးမိုးစံ၊ ဒေါ်ခင်မျိုးမျိုးစံ (ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၄)၊ သုံးလွှာ(အေ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဦးမောင်

### အသက်(၈၀)

**ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (I.W.T) ငြိမ်း (စက်ဘက်ဌာန)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ အမှတ်(၄၅)၊ ရန်ကင်းလမ်းနေ (ဦးစံမောင်-ဒေါ်နှင်းဆီ)တို့၏ သားကြီး၊ (ဦးအောင်မြတ်ကျော်)-ဒေါ်လှအေး၊ ဒေါ်တင်တင်ဝင်း (I.W.T)(ငြိမ်း)၊ (ဒေါ်အေးအေးသင်း)တို့၏ အစ်ကိုကြီး၊ ဦးသန်းဋ္ဌေးကျော်-ဒေါ်ခင်သီတာ၊ ဦးလှအောင်ကျော်-ဒေါ်စာတိုမီမီဇူတ၊ ဦးမြတ်သူ-ဒေါ်ခင်ကျော့ဝေ၊ မမေရှုပါကျော်တို့၏ ဦးလေး၊ မောင်ကောင်းထက်ဝေ၊ မောင်ပြည့်ထူးခန့်တို့၏ အဘိုးသည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် တောင်ဥက္ကလာပ၊ အမျိုးသမီးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးကျော်အေး

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(ငြိမ်း)**

**မြောက်ဒဂုံ/ စာရင်းကိုင် (၁)**

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/နောက်ရပ်ကွက်၊ အမှတ်(၁၉)၊ ဓမ္မပါလလမ်းနေ (ဦးစံညွှန့်-ဒေါ်မိ) တို့၏ သား၊ ဒေါ်ခင်စိန်လှိုင် (သမဝါယမဦးစီးဌာန-ရန်ကင်း-ငြိမ်း)၏ ခင်ပွန်း၊ (ဦးခင်ဇော်)-ဒေါ်သန်းမြိုင်တို့၏ အစ်ကို၊ ဦးလှမျိုး (Model Pharma Co.,Ltd.)-ဒေါ်တင်တင်ရီ (သမဝါယမဦးစီးဌာန၊ မှော်ဘီမြို့နယ်)၊ (ဦးဇော်မျိုးအောင်)၊ ဦးသန့်ဇင်(တင့်ကားတပ်ရင်း၊ ပျော်ဘွယ်)-ဒေါ်ခင်မိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မမေဇော်ဦး(Steel Stone Co.,Ltd.)၊ မကေကေဖုန်းဆင့်၊ မဇင်သော်တာရတီထွန်း၊ မောင်စစ်နိုင်တို့၏ အဘိုးသည် ၁၅-၁၁-၂၀၂၀ ရက် မွန်းလွဲ ၁၂:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Naw Angelina

### အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးစောဖရင့်ကလီ-ဒေါ်အယ်ဒီလာ)တို့၏သမီးကြီး၊ ဦးစီကေစံဘို-ဒေါ်နိုးနာစ်ဘို့တို့၏သမီးချွေးမ၊ ဦးချားလ်ဖရင်ကီ-ဒေါ်နော်ဖရီဒါတို့၏အစ်မ ဒေါ်ကယ်လစ်စတာမင်း-ဦးလျှံကြယ်၊ (ဒေါ်ဂျုံးအောင်သာ)တို့၏တူမ အမှတ်(၁၂၁)၊ ချယ်ရီလင်း၊ ပြင်ဦးလွင်မြို့နေ ဦးစောမိုက်ကယ်စံဘို၏ဇနီး နော်သင်းသင်းရွှေ၏မိခင်သည် ၁၅-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ည ၉:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်ပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်တင်မိုးမိုးထွဏ်း

### အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ [ဦးတင်ထွဏ်း (ယာဉ်/စက်-ငြိမ်း)]-ဒေါ်တင်တင်အေး (ဝါးခယ်မ)တို့၏ သမီးကြီး၊ (ဦးမြင့်သိန်းအောင်)-ဒေါ်မေမြင့် (အထက-၈၊ ငြိမ်း)တို့၏ သမီးချွေးမ၊ [ဦးဇော်ဇော်(ခ)ဦးကျော်ဝဏ္ဏ]၏ ဇနီး၊ ဦးရှင်းသန့်ဇော်ဇော်-ဒေါ်ခင်စန္ဒာလင်း၊ မဟန်ချိုပန်းနုရောင်တို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်တင်မိုးမိုးထွဏ်းသည် ၁၆-၁၁-၂၀၂၀ ရက် နံနက် ၁၂:၅၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၈-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# နိုဝင်ဘာ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၆၇ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၅-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၃၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၆၇) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
(၁၆-၁၁ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၄၀) ခု | (၂၄၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၇၂) ခု | (၁၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုံရွာ) | (၂၂၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇၀) ခု | (၃၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၆) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၅၄) ခု | (၃၄၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၂၃၄) ခု | (၅၀၁) ဦး |
| **စုစုပေါင်း** | **(၁၄,၃၈၇) ခု** | **(၁,၁၆၇) ဦး** |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**ယူနန်ပြည်နယ်အစိုးရက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ယွမ်သိန်း ၄၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်း**

စာမျက်နှာ » ၄

- - - - - - - - - -

**ရုရှားနိုင်ငံထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ ၁၀ သန်း ဝယ်ယူမည်ဟု ဗင်နီဇွဲလားသမ္မတ မာဒူရို ပြောကြား**

စာမျက်နှာ » ၁၂

- - - - - - - - - -

**အာဏာလွှဲပြောင်းရေးအတွက် ဂျိုးဘိုင်ဒင်၏ အာဏာလွှဲပြောင်းရေးဆိုင်ရာအဖွဲ့ သမ္မတထရမ့်အား တိုက်တွန်း**

စာမျက်နှာ » ၁၃

# ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၀၇၈၂ စုအတွက် ထောက်ပံ့ငွေများပေးအပ်

**အမ်း နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၁၀၇၈၂ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်က ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ထိုသို့ ထောက်ပံ့ငွေပေးအပ်ရာတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအေးက ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှတစ်ဆင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻



# မြန်မာ့လက်ရွေးစင်အသင်း ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်တွင် အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်



ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် ဂျပန်အသင်း ယှဉ်ပြိုင်ခဲ့စဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်း မရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းသည် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်တွင် အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ကျင်းပနိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းခဲ့ရသည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများနှင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ကပ်ရောဂါအခြေအနေကြောင့် လက်ရှိအချိန်ထိ လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ မတ်လကသာ ကာလတိုလေ့ကျင့်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးက ကိုင်တွယ်လျက်ရှိသည်။ အန်တွမ်နီဟေးသည် မြန်မာအသင်းကို ဒုတိယအကြိမ်ကိုင်တွယ်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ခန့်အပ်ခံရခြင်းဖြစ်သည်။ အန်တွမ်နီဟေးလက်ထက်တွင် မြန်မာအသင်းသည် နိုင်ငံတကာခြေစမ်းပွဲ တစ်ပွဲ၊ ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲသာ ကစားရသေးပြီး သုံးပွဲစလုံးအနိုင်ရထားသည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သုံးပွဲဆက်တိုက်အရေးနိမ့်သော်လည်း နောက်ဆုံးနှစ်ပွဲတွင် အနိုင်ရခဲ့သောကြောင့် အုပ်စုစတုတ္ထနေရာသို့ တက်လှမ်းလာနိုင်ပြီး ဒုတိယနေရာရအသင်းနှင့် တစ်မှတ်သာကွာဟလျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများကို မတ်နှင့် ဇွန်လတို့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီး ကျင်းပမည့်ရက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍